
# မာတိကာ

DRAFT
August 2012

စာမျက်နှာ

| | |
|---|---|
| အခန်း (၁) နိဒါန်း | ၂ |
| အခန်း (၂) လိုအပ်ချက်နှင့်လိုအင်ဆန္ဒ | ၃ |
| အခန်း (၃) ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု | ၄–၅ |
| အခန်း (၄) ရှားပါးမှုနှင့်ရွေးချယ်မှု | ၆ |
| အခန်း (၅) ငွေကြေး နှင့်ဘာတာ | ၇–၁၃ |
| အခန်း (၆) ဈေးနှုန်းများ | ၁၄ |
| အခန်း (၇) ရောင်းလိုအားနှင့်ဝယ်လိုအား | ၁၅–၁၈ |
| အခန်း (၈) ငွေကြေးဖောင်းပွမှု | ၁၉–၂၄ |
| အခန်း (၉) အခွန် | ၂၅–၂၈ |
| အခန်း (၁၀) ကုန်ထုတ်လုပ်ခြင်း | ၂၉–၃၅ |
| အခန်း (၁၁) အလုပ်အကိုင်ရရှိမှု၊လုပ်ငန်းခွင်အခြေအနေနှင့်အလုပ်သမားသမဂ္ဂများ | ၃၆–၃၉ |
| အခန်း (၁၂) ရေနံ | ၄၀–၄၂ |
| အခန်း (၁၃) စီးပွားရေးညွန်ကိန်းများ | ၄၃–၄၅ |
| အခန်း (၁၄) စီးပွားရေးစနစ်များ | ၄၆–၄၈ |
| အခန်း (၁၅) ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေး | ၄၉–၅၂ |
| အခန်း (၁၆) အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး | ၅၃–၆၀ |
| အခန်း (၁၇) ကုန်သွယ်ရေးအဖွဲ့အစည်းများ | ၆၁–၆၃ |
| အခန်း (၁၈) စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း | ၆၄–၇၂ |
| အခန်း (၁၉) ဘဏ္ဍာရေး အကြပ်အတည်း | ၇၃–၇၈ |
| ပြန်လှန်သုံးသပ်ခြင်း | ၇၉ |

# အခန်း (၁) နိဒါန်း



ဘောဂဗေဒဆိုတာပျင်းစရာကောင်းတဲ့
ဘာသာရပ်၊ငွေအကြောင်းချည်းဘဲ ပြောနေတဲ့
ဘာသာရပ်ပဲလို့ လူတွေကတစ်ခါတလေထင်ကြတယ်။

ဒါပေမဲ့တချို့လူတွေကတော့လူတွေ
အသက်ရှင်ရပ်တည်ဖို့ပြည့်စုံလုံလောက်တဲ့ကမ္ဘာ
တစ်ခုကိုဖန်တီးပေးချင်ကြတယ်လေ။အဲဒီမှာ ဘောဂဗေဒဆိုတာ
စတော့တာပဲ



စဉ်းစားခိုင်းခြင်း

**၁။** ဘောဂဗေဒဟူသည်အဘယ်နည်း

## ဘောဂဗေဒဟူသည်အဘယ်နည်း

ဘောဂဗေဒဆိုသည်မှာလူတို့၏လိုအပ်ချက်နှင့်လိုအင်ဆန္ဒများအကြောင်းလေ့လာသောပညာရပ်ဖြစ်သည်။တစ်နည်း အားဖြင့်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊သုံးစွဲစားသုံးခြင်းတို့ကိုလေ့လာခြင်းပင်ဖြစ်သည်။ ဘောဂဗေဒဘာသာရပ်တွင်အဓိကအာရုံစိုက်စဉ်းစားသည့် နယ်ပယ် (၃) ခုရှိသည်။ ၄င်းတို့မှာ –


**၁။** မည်သည့်ကုန်ပစ္စည်းများကိုထုတ်လုပ်မည်နည်း။

**၂။** မည်သည့်နည်းလမ်းများကိုအသုံးပြု၍ထုတ်လုပ်မည်နည်း။

**၃။** ထုတ်လုပ်လိုက်သော ၄င်းကုန်ပစ္စည်းများကို မည်သူတို့က စားသုံးမည်နည်းဟူသော နယ်ပယ်သုံးခုပင်ဖြစ်သည်။

### "မမ" ကိတ်မုန့်လုပ်ငန်း

မမက လူတွေကိတ်မုန့်ကောင်းကောင်းလေး စားချင်ကြတယ်ဆိုတာ သိတဲ့အတွက် ကိတ်မုန့်လုပ်ငန်းလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။




♦ အဲဒီကိတ်မုန့်တွေကိုဘယ်သူတွေကစားမှာလဲ။ (ကိတ်မုန့်ကြိုက်တဲ့) လူတိုင်းစားကြမှာပေါ့။

♦ စက်ရုံကထွက်တဲ့ကိတ်မုန့်တွေကိုဘယ်လိုဖြန့်ဖြူးရောင်းချမှာလဲ။ကားနဲ့တင်ပြီးဈေးဆိုင်တွေဆီလိုက်ပို့မှာပေါ့။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၂။** အထက်ပါပုံတွင် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊စားသုံးခြင်းဆိုသောဖြစ်စဉ်ကို တွေ့ရပါလိမ့်မည်။ အထက်ပါပုံနှင့် အလားတူသော အခြားကုန်ပစ္စည်းတစ်မျိုး၏ပုံကိုရေးဆွဲပါ။

# အခန်း (၂) လိုအပ်ချက်နှင့်လိုအင်ဆန္ဒ

## အုပ်စုလေ့ကျင့်ခန်း

၁။ အကယ်၍သင်ဟာပင်လယ်ပြင်မှာမျက်စိလည်လမ်းပျောက်သွားပြီးတော့သင်စီးလာတဲ့လှေဟာကျွန်းတစ်ကျွန်းပေါ်ရောက်သွားတယ်ဆိုပါတော့။ အဲဒီကျွန်းပေါ်မှာ လူဆိုလည်းတစ်ယောက်မှမရှိဘူး၊နေစရာအဆောက်အဦလည်း လုံးဝမရှိဘူး။ အဲဒီအချိန်မှာသင်အသက်ရှင်ဖို့အတွက်ဘာတွေလိုအပ်မယ်လို့ထင်လဲ၊သင်အသက်ရှင်ဖို့အတွက်အခြေခံလိုအပ်ချက်ကဘာတွေလဲ။အုပ်စုခွဲ၍ အောက်တွင်ရှိသောအကွက်ထဲတွင်ဖြည့်ပါ။လိုအပ်ချက်ဟူသည်မှာ လူတစ်ယောက် အသက်ရှင်ရန်အတွက် မဖြစ်မနေ လိုအပ်သောအရာများကို ခေါ်သည်။ ဥပမာသင်သောက်သုံးရန် ရေမရှိပါကသင်အသက်ရှင်နိုင်မည်မဟုတ်ပေအလားတူလူအများစုပေါင်းနေထိုင်ကြသောအခါတွင်လည်း ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးကင်းလုံခြုံ စိတ်ချရမှုတို့သည်အခြေခံလူ့လိုအပ်ချက်များဖြစ်သည်။သို့သော် လူဆိုသည်မှာ မိမိတို့အသက်ရှင် ရပ်တည်ရန်အတွက် လိုအပ်သောအခြေခံလိုအပ်ချက်များ ပြည့်စုံနေရုံမျှနှင့်ကျေနပ်နေခြင်း မရှိဘဲ ဝတ်ကောင်းစားလှများ ဝတ်ချင်၊ အိမ်ကောင်းကောင်းနှင့်နေချင်၊ ကားကောင်းကောင်းစီးချင်၊တီဗီကောင်း ကောင်းမှကြည့်ချင်၊ စီးကရက်ကောင်းကောင်း မှ သောက်ချင်သည်စသည့် အတောမသတ်နိုင်သော လိုအင်ဆန္ဒများဖြင့် ပြည့်နှက်နေကြသည်။ရလေလိုလေအို တစ္ဆေဆိုသော ဆိုရိုးစကားရှိသည် မဟုတ်ပါလား။



**`အဲဒီကျွန်းပေါ်မှာသင့်အတွက်ဘာတွေလိုအပ်မယ်လို့ထင်လဲ။**

## ကိုယ်ပိုင်နည်းလမ်း

၂။ မနေ့က သင်ဟာ ငွေတွေအများကြီး ရလိုက်တယ် ဆိုပါစို့။ အခု သင်ဟာ သင်လိုချင်တာကို ဝယ်နိုင်တဲ့ ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်ဖြစ်နေပြီ။ ဒီတော့ သင်ဘာပစ္စည်းတွေ ဝယ်မှာလဲ။ သင်ဝယ်ယူမည့်ပစ္စည်းစာရင်းကိုချရေးလိုက်ပါ။သင်ဝယ်မယ်ဆိုတဲ့ပစ္စည်းတွေဟာသင်အသက်ရှင်ဖို့အတွက် အမှန်တကယ်လိုအပ်တဲ့ပစ္စည်းဘယ်နှစ်ခုပါသလဲ။ ယနေ့ကမ္ဘာတွင်ရှိသူနှင့်မရှိသူကြားကွာခြားချက်သည်အလွန်ပင်ကြီးမားလှ ပေသည်။ ဘောဂဗေဒပညာအရထိုကဲ့သို့ဖြစ်ခြင်းကို “ဝင်ငွေခွဲဝေမှုမညီမျှခြင်း” ဟုခေါ်သည်။ ကမ္ဘာပေါ်တွင်လူပေါင်းသန်းတစ်ထောင့်တစ်ရာသည် တစ်နေ့ဝင်ငွေတစ်ဒေါ်လာအောက်သာရရှိကြပြီး ၄င်းတို့ အသက်ရှင်ရန်လိုအပ်သောအစားအစာ၊ရေနှင့်နေစရာအိမ်ယာအတွက်ကြီးစွာအခက်အခဲတွေ့လျက်ရှိသည်။ထိုကဲ့သို့ဆင်းရဲနွံ့ချာစွာအစာရေစာဝလင်အောင်မစားရဘဲအိပ်ရာဝင်နေကြရသည်။ ကမ္ဘာ့ လူဦး၏ ၅၀ ရာခိုင်နှုန်း (ထက်ဝက်) ရှိသောဆင်ရဲသားများဖြစ် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာရှိသော အချမ်းသာဆုံးလူနည်းစုက တစ်ကမ္ဘာလုံးရှိရှိသမျှ ဥစ္စာပစ္စည်းအားလုံး၏ ၈၅ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားသည်။




## ဆွေးနွေးခြင်း


၃။ ကမ္ဘာပေါ်မှာဘာကြောင့်အဲ့ဒီလောက်ကြီးမားတဲ့ဝင်ငွေခွဲဝေပုံမညီမျှမှုဖြစ်နေရ တာလဲ။

# အခန်း (၃) ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု

**စဉ်းစားခိုင်းခြင်း**

၁။ ကုန်ပစ္စည်းဆိုတာဘာလဲ၊ဝန်ဆောင်မှုဆိုတာဘာလဲသင်သိပါသလား၊ဥပမာတစ်ခုလောက်ပြောပြနိုင်မလား။ လူတွေရဲ့လိုအပ်ချက်နဲ့လိုအင်ဆန္ဒတွေကိုတစ်နည်းအားဖြင့်ကုန်ပစ္စည်းဒါမှမဟုတ်ဝန်ဆောင်မှုလို့ပြောလို့ရတယ်ကုန်ပစ္စည်းကိုရောဝန်ဆောင်မှုကိုနှစ်မျိုးစလုံးကို ဘောဂဗေဒသာရပ်မှာ တစ်ခါတစ်လေ ကုန်စည်ဟုတစ်မျိုးတည်းခေါ်တတ်တယ်။

က။ ကုန်ပစ္စည်းဟူသည်မှာ ထိ၍ကိုင်၍ရသော ပစ္စည်းမျိုးကိုခေါ်သည်။ ဥပမာ ဘောလ်ပင်၊ လုံချည်၊ ဆန်၊မီးသွေး၊ကွန်ပျူတာ၊မိုဘိုင်းလ်ဖုန်း၊ တိရစ္ဆာန်စသည့် ထိကိုင်၍ရသော ပစ္စည်းများကိုခေါ်သည်။



ခ။ ဝန်ဆောင်မှုဟူသည်ဘောလ်ပင်စသည်တို့ကဲ့သို့ထိကိုင်၍မရသို့သော်သင်ကဖြစ်စေ၊သင်အတွက်အခြားသူတစ်ယောက်ကဖြစ်စေတစ်စုံခုပြုလုပ်ပေးခြင်းပင်ဖြစ်သည်။ ဥပမာပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုတို့ဖြစ်သည်။ အကယ်၍ သင်လက်ဖက်ရည်ဆိုင်သွားထိုင်သည်ဆိုပါစို့။ သင့်အနေနှင့် လက်ဖက်ရည်၊ နွားနို့၊ရေစသည့်ထိကိုင်၍ရသောကုန်ပစ္စည်းများကိုသာလက်ခံရရှိသည်မဟုတ်၊လက်ဖတ်ရည်ဖျော် ဆရာကလက်ဖက်ရည်ဖျော်ပေးခြင်း၊စားပွဲထိုးက သင်ဆီယူ လာပေးခြင်း၊သင်သောက်ပြီးသွားသောခွက်များကို ဆေးကြောပေးခြင်းများသည်ဝန်ဆောင်မှုပင်ဖြစ်သည်









**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ တစ်ယောက်ကကုန်ပစ္စည်းနှင့်ပတ်သက်တဲ့ပိုစတာတစ်ခုလုပ်ပါ။ နောက်တစ်ယောက်ကဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ပိုစတာတစ်ခုလုပ်ပါ။




## ကုန်ပစ္စည်းနဲ့ပတ်သက်တဲ့ပိုစတာမှာ

- ကုန်ပစ္စည်းရဲ့နာမည်
- ဘာကုန်ပစ္စည်းလဲဆိုတဲ့ပုံ
- အဲဒီကုန်ပစ္စည်းကိုကုန်ပစ္စည်းရဲ့ဈေးနှုန်းနဲ့ဘာကြောင့်လူတွေ အဲဒီကုန်ပစ္စည်းကိုဝယ်သင့်သလဲဆိုတာတွေ ပါအောင်ရေးပါ။

## ဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ပိုစတာမှာ

- ဘာဝန်ဆောင်မှုကို ပေးမှာလဲ။
- ဘယ်သူတွေက သုံးမှာလဲ၊ ဘာကြောင့်သုံးမှာလဲ။
- ကုန်ကျစရိတ်ဘယ်လောက်ရှိသလဲဆိုတာတွေပါရမယ်။

**ကိုယ်ပိုင်နည်းလမ်း**

၁။ အောက်တွင်ဖော်ပြထားသောပုံကိုကြည့်၍မည်သည့်အရာကကုန်ပစ္စည်းဖြစ်၍မည်သည့်အရာသည်ဝန်ဆောင်မှုဖြစ်သည်ကိုခွဲခြားဖော်ပြပါ။




**ဆွေးနွေးခြင်း**

၂။ သင်၏ပတ်ဝန်းကျင်ရပ်ကွက်ကျေးရွာအတွင်း၌တွေ့ရှိရသောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများမှာအဘယ်နည်းမည်သည့်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုသည်အရေးကြီးဆုံးဖြစ်ပါသနည်းဘာကြောင့်အရေးအကြီးဆုံးဟုသင်ယူဆပါသနည်း။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၃။ သင်၏ရပ်ကွက်ကျေးရွာအတွင်းမည်သို့သောနည်းဖြင့်ကုန်ပစ္စည်းများရောက်လာပါသနည်း။ကုန်ပစ္စည်းတစ်ခုကို ရွေးချယ်၍သင်၏ကျေးရွာအတွင်းသို့၎င်းပစ္စည်းများမည်သည့်နေရာကရောက်ရှိလာသည်၊၎င်းကုန်ပစ္စည်းများကိုမည်သို့လက်ခံရယူသုံးစွဲကြသည်ကိုသင့်ရပ်ကွက်အတွင်းရှိလူများကိုမေးမြန်းပါ။ပြီးလျှင်အဲဒီအကြောင်းကိုစာနဲ့ရေးပြီးတင်ပြပါ။ စာထဲမှာအဲဒီကုန်ပစ္စည်းသင့်ကျေးရွာအတွင်းသို့ရောက်ရှိလာပုံနည်းလမ်းအဆင့်ဆင့်ကိုပုံနှင့်တကွဖော်ပြပါ။ (မမ ကိတ်မုန့်လုပ်သည်ကဲ့သို့ပုံမျိုး)

# အခန်း (၄) ရှားပါးမှုနှင့်ရွေးချယ်မှု

## ၁။ ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုရှားပါးခြင်း



**ကမ္ဘာတစ်ဝန်း ကုန်းစည် နှင့် ဝန်ဆောင်မှု ဖလှည်ခြင်း**

**ကိုယ်ပိုင်နည်းလမ်း**

**၁။** သင်လိုသောပစ္စည်းနှင့်ဝန်ဆောင်မှု၁၀မျိုးကိုစာရင်းပြုလုပ်ပါ။ ၄င်းပစ္စည်းများကိုဘာကြောင့် သင်လိုချင်ရတာလဲ။ အဲဒီ ပစ္စည်းတွေ သင်မရအောင်တားဆီးနေတဲ့အရာတွေကဘာတွေလဲ။ လောကဥ္ဓလူတွေလိုချင်သလောက်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများထုတ်လုပ်ရန် အရင်းအမြစ်အလုံအလောက်မရှိပါ။ထိုကဲ့သို့အရင်းအမြစ်အလုံအလောက်မရှိခြင်းကိုရှားပါးခြင်းဟုခေါ်သည်။ အရာဝတ္ထုပစ္စည်းများသည်ရှားပါးကြသည်အဘယ်ကြောင့်ဆိုသော်လူတို့၏လိုဆန္ဒများကရှိသောအရင်းအမြစ်ပစ္စည်းများထက်ပိုများသောကြောင့်ဖြစ်သည်။အရင်းအမြစ်ပစ္စည်းများမှာအကန့်အသတ်နှင့်သာရှိ၍လူတို့အလိုဆန္ဒများသည်အကန့်အသတ်မရှိပေ။

**အုပ်စုလေ့ကျင့်ခန်း**

**၂။** ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုတွေဟာဘာကြောင့်ရှားပါးရတာလဲသင်သိပါသလား။

## ၂။ ရွေးချယ်ခြင်း

**ကိုယ်ပိုင်နည်းလမ်း**

**၃။** ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုများ အတွက် ရွေးချယ်ရန် ကျွန်တော်တို့ဘဝတွင် မကြာခဏ လိုအပ်သည်။ ဤမေးခွန်းများနှင့် ပတ်သတ်ပြီးစဉ်းစားပါ။

**က။** သင်ဝင်ငွေ ၅၀၀၀၀ ကျပ် ရှိသည်။ သင် ဘယ်ပစ္စည်းကို ဝယ်မည်နည်း။

**ခ။** သင် အသိုင်းအဝန်းသည် အဆောက်အအုံ တစ်ခု တည်ဆောက်ရန် ဝါး လုံလောက်ရုံ မျှသာ ရှိသည်။ သင် ဘယ်အရာ တည်ဆောက်သင့်မည်နည်း။

**ဂ။** သင်သည် အသိုင်းအဝန်း သိုးမွေးထည် လုပ်ငန်း ရဲ့ အဖွဲ့ ဝင်တစ်ယောင် ဖြစ်သည်။ သင်တွင် အကန့်အသတ် သိုးမွေးချည် ပမာဏ ရှိပါသည်။ သင်ရဲ့ ထုပ်ကုန်တွေဟာ ဘာတွေလဲ–လွယ်အိတ်၊ ဘလောက်အင်္ကျီ ၊ လုံချည်။ ဘယ်လောက်များသနည်း။

လူအသိုင်းအဝန်း အလွှာအဆင့်ဆင့် တွင် လူတိုင်းသည် ဤရွေးချယ်မှုများကို ပြုလုပ်ကြရသည်။

ဥပမာ (၁) ဌေးဌေးဈေးထဲမှာဈေးဝယ်နေတယ်ဆိုပါတော့။ ဝက်သား ၁ ကီလိုဂရမ်ဝယ်မှာလား၊ ဒါမှမဟုတ်ပဲ ၅ ကီလိုဂရမ်ဝယ်မှာလား၊ဒီနှစ်ခု ရွေးချယ်ရတော့မယ်။သူ့မှာနှစ်ခုစလုံဝယ်ဖို့ပိုက်ဆံအလုံအလောက် မပါဘူးလေ။

ဥပမာ (၂) မြို့နယ်ကော်မတီအနေနဲ့ဆေးရုံအသစ်ဆောက်ရမှာလား၊မူလတန်းကျောင်းအသစ်ဆောက်ရင်ကောင်းမလားဆိုဒါ၊ ရွေးချယ်ရမယ် လေသူ့တို့မှာရှိတဲ့ပစ္စည်းတွေကတစ်လုံးစာပဲရှိတယ်။ သူတို့မှာ အဆောက်အဦးတစ်လုံးစာအတွက် ဘဲပစ္စည်းအလုံအလောက်ရှိတယ်။

ဥပမာ (၃) အစိုးရအနေနဲ့လေယာဉ်ဆီအတွက်ပဲ ထောက်ပံ့မှာလား။ ဒါမှမဟုတ်လယ်သမားတွေစိုက်ပျိုးရိတ်သိမ်းဖို့အတွက်ဆီထောက်ပံ့ပေးမှာလား။ တစ်ခုခုကိုရွေးချယ်ရ တော့မယ်။ အစိုးရမှာရှိတဲ့ဆီကတစ်ခုကိုပဲထောက်ပံ့ပေး မှာလေ။

**ဆွေးနွေးခြင်း**

သင့် အသိုင်းအဝန်းအတွင်း သင် ဘယ်လို စီးပွားရေးရွေးချယ်မှု အမျိုးအစားကို ပြုလုပ်ပါသနည်း။ ဥပမာ အချို့ပြပါ။

# အခန်း (၅) ငွေကြေး (၀၁) အသပြာ


**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** ငွေကြေးဆိုတာဘာလဲ။ငွေကြေးဆိုသောစကားလုံးကို သင်မည် သို့ အဓိပ္ပာယ် ဖွင့်ဆိုမည်နည်း။

**ဆွေးနွေးခြင်း**

**၂။** ဘာကြောင့်ဒေါ်လာ ၅၀ ကမှတ်စုစာအုပ်တစ်အုပ်ထက်ပိုတန်ဖိုးရှိနေရတာလဲ။ မှတ်စုစာအုပ်တစ်အုပ်မှာဒေါ်လာ၅၀တန်တစ်ရွက်ထက်စာရွက်ရေအဆ ၅၀ လောက်ပိုကောင်းပိုနိုင်ပါတယ်။

နိုင်ငံသုံးပိုက်ဆံကိုငွေကြေးဟု တစ်ခါတစ်ရံခေါ်သည်။ ငွေကြေး၏ ဥပမာတစ်ခုမှာ မြန်မာကျပ်




**တန်ဖိုး–ဒေါ်လာ ၅၀**






**တန်ဖိုး–ဒေါ်လာ ၁**

**စဉ်းစားခိုင်းခြင်း**

**၃။** တခြားနိုင်ငံသုံးငွေကြေးများ၏အမည်ဘယ်နှစ်မျိုးလောက်သင်သိပါသလဲ။

## ငွေလဲလှယ်နှုန်း



ကမ္ဘာပေါ်တွင်ငွေကြေးအမျိုးပေါင်းများစွာရှိသည်။ ငွေကြေးအသီးသီးသည် အခြားငွေကြေးနှင့်နှိုင်းယှဉ်လျှင်တန်ဖိုးကွာခြားမှုရှိသည်၊ထိုတန်ဖိုးများသည်အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ဥပမာ ၂၀၁၁ နိုဝင်ဘာ တွင်အမေရိကန်တစ်ဒေါ်လာသည်အနီးစပ်ဆုံး–

၃၀ ဘတ် ၀ .၄၇ ပေါင် ၁ .၂၈ သြစတြေးလျဒေါ်လာ ၇၈၅ မြန်မာ ကျပ်

## အသပြာအဖြစ်အသုံးပြုသောအခြားအရာဝတ္ထုများ

ကမ္ဘာပေါ်ရှိနိုင်ငံများအတွက်ငွေသည်အလွန်အရေးကြီးသည်။ကျွန်ုပ်တို့သည်ကမ္ဘာပေါ်တွင်နေရာဒေသအသီးသီးသို့ ပြောင်းရွှေ့ နေထိုင်ကြသကဲ့သို့ သမိုင်းကာလအမျိုးမျိုးကိုဖြတ်သန်းလာသကဲ့သို့ ငွေကြေးအဖြစ်အသုံးပြုကြသောပစ္စည်းများသည်လည်းအမျိုးမျိုးပြောင်းလဲခဲ့သည်ငွေကြေးအဖြစ်ကြေးစေ့၊ သတ္တုချောင်းများ၊ ခရုခွံ၊ အဝတ်စ၊ ကျောက်တုံး၊ ငှက်မွှေး၊လက်နက်များနှင့်သွားများကိုလည်းအသုံးပြုခဲ့ ကြသည်။



### ‘ရပ်’ ကျောက်တုံးအသပြာ


‘ရပ်’ ’ပြည်ထောင်စုသည် အင်ဒိုနီးရှားနိုင်ငံအနီးရှိ မိုက်ခရိုနီးရှားကျွန်းမှကျွန်းလေးကျွန်းရှိသောနိုင်ငံလေးတစ်ခုဖြစ်သည်။ အစဉ်အလာအရ‘ရပ်’လူမျိုးများသည်အလယ်တွင်အပေါက်ပါသောစက်ဝိုင်းပုံကျောက်တုံးများကို အသပြာအဖြစ် သုံးခဲ့ကြသည် ၄င်းတို့က‘ရိုင်’ဟုခေါ်ကြသည်။ အချို့ကျောက်တုံးများသည် အချင်း ၄ မီတာကျော်ရှိသည့်ကြီးမားသောကျောက်တုံးကြီးများ ဖြစ်သည်။ ယင်းတို့၏ တန်ဖိုးသည်အရွယ်အစားနှင့်၎င်းတို့သမိုင်းအပေါ်မူတည်သည်။ ကျွန်းပတ်လည်၌ကျောက်တုံးပေါင်း၆၈၀၀ခန့်ရှိသည်အမေရိကန်ဒေါ်လာအားသုံးစွဲသော်လည်းရပ်လူမျိုးများသည်ထိုကျောက်တုံးအသပြာကိုလည်းသုံးစွဲနေဆဲဖြစ်သည်။ လူများသည် ၎င်းတို့၏ ချမ်းသာမှုကို ပြသသည့်အနေဖြင့်ထိုကျောက်တုံးများကို မိမိတို့၏ အိမ်အပြင်တွင်ထားကြသည်

**ဆွေးနွေးခြင်း**


၁။ သင့်လူမှုပတ်ဝန်းကျင်၌ငွေသည်အရေးကြီးပါသလားဘာကြောင့်နည်း။ ၎င်းအားမည်သည့်အတွက်အသုံးပြုသနည်းသင့်ပတ်ဝန်းကျင်တွင်မည်သည့်အရာဝတ္ထုများကိုငွေအဖြစ်သုံးစွဲကြသနည်း။

# ငွေ၏သမိုင်း

## လူ့သမိုင်းအစောပိုင်းကာလများကုန်ပစ္စည်းများတိုက်ရိုက် ဖလှယ်ခြင်း (ဘာတာစနစ်)





တိုက်ရိုက်လဲလှယ်ခြင်းတွင် အသပြာကိုမသုံးပေ။ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအား အခြားတစ်ခုနှင့် တိုက်ရိုက် လဲလှယ်ကြသည်။လူ့သမိုင်းအစောပိုင်းကာလများတွင် ကုန်ပစ္စည်းများကိုတိုက်ရိုက် လဲလှယ်ကြသည်။



### ၉၀၀၀–၆၀၀၀ဘီစီ၊မွေးမြူရေး

နွား၊သိုးနဲ့ကုလားအုပ်တို့သည်လူတို၏ပထမဆုံးနှင့်ရှေးအကျဆုံးငွေများဖြစ်သည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကျယ်ပြန့်လာသောအခါတွင် ကောက်ပဲသီးနှံထွက်ပစ္စည်းများတိုက်ရိုက်လဲလှယ်မှုစတင်ပေါ်ပေါက်လာသည်။

### ၁၂၀၀ဘီစီခရုခွံများ



ခရုခွံများကိုတရုတ်နိုင်ငံကစတင်သုံးစွဲခြင်းဖြစ်သည်။သမိုင်းအထောက် အထားများအရအခြားသောလူ့အဖွဲ့အစည်းများသည်လည်းခရုခွံများကိုငွေအဖြစ်အသုံးပြုခဲ့ကြသည်။၂၀ရာစုအလယ်ကာလထိတိုင်အချို့အာဖရိကနေရာဒေသများတွင်ခရုခွံများကိုငွေအဖြစ်သုံးစွဲခဲ့ကြသည်ခရုခွံသည် သမိုင်းတွင်အကျယ်ပြန့်ဆုံးနှင့်ကာလ အကြာမြင့်ဆုံးငွေကြေး ဖြစ်ပါသည်။



### ၁၀၀၀ ဘီစီ ပထမဆုံးသတ္တုအသပြာ

တရုတ်နိုင်ငံတွင်ဘီစီ၁၀၀၀ခန့်ကကြေးညို၊ကြေးနီပြားများပြုလုပ်ခဲ့သည်။၎င်းတို့ကို အစောဆုံးသောသတ္တုအကြွေစေ့အဖြစ်ယူဆကြသည်။ ဓား၊ဂေါ်ပြားကဲ့သို့သတ္တုဖြင့် ပြုလုပ်ထားသောပစ္စည်းများကိုလည်း ငွေအသပြာ အဖြစ်တရုတ်ပြည်၌ ပထမဆုံး အသုံးပြုခဲ့ကြသည်။

### ၈၀၆ ဘီစီစက္ကူငွေကြေး



ပထမဆုံးစက္ကူပိုက်ဆံသည် တရုတ်နိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည်။ ၎င်း အစောပိုင်း ပေါ်ပေါက်ခဲ့သော ငွေစက္ကူများကို တရုတ်နိုင်ငံ၌ဘီစီ၉ရာစုမှ ၁၅ရာစုအထိ နှစ်ပေါင်း ၅၀၀ ကျော် သုံးစွဲခဲ့သည်။ အေဒီ၁၄၅၅ အစောပိုင်းခန့်တွင် ငွေစက္ကူအသုံး ပြုခြင်းကိုတရုတ်ပြည်၌နှစ်ရာပေါင်းများ စွာကြာအောင် ကွယ်ပျောက်သွားခဲ့သည်။



### ၅၀၀ ဘီစီ၊ အကြွေစေ့များ (ရုပ်ပုံတွဲရက်ပါသည်)

တရုတ်ပြည်ပြင်ပကမ္ဘာ့အခြား နေရာဒေသများတွင်မူပထမဆုံးအကြွေစေ့အဖြစ်ငွေတုံးများကို အသုံးပြုခဲ့သည်။မကြာမီ ၎င်းတို့၏ပုံသဏ္ဌာန်မှာ အဝိုင်းဖြစ်လာပြီး နတ်ဘုရားများ၊အင်ပါယာဘုရင်တို့၏ရုပ်ပုံများကို အဆိုပါကြွေပြားများတွင်တံဆိပ်ခတ်ရိုက်နှိပ်လာကြသည်အစောဆုံးအကြွေစေ့များကိုလိုင်ဒီးယား (ယခုတူရကီနိုင်ငံတွင်တည်ရှိသည်) ဒေသတွင်စတင်သုံးစွဲကြပြီးမကြာမီတခြားကမ္ဘာ့ဒေသအများအပြားတွင်လည်း အတုယူသုံးစွဲ လာကြသည်။ အသစ်ထွက်လာသောအကြွေစေ့များကို ငွေကဲ့သို့တန်ဖိုးရှိသတ္တု ရွှေကဲ့သို့တန်ဖိုးရှိသတ္တုများဖြင့်ပြုလုပ်လာကြသည်။




### ယနေ့ကာလ

ငွေကြေးပုံစံများမှာ ပြောင်းလဲဖြစ် ထွန်းလျက်ရှိသည်။ ယနေ့ကာလတွင် ပိုလီမာပလတ်စတစ်ဖြင့်ပြုလုပ်ထားသောယိုးဒယားဘတ်၅၀တန်ငွေစက္ကူကဲ့သို့ငွေကြေးများလည်းတိုးတက်ပေါ် ပေါက်လာခဲ့သည်။ အကြွေး ဝယ်ကဒ်များ၊ မိုက်ခရိုချစ်(ပ်)များ၊ အင်တာနက်များကိုအသုံးပြုဝယ်ယူနိုင်သည့် အီလက်ထရောနစ်ငွေကြေးများလည်းခေတ်စားလာခဲ့သည်။ ထို့ကြောင့် လူများသည်စက္ကူငွေကြေးအမြောက်အမြားအားသယ်ယူရန်မလိုအပ်တော့ပေ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၁။ မှန် / မှားရွေးပါ။ သင်၏ဆရာပေးသော လေ့ကျင့်ခန်းများကို ပြုလုပ်ပါ။

# ငွေကြေးကိုဘာအတွက်ကြောင့်သုံးစွဲပါသနည်း။

စီးပွားရေးတွင်ငွေကြေးသုံးစွဲခြင်းနှင့်ပတ်သက်၍အခြေခံရည်ရွယ်ချက် (၄) ခုရှိသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ အချိန်ကာလမျဉ်းတစ်ကြောင်းဆွဲပြပါ။ သင်၏ဆရာပေးသော လေ့ကျင့်ခန်းများကို ပြုလုပ်ပါ။

**စဉ်းစားနိုင်းခြင်း**

၁။ ငွေကြေးသည် အဘယ်ကြောင့်သုံးအသုံးဝင်သနည်း။ ဘာအတွက် သုံးစွဲပါ သနည်း။

## ၁။ ဖလှယ်ခြင်း

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဖလှယ်ရန် ငွေကြေးကိုသုံးစွဲကြသည်။ ဥပမာ – ငွေသုံးရာနှင့် သရက်သီးတစ်ကီလိုသို့မဟုတ်သံပရာသီး (၁၀) လုံး သို့မဟုတ် မုန့်ဟင်းခါးတစ်ပွဲနှင့် ဖလှယ်ခြင်း။

## ၂။ တန်ဖိုးများကိုသိုလှောင်ထားနိုင်ရန်

စီးပွားရေးတည်ငြိမ်သော နိုင်ငံများတွင် ငွေကြေးသည် ကာလတစ်ခုအထိ တန်ဖိုးများကို သိုလှောင်ထားနိုင်သည်။ အကယ်၍ သင့်တွင် ဒေါ်လာ ၅၀ ရှိသည်ဆိုပါစို့။ ငွေ ၅၀ သည် ကာလတစ်ခုအထိ တိုင်အောင် ၄င်း၏တန်ဖိုးမှာ များစွာ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။

## ၃။ တန်ဖိုးကိုတိုင်းတာရန်

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏တန်ဖိုး (ဈေးနှုန်း)အမျိုးမျိုးအား တိုင်းတာရာတွင် ငွေကြေးကို အသုံးပြုသည်။

## ၄။ ချေးငှားခြင်းနှင့် ပြန်လည်ပေးဆပ်ရန်

အကြွေးဆိုသည်မှာ တစ်စုံတစ်ယောက်က အခြားသူတစ်ဦးအပေါ်ပေးရန် ငွေကြေးကို ဆိုလိုသည်။ ငွေကြေးသည် ကာလတစ်ခုအထိ တိုင်အောင် ၄င်း၏တန်ဖိုးကို သိုမှီထားနိုင်သောကြောင့် လူတို့သည် အခြားသူများထံမှ ချေးငှားနိုင်ပြီး နောင်တစ်ချိန်တွင် ပြန်ပေးဆပ်နိုင်သည်။

# ကုန်ပစ္စည်းများကိုတိုက်ရိုက်လဲလှယ်ခြင်းထက်ငွေကြေးကိုသုံးစွဲခြင်း၏အကျိုးကျေးဇူးများ

**အဖွဲ့လိုက်လေ့ကျင့်ခန်း**



၂။ မိမိကိုယ်ကို မြစ်အနီးအနားရှိရွာတစ်ရွာတွင်နေထိုင်သောတံငါသည်တစ်ဦးအဖြစ် ယူဆပါ။ ထိုရွာတွင် ငွေကြေးသုံးစွဲခြင်းမရှိဘဲ ကုန်ပစ္စည်းခြင်းတိုက်ရိုက်လဲလှယ်သောစနစ်သာရှိသည်။ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အခြားတစ်ခုနှင့်တိုက်ရိုက်လဲလှယ်ကြသည်တစ်ပတ်အတွင်းဖြစ်ပေါ်လာမည့် အခြေအနေများကိုအောက်တွင်ကြည့်ပါထိုအခြေအနေကိုငွေကြေးကမည်ကဲ့ သို့ပြောင်းလဲနိုင်မည်နည်း။

**<u>တနင်္လာနေ့</u>**

ဒီနေ့ကတော့ အခြေအနေမကောင်းတဲ့နေ့ပဲ။ ငါးတစ်ကောင်မှမမိဘူး။ ဒီတော့ဈေးထဲမှသွားပြီးလဲစရာလည်းမရှိ။ မနေ့ကဖမ်းမိတဲ့ငါးတွေကိုတော့ချက်ချင်းလဲလိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုကပူတော့ငါးတွေကပုပ်သိုးလွယ်တယ်။ဒါကြောင့်ဈေးသိပ်မရဘူးလက်ကျန်စားစရာကလည်းမရှိဘူး။ဗိုက်ကလည်းဆာလာပြီ။

**<u>အင်္ဂါနေ့</u>**

ကံကောင်းချင်တော့ ဒီနေ့ ငါးအကြီးကြီးတစ်ကောင်တွေအများကြီးဖမ်းမိတယ်ဈေးထဲသွားပြီး ခရမ်းချဉ်သီးတွေနဲ့ငါးတွေကိုသွားပြီးလဲလိုက်တယ် ခရမ်းချဉ်သီးသည်က ၅ ကီလိုပေးမယ်လို့ပြောတယ်။ဒါပေမဲ့သင့်ငါးတွေက အကြီးကြီးပဲ။ ဒါကြောင့် ၇ ကီလိုလောက်တန်ဖိုးရှိတယ်လို့ထင်တယ်သင်နဲ့ခရမ်း ချဉ်သီးရောင်းတဲ့သူစကားများကြတယ်။ နောက်ဆုံးမှာတော့ အခြားသူတစ်ယောက်ဆီမှာသွားလဲဖို့ဆုံးဖြတ်လိုက်တယ်။

**<u>ဗုဒ္ဓဟူးနေ့</u>**

ဒီနေ့ ငါးအများကြီးဖမ်းမိတယ်။သင်ကဈေးထဲမှာအာလူးဝယ်ချင်တယ်။ ဒါပေမဲ့အာလူး သည်ကငါးမလိုချင်ဘူး။ ကြက်သွန်ဖြူပဲလိုချင်တာ။ဒါကြောင့် သင်ကကြက်သွန်ဖြူသည်ကိုသွားရှာပြီး ငါးနဲ့လဲတယ်။ပြီးတော့အာလူးတွေကို ကြက်သွန်ဖြူနဲ့ ပြန်သွားလဲရတယ်။

**ကြာသပတေးနေ့**

ဒီနေ့ သင့်မိဘတွေရှိတဲ့ရွာကိုသွားမယ်လို့ ဆုံးဖြတ်လိုက်သည်။ မိဘတွေကိုလက်ဆောင်ပေးဖို့ ခရီးစဉ်တစ်လျှောက် စားစရာဝယ်ဖို့ကားခပေးဖို့အတွက် ငါးအများကြီးတွေသင်ယူလာတယ်။ ငါးတွေထည့်ထားတဲ့ခြင်းကြီးကိုသယ်ဖို့ကအရမ်းလေးတယ်။

**သောကြာနေ့**

ဒီနေ့ ငါးဖမ်းပိုက်ကွန်က ပေါက်ပြဲနေတယ်သင်အသစ်တစ်ခုလိုအပ်ချင်တယ်။ ပိုက်ယက်သမားနဲ့ လဲလှယ်ဖို့ သင့်မှာ ငါးမရှိဘူး။ ဒါကြောင့် မိတ်ဆွေဆီသွားချေးတယ်။ဒါပေမဲ့သူတို့မှာလည်း ဒီနေ့ငါးအများကြီးမဖမ်းမိဘူး။ ပိုက်အသစ်အတွက်အလဲအလှယ်ပြုလုပ်ရအောင် ငါးအလုံ အလောက် သူတို့လည်း မပေးနိုင်ဘူး။

# ငွေကြေးကကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သောစနစ်ထက် ပိုကောင်းပါသလား။

ငွေကြေးသုံးစွဲခြင်းကတိုက်ရိုက်လဲလှယ်ခြင်းထက် အားသာချက်များရှိသော်လည်း တိုက်ရိုက်လဲလှယ်သောစနစ်ကိုမကောင်းဟုပြော၍မရပေ။ ကမ္ဘာတစ်ဝန်းတိုက်ရိုက်လဲလှယ်သောစနစ်ကိုသုံးနေဆဲဖြစ်သည်။ တစ်ခါတစ်ရံ တိုက်ရိုက်လှယ်ခြင်းနှင့်ငွေကြေးသုံးစွဲခြင်းနှစ်မျိုးစလုံးကိုလည်း အသုံးပြုကြသည်။ အချို့ကိစ္စများအတွက်တိုက်ရိုက်လဲလှယ်ခြင်းက ပို၍အသုံးဝင်ပြီးအချို့ကိစ္စများအတွက်ငွေကြေးကပို၍အသုံးဝင်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** အောက်တွင် ဖော်ပြထားသော ဥပမာများကိုကြည့်၍ ငွေကြေး သုံးစွဲခြင်း သို့မဟုတ် တိုက်ရိုက်လဲလှယ်ခြင်းကပို၍ကောင်းသလား စဉ်းစားဆုံးဖြတ်ပါ။ အောက်တွင်ပေးထားသောအကွက်များတွင် ငွေကြေး သို့မဟုတ် တိုက်ရိုက်လဲလှယ်ခြင်း ဘာတာစနစ် တစ်ခုခုအား ဖြည့်စွက်ပါ။ အတန်းတွင်းဆွေးနွေးပွဲ၌သင်ရွေးချယ်ထားသောအရာကို အကျိုးအကြောင်းနှင့်တကွ ရှင်းလင်းပါ။ မည်သည့်စနစ်က သင့်ရပ်ကွက်ကျေးရွာအတွက်ပိုမိုကောင်းမွန်သနည်း။ ငွေကြေး သို့မဟုတ် ဘာတာစနစ် တခုကိုဆွေးနွေးပါ။

**က။** ‘ခိုယမ်း’သည် ထိုင်းလာအိုနယ်စပ်ရှိဒုက္ခသည်စခန်းတွင် နေထိုင်သည်။သူမသည်အင်္ကျီပြုပြင်ဖာထေးသောအလုပ်ကို လုပ်ကိုင်သည်။ ထိုဒုက္ခသည်စခန်းသည် မြို့ရွာများနှင့်အတော်အလှမ်းဝေး၏။ ထို့ကြောင့်ထိုစခန်းရှိလူအများစုမှာ အလုပ်မရှိကြပေ။ ထို့ပြင်သီးနှံစိုက်ပျိုးရန်လည်းမြေအလုံ အလောက်မရှိပေ။




ငွေကြေး(သို့မဟုတ်) ဘာတာ [ ]



**ခ။** ‘ပန်’ကမ္ဘောဒီယားနိုင်ငံကမ်းနီးရရွာတစ်ရွာတွင်နေထိုင်သည်။သူမသည်မြစ်ထဲမှငါးများကို ဖမ်း၍မြို့ရှိစားသောက်ဆိုင်သို့နေ့စဉ်သွားရောက်ရောင်းချသည်။

ငွေကြေး (သို့မဟုတ်) ဘာတာ [ ]

**ဂ။** ဘင်ဂျာနီ’သည် အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံရှိမြို့ငယ်လေးတစ်ခုတွင် နေထိုင်သည်သူသည် လက်သမားတစ်ဦးဖြစ်သည်။ ထိုနိုင်ငံစီးပွားရေးအခြေအနေသည်တည်ငြိမ်မှု လုံးဝမရှိဘဲငွေကြေးတန်ဖိုး သည်လည်းတဟုတ်ထိုးကျဆင်းလျက်ရှိသည်။ထိုမြို့ရှိလူအများစုမှာအကြွေးများပတ်လည်ဝိုင်းနေကြသည်။



ငွေကြေး (သို့မဟုတ်) ဘာတာ [ ]

**ဆွေးနွေးခြင်း**

**၂။** ဘာတာစနစ်သည်မည်သည့်အခါတွင် အကျိုးရှိပါသနည်း။ မည်ကဲ့သို့သောလူ့အဖွဲ့အစည်းများတွင်ထိုစနစ်သည်အကျိုးရှိပါသနည်း။

# ယခုခေတ်စီးပွားရေးလုပ်ငန်းများတွင်ဘာတာစနစ်ကိုအသုံးပြုခြင်း

ယနေ့ကာလ စီးပွားလုပ်ဆောင်ရာတွင်ဘာတာစနစ်ကိုအသုံးပြုဆဲဖြစ်သည်။ အကောင်း ဆုံး ဥပမာတစ်ခုမှာ ၁၉၉၁ ခုနှစ်တွင်စတင်အသုံးပြုသောကုမ္ပဏီတစ်ခုနှင့်တစ်ခုအကြားချိတ်ဆက်၍ကုန်ပစ္စည်းချင်းဖလှယ်နိုင်ရန်ဖန်တီးတားသောဘာတာကဒ်ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သည်။ယင်း ‘ ဘာတာကတ်စနစ်ကိုယခုအခါနိုင်ငံပေါင်း၁၃နိုင်ငံတွင်အသုံးပြုလျက်ရှိသည်ကုမ္ပဏီတစ်ခုကငင်းကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကိုအခြားကုမ္ပဏီတစ်ခုသို့ဘာတာကတ်ကွန်ယက်ကိုအသုံးပြု၍ပေးနိုင်သည်။

ထိုအခါ ၎င်းတို့ရရှိသောကုန်သွယ်ငွေများကိုအကြွေးဝယ်ကဒ်ကဲ့သို့သော ကဒ်တစ်ခုတွင်ထည့်သွင်း မှတ်သားထားသည်။ ထိုအတွင်းမှတ်သားထားသောကုန်သွယ်ငွေများကို အခြားကုမ္ပဏီတစ်ခုမှာ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများရယူလိုသောအခါအသုံးပြုနိုင်မည်ဖြစ်သည်။ ထိုကုန်သွယ်ငွေစနစ်အရကုမ္ပဏီများသည်အချင်းချင်းတိုက်ရိုက်လဲလှယ်စရာမလိုဘဲမိမိတို့မည်သည့်ပစ္စည်းကို မည်သည့်အချိန်တွင်အလိုရှိသည်ဆိုသည်ကိုသာဆုံးဖြတ်ရန်လိုသည်။ ထိုကုမ္ပဏီများသည်ငွေကြေးကိုအသုံးပြုစရာမလိုပေ။

## ဘိုင်ကွပ်ချောင်ယိုးဒယားစုပေါင်းရပ်ရွာငွေကြေး




ကွပ်ချောင်ဒေသသည် ထိုင်းနိုင်ငံ၏အရှေ့မြောက်ဘက်ရှိကျေးလက်ဒေသတစ်ခုဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များတွင်ရွာသူရွာသားအများစုသည် အကြွေးများစွာတင်နေကြပြီး ဘဏ်များအပေါ် များစွာမှီခိုလာရသည်ဈေးနှုန်းပြောင်းလဲမှုဒဏ်ကိုလည်းအကြီးအကျယ်ခံစားခဲ့ရသည်အထူးသဖြင့်၎င်းတို့၏အဓိကသီးနှံဖြစ်သောစပါးဈေးနှုန်းပြောင်းလဲမှုဖြစ်သည်လူငယ်များစွာသည်မိမိတို့၏ဇာတိမြေ ကိုစွန့်ခွာ၍ဘန်ကောက်မြို့တွင်အလုပ်လုပ်ကိုင်ကြရသည်။

၁၉၉၈ ခုနှစ်တွင် ထိုဒေသရှိကျေးရွာ ငါးရွာအဖွဲ့ဝင်များ စုပေါင်း၍ မိမိရပ်ရွာ ဖူလုံရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားကြရန်ဆုံးဖြတ် ခဲ့ကြပြီးစုပေါင်းရပ်ရွာငွေကြေးအစီအစဉ်ကို ချမှတ်ခဲ့ကြသည်။ ၎င်းတို့ထုတ်ဝေသောငွေကြေး အသစ်ကို ‘ ဘိုင်ကွပ်ချောင်’ဟုခေါ်ဝေါ်ခဲ့သည်။ဘိုင်ယာ’(Bia) ဆိုသည်မှာ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းဘာသာစကားတစ်ခုဖြစ်သော ‘အစ်ဇန်’ (Isaan) ဘာသာစကားအရ‘သစ်ပင်ငယ်ဟုအဓိပ္ပာယ်ရသည်ထိုနာမည်ကို ရွေးချယ်ရခြင်းမှာ ၎င်းတို့၏ကျေးရွာများကိုသစ်ပင် တစ်ပင်ကဲ့သို့ ကြီးထွား ဖွံ့ဖြိုးလာစေရန်ဖြစ်သည်ထိုရွာများတွင် ‘ဘိုင်ယာ’ ဘဏ်များတည်ထောင်ကြသည်ထိုဘဏ်တွင် စာရင်းတစ်ခုဖွင့်သူတိုင်းဘိုင်ယာငွေ ၅၀၀ စီရရှိကြသည်။ ဘိုင်ယာငွေ၏ရည်ရွယ်ချက်မှာ မိမိတို့ ကျေးရွာပိုင်ငွေကြေးထားရှိရန်နှင့် ရွာသားများ ထိုင်းဘတ်ငွေအပေါ်မှီခိုနေခြင်းကိုလျော့နည်းလာ စေရန် ဖြစ်သည်။ ထိုဘိုင်ယာငွေကို၎င်းတို့ဒေသရှိရွာငါးရွာ၌သာသုံးစွဲနိုင်သည်။ စနေနေ့တိုင်း ရွာ တစ်ရွာတွင်ဈေးတန်းဖွင့်လှစ်ရောင်းချသည်။ရွာသားများသည်ဘိုင်ယာငွေ သို့မဟုတ် ဘတ်ငွေကိုအသုံးပြု၍မည်သည့်ပစ္စည်းမဆိုဝယ်ယူနိုင်သည်။ သို့သော်ဘိုင်ယာငွေနှင့်ဘတ်ငွေကိုတော့မလဲနိုင်ပေ။ ဘိုင်ယာ ငွေကြေးသည်ကျေးရွာများကောင်းစားရေးအတွက်ကျေးရွာသားများကိုယ်တိုင်စီစဉ်ဖန်တီးထားခြင်းဖြစ်သည်။ ရွာငါးရွာမှရွေးချယ်တင်မြှောက်ထားသောလူများဖြင့်ဖွဲ့စည်းထားသောကော်မတီတစ်ခုက စီမံခန့်ခွဲသည်။ ဘဏ်တစ်ခုကိုလည်းတည်ထောင်ထားကြသည်။ ရွာငါးရွာမှမည်သူမဆို အတိုးပေးစရာမလိုဘဲဘိုင်ယာငွေ၅၀၀ အထိချေးယူနိုင်သည်။



ဘိုင်ကွပ်ချောင်ငွေ

ထိုကျေးရွာအဖွဲ့သည်၂၀၀၀ ခုနှစ်မတ်လတွင်ဘိုင်ယာငွေကို စတင်သုံးစွဲခဲ့သည်။ ထိုလ၌ပင်ထိုင်းဗဟိုဘဏ်အာဏာပိုင်များ၊ စစ်တပ်နှင့်ရဲများထိုရွာများသို့လာရောက်ပြီး ဘိုင်ယာ ငွေအကြောင်းလာရောက် စုံစမ်းခဲ့ကြသည်။ ၂၀၀၀ခုနှစ်ဧပြီလတွင်ထိုင်းအစိုးရမှ ဘိုင်ယာဘဏ်များပိတ်ပစ်ရန်ဖိအားပေးခဲ့သည်။ တရားဝင်ငွေကြေးမဟုတ်ဟု ၍လဲပြောကြားခဲ့သည်။ ထိုဘိုင်ယာငွေသည် ထိုင်းနိုင်ငံ လုံခြုံရေးအတွက်အန္တရာယ်ရှိသည်ဟုပင် အချို့ကထင်မြင်ယူဆခဲ့ကြပြီးအချို့ကထိုရွာများသည်သီးခြားနိုင်ငံတည်ထောင်ချင်ကြသောကြောင့်ဟုယူဆခဲ့သည်။ ထိုရွာအဖွဲ့အစည်းသည်ဘိုင်ယာငွေသုံးစွဲနိုင်ခွင့်ရရှိရန်ဆက်ကြိုးပမ်းခဲ့ကြသည်။ ယခုအခါထိုဒေသရကျေးရွာငါးဆယ်ရှိသောထိုရွာအဖွဲ့အစည်းသည်ဘိုင်ယာငွေသုံးစွဲနိုင်ခွင့်ရရှိရန်ဆက်ကြိုးစားခဲ့ကြသည်။ ယခုအခါထိုဒေသရှိကျေးရွာငါးဆယ်ပါရှိသော ‘ဘိုင်ကွပ်ချောင်’ အဖွဲ့အမည်ဖြင့် ၅ နှစ်စီမံကိန်းအသစ်တစ်ခုကိုချမှတ်ကာစတင်လုပ်ဆောင်နေကြပြီဖြစ်သည်။

**ကိုယ်ပိုင်နည်းလမ်း**

၁။ စာပိုဒ်များအား သဘောပေါက်အောင်ဖတ်ပါထို့နောက်ဆရာကပေးသော လေ့ကျင့်ခန်းများအား ဖြည့်စွက်ပါ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**


၁။ သင့်ပတ်ဝန်းကျင်ရှိ လူငါးဦးကိုတွေ့ဆုံမေးမြန်းပါ။ ၄င်းတို့သည် ကုန်ပစ္စည်းများကို ရောင်းဝယ်ရာတွင် ငွေကြေး/တိုက်ရိုက် လဲလှယ်မှု အကြိမ်မည်မျှ လုပ်ဆောင်ကြသနည်း။ မည်သည့်အတွက်ကြောင့် မည်သည့်အချိန်တွင် ထိုသို့လုပ်ဆောင်ကြသနည်းမတူသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအပေါ်မူတည်၍ မတူသော စနစ်များကိုအသုံးပြုလေ့ရှိပါသလား။ သင်တွေ့ရှိချက်များကိုအစီရင်ခံစာတစ်စောင်ရေးသားပြီးအတန်းသို့တင်ပြပါ။

## အကြွေး၊ ချေးငွေနှင့်အတိုး





မိမိက ပေးစရာရှိသောငွေကြေးကိုအကြွေးဟုခေါ်သည်။အခြားတစ်ယောက်ထံမှသင်ငွေချေးငှားခဲ့လျှင်၄င်းတို့ကသင့်အားချေးသောငွေကြေးကိုချေးငွေဟုခေါ်သည်။သင့်မိတ်ဆွေက သင့်ကို ၁၀,၀၀၀ ကျပ် ချေးလျှင် သင့်၌ပေးစရာအကြွေး၁၀,၀၀၀ကျပ်ရှိသည်။သင်သည်အခြားသူတစ်ဦးသို့မဟုတ်ဘဏ်တစ်ခုမှငွေချေးခဲ့လျှင်ထိုသူတို့ထံမှ ငွေကိုဝယ်ယူသည်ဟုယူဆနိုင်သည်ဆိုလိုသည်မှာငွေပမာဏအများကြီးကိုချေးငှားနိုင်ရန်အလို့ငှာတစ်ပတ်သို့မဟုတ်တစ်လတစ်ခါငွေပမာဏအနည်းငယ်ပေးရသည်။ ထိုသို့ငွေအနည်းငယ်ပေးခြင်းကိုအတိုးဟုခေါ်သည်။ အတိုးကိုချေးယူသောငွေပမာဏ အပေါ်တွင် ရာခိုင်နှုန်းဖြင့် တစ်နှစ်အပေါ်တွင် အခြေခံပြီး တွက်ချက် ကြသည်။

ဉပမာ – ၉ ရာခိုင်နှုန်းအတိုးဖြင့် ၁၀၀,၀၀၀ကျပ်ချေးယူခဲ့လျှင်တစ်နှစ်လျှင် ၉၀၀၀ ကျပ် (၁၀၀,၀၀၀ ထ ၉/၁၀၀ =၉၀၀၀) ပေးရမည်။ထို့ကြောင့် တစ်လလျှင် ၇၅၀ ကျပ် (၇၅၀ × ၁၂ လ = ၉၀၀၀ ကျပ်အတိုးပေးရမည်ဖြစ်သည်။ အတိုးပေးရခြင်းကြောင့်အကြွေးဆပ်ရသည့်ငွေများလည်း ပိုများလာသည်။လူအများစုသည်၄င်းတို့လက်ထဲတွင် ပိုက်ဆံတစ်ပြားမှမရှိသောကြောင့်သာ ငွေချေးငှားကြခြင်းဖြစ်သည်။ထို့ကြောင့် အတိုးပေးရခြင်းသည်ပြဿနာကို ဆိုးဝါးသွားစေသည်။




မောင်မောင်သည်တောင်ကြီးမြို့တွင်နေထိုင်သည်။ မကြာခင်ကလက်သမားသင်တန်းဆင်းခဲ့သည်သူမိတ်ဆွေထံမှ လက်သမားသုံးပစ္စည်းများဝယ်ရန်ငွေ ၁၅၀၀၀၀ ကျပ်ကို ချေးငှားခဲ့သည်။ တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းချေးငွေအပေါ်တွင်အတိုးပေးရန်သဘောတူညီခဲ့သည်။ ထို့ကြောင့်တစ်လလျှင်၁၅၀၀ကျပ်သူ့မိတ်ဆွေကိုအတိုးပေးရသည်။ တပတ်အကြာတွင်သူလက်တွင်ဒါဏ်ရာရရှိခဲ့သည်။ မည်သည့်အချိန်ကျမှအလုပ်ပြန်လုပ်နိုင်မည်ကိုမသိပါ။ ဆရာဝန်ကဒါဏ်ရာသက်သာရန်လပေါင်းအတော်ကြာမည်ဟုဆိုသည်။ချေးငွေနှင့်အတိုးကိုမည်သို့ပြန်လည်ပေးဆပ်ရမည်နည်းဟုမောင်မောင်စိုးရိမ်လျှက်ရှိသည်။

## ပြည်ပကြွေးမြီ




လူများကဲ့သို့ပင် နိုင်ငံများသည်လည်း အကြွေးတင်တတ်ကြ သည်။ အခြားနိုင်ငံသို့မဟုတ်ပြည်ပဘဏ်များမှချေးယူလျှင်ပြည်ပကြွေးမြီ ဟု ခေါ်သည်။ဆင်းရဲသောနိုင်ငံများသည်ချမ်းသာသောနိုင်ငံများထက် ပို၍ချေးယူကြသည်။ ချေးငွေနှင့်အတိုးပြန် လည်ပေးဆပ်ရန် ပိုပြီးခက်ခဲလာကြောင်းတွေ့ရသည်။ ၁၉၆၀ ခုနှစ် နောက်ပိုင်းတွင်ဆင်းရဲနိုင်ငံများကိုတတိယကမ္ဘာ (သို့) ဖွံ့ဖြိုးဆဲနိုင်ငံများဟုလည်း တစ်ခါတစ်ရံခေါ်ဝေါ်ကြသည်။ ဒီချမ်းသာသောနိုင်ငံများထံမှအတိုးနှုန်းဆက်လက်နည်းနေမည်ဟုယူဆကာ ငွေများချေးကြသည်။ အမှန်တကယ်တွင်မူအတိုး နှုန်းများကိုမြင့်တက်လာခဲ့သည်။ ယခုအခါ ဆင်းရဲသော နိုင်ငံများသည်ချေးငွေအတွက်ပေးရသောအတိုးအပေါ်တွင် ငွေပမာဏများပြားစွာသုံးစွဲနေရသည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများသည် တစ်ဒေါ်လာချေးငွေရရှိတိုင်း ၁၃ ဒေါ်လာအတိုးငွေပြန်လည်ပေးဆပ်နေကြရသည်။ ၁၉၇၀ တွင်ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများပေးဆပ်ရန်ရှိသော ကြွေးမြီမှာ၂၅ ဘီလီယံဒေါ်လာရှိသည်။ ၂၀၀၂ ခုနှစ်တွင် ၅၂၃ ဘီလီယံဒေါ်လာရှိလာသည်။ ထိုကြွေးမြီများကိုကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၇ နိုင်ငံဖြစ်သော အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊အီတလီနှင့်ကနေဒါနိုင်ငံများကသာ ပိုင်ဆိုင်ကြသည်။

# ဆင်းရဲသောနိုင်ငံများအပေါ်ကြွေးမြီ၏အကျိုးသက်ရောက်မှု




ဆင်းရဲသောနိုင်ငံများသည် မိမိတို့၏ ကြွေးမြီအတိုးများပေး ဆပ်ရန်အတွက် နိုင်ငံ၏ကျန်းမာရေး၊ ပညာရေးအစီအစဉ်အတွက်အသုံးပြုရန်ရန်ပုံငွေများမှ နုတ်ယူကြရသည်။ ဥပမာ အာဖရိကရှိ ဇမ်ဘီရာနိုင်ငံသည်နိုင်ငံကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေ ၏ ၂ ဆခန့်ရှိသော ပမာဏကိုကြွေးမြီပြန်လည် ပေးဆပ်ရာ၌ အသုံးပြုသည်။

ကြွေးမြီပြဿနာ တစ်စိတ်တစ်ပိုင်းဖြစ်သော ဆင်းရဲမွဲတေမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကလေး ၁၁ သန်းခန့် သေဆုံးကြရသည်။ကြွေးမြီဝန်ထုပ်ဝန်ပိုးများက နိုင်ငံများ၏ဖွံ့ဖြိုးမှုကိုတားဆီးသကဲ့ သို့ဖြစ်နေသည်ထိုကြွေးမြီဝန်ထုပ်ဝန်ပိုးကြောင့် နိုင်ငံသယ်ယူပို့ဆောင်ရေး၊ပညာရေး၊ကျန်းမာရေးစောင့်ရှောက်မှုစသည့်ကဏ္ဍများကို ဖွံ့ဖြိုးအောင် မလုပ်ဆောင်နိုင်ကြပေ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** အထက်ပါစာပိုဒ်ကိုဖတ်ရှုပြီး မေးခွန်း(၃)ခုစဉ်းစားပါ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၂။** ဆင်းရဲသော နိုင်ငံများ၏ကြွေးမြီများမှာ မျှတမှုမရှိဟုဆိုကြသည်။ အောက်တွင် ဖော်ပြထားသော စာကြောင်းများကိုကြည့်ပါထိုနိုင်ငံများသည် မိမိတို့၏ပြည်ပ ကြွေးမြီများကို ပြန်လည်ပေးဆပ်သင့်သည်ဟု ဆိုခြင်းကို မျှတမှုရှိသည်ဟု ထင်မြင်ယူဆပါသလား။ ဘာကြောင့်နည်း။

- အချို့ကြွေးမြီများသည် ကိုလိုနီဘဝက တင်ရှိနေသောကြွေးမြီများကို လွတ်လပ်ရေးရပြီးနောက် ဆက်လက်ပေးဆပ်နေရ ခြင်း။
- အချို့ကိစ္စရပ်များ၌ ချေးငွေများသည် အာဏာရှင်အစိုးရများ၊ အကျင့်ပျက်ခေါင်းဆောင်များလက် ထဲရောက်ရှိသွား ခြင်း။
- ဆင်းရဲသောနိုင်ငံများသည်မိမိတို့၏ကြွေးမြီများကိုပြန်လည်မပေးဆပ်နိုင်ကြပေ။နှစ်တစ်ရာခန့်ကြာလျှင်၄င်းတို့၏ကြွေးမြီပမာဏသည် ၁၃,၇၈၀,၀၀၀,၀၀၀ ဒေါ်လာ အထိရောက်ရှိလာလိမ့်မည်။ တတိယကမ္ဘာရှိ လူတစ်ဦးလျှင် ၃.၅ မီလီယံဒေါ်လာပေးဆောင်ရမည့် သဘောဖြစ်သည်။
- အကြွေးပြန်မဆပ်နိုင်သော နိုင်ငံများ၏ လက်ရှိခေါင်းဆောင်များသည် အကျင့်ပျက်ခြစားနေပြီး လူထုကိုဖိနှိပ်ထားကြ သည်။

# ဘာလုပ်ပေးနိုင်မည်နည်း။



ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများ၏ ကြွေးမြီများကို ဖျက်သိမ်းပေးရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ကမ္ဘာ့ဘဏ်နှင့် ချမ်းသာသောနိုင်ငံများကို နိုင်ငံတကာမှ ဖိနှိပ်အားပေးလျက်ရှိသည်။ ၂၀၀၅ ဇွန်လ တွင်ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများ (ဂျီ ၈ ဟု လူသိများသည်) သည် အဓိကအားဖြင့် အာဖရိကရှိ ၁၈ နိုင်ငံ၏အကြွေး ၁.၅ဘီလီယံဒေါ်လာခန့်ကို လျှော့ပေါ့ပေးရန် သဘောတူခဲ့သည်။ ထိုပမာဏသည် တစ်နှစ် ပေးဆောင်ရမည့်အတိုး၏၁.၅ ဘီလီယံ ဒေါ်လာခန့်ကို သက်သာစေမည်။ သို့သော် ထိုပမာဏသည် ဆင်းရဲသော နိုင်ငံများ၏ စုစုပေါင်းကြွေးမြီ၇ရာခိုင်နှုန်းသာရှိသေးသည်။ ဂျီ ၈ နိုင်ငံများက သက္ကရာဇ် ၂၀၁၀ အတွင်း အာဖရိကသို့ ပမာဏ ၂ ဆတိုးပြီးအကူအညီများပေးရန် ကတိပြုခဲ့ကြသည်။ ရော့ခ်ဂီတ အဆိုတော်၊ တက်ကြွလှုပ်ရှားသူများဖြစ်သည့် ဘိုနိုနှင့် ဘော့ဂဲဒေါ့ တို့က ဂျီ၈တချို့နိုင်ငံများသည် ၄င်းတို့ ၏ကတိအတိုင်းဆောင် ရွက်ရန်နှေးကွေးနေကြသည်ဟု ဝေဖန်ခဲ့သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၃။** မှား/မှန်ရွေးပါ။ သင့်ဆရာပေးသောလေ့ကျင့်ခန်းများကို ဖြည့်စွက်ပါ။

# အခန်း (၆) ဈေးနှုန်းများ

ဈေးနှုန်းဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုအတွက် ကျခံရသော ကုန်ကျစရိတ်ကိုခေါ်သည်။ (ဥပမာ) လိမ္မော်သီး၁ ကီလိုအတွက်ပေးရသောဈေးနှုန်းမှာ ၁၀၀၀ ကျပ်ဖြစ်သည်။

**ဆွေးနွေးခြင်း**

**၁။** ငွေပေးစရာမလိုဘဲ အလကားရနိုင်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များရှိပါသလား။ ဘာကြောင့် အလကားရနေတာလဲ။


## ဈေးနှုန်းများနှင့်ယှဉ်ပြိုင်ခြင်း

စီးပွားရေးလုပ်ငန်းများအပြိုင်အဆိုင်ပြုလုပ်ရာမှ ဈေးနှုန်းများဖြစ်ပေါ်လာရသည်စီးပွားရေးပြိုင်ဆိုင်မှုဟူသည်ပစ္စည်းတူ သို့မဟုတ်အမျိုးအစားတူသောကုန်ပစ္စည်းဝန်ဆောင်မှုရောင်းချသူအချင်းချင်းကြား ပြိုင်ဆိုင်ခြင်းနှင့် ဝယ်ယူသူအချင်းချင်းကြားပြိုင်ဆိုင်မှုကိုခေါ်သည်။ဈေးနှုန်းကိုထိန်းချုပ်ပြဋ္ဌာန်းပေးသောအရေးပါသည့်ပြိုင်ဆိုင်မှု ၃ မျိုးရှိသည်။



**၁။ ရောင်းသူနှင့်ရောင်းသူ (ပြိုင်ဆိုင်မှု)**

ဟွေလင်းမြို့တွင် အစားအစာရောင်းချသည့်ဆိုင် ၃ ဆိုင်ရှိသည်။ အဆိုပါ၃ဆိုင်စလုံးသည်စားသုံးသူများ (အစားအစာဝယ်လိုသူများ)၎င်းတို့ဆိုင်သို့လာဝယ်ချင်လာအောင်ဆွဲဆောင်ခြင်းဖြင့် ပြိုင်ဆိုင်နေကြသည်။




**၂။ ဝယ်သူနှင့်ဝယ်သူ (ပြိုင်ဆိုင်မှု)**

ဟွေလင်းမြို့တွင်ဓာတ်ဆီလိုအပ်သောစီးပွားရေးလုပ်ငန်းများရှိသည်။ ဟွေ လင်းမြို့သို့ လစဉ်လာရောက်ရောင်းချသော ဓာတ်ဆီပမာဏမှာလည်း အကန့်အသတ်နှင့် ဖြစ်သည်။(လိုချင်သလောက်မရ)ထိုအခါဓာတ်ဆီလိုချင်သောလုပ်ငန်းများအ နေနှင့်ဓာတ်ဆီရရှိအောင်အပြိုင်အဆိုင်ကြိုးပမ်းကြ ရသည်။



**၃။ ရောင်းသူနှင့်ဝယ်သူ(ပြိုင်ဆိုင်မှု)**

ဟွေလင်းမြို့ရှိရန်အောင်အင်္ကျီဆိုင်ကဂျာကင်အင်္ကျီတစ်ထည်ကို ၈,၀၀၀ ကျပ်ဖြင့် ရောင်းချင်သည်။ သို့သော် ဝယ် သူ (စားသုံးသူ) က ၆,၀၀၀ ကျပ်ပဲပေးချင် သည်။

**ဆွေးနွေးခြင်း**

**၂။** သင့်ပတ်ဝန်းကျင်ရှိအတက်ဖော်ပြသောယှဉ်ပြိုင်မှုသုံးမျိုးကိုစဉ်းစားပါ။ ဤယှဉ်ပြိုင်မှုများသည်ဈေးနှုန်းများအပေါ်ဘယ်လို သက်ရောက်မှုရှိသလဲ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၃။** သင့်ပတ်ဝန်းကျင်ကျေးရွာအတွင်း၌ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုရောင်းချသည့်သူများကိုတွေ့ဆုံမေးမြန်းပါ။ ၎င်းတို့ရောင်းချသည့် ပစ္စည်းများ၏ဈေးနှုန်းကို မည်ကဲ့သို့ဆုံးဖြတ်ကြပါသနည်း။ ၎င်းတို့၏ ဈေးနှုန်းများမှာ ပြောင်းလဲတတ်ပါသလား။ ပြောင်းလဲသည်ဆိုလျှင် အဘယ်ကြောင့်ပြောင်းလဲပါသနည်း။ မပြောင်းလဲလျှင် အဘယ်ကြောင့် မပြောင်းလဲ ပါသနည်း။ ၎င်းတို့သည်ဈေးနှုန်းနှင့်ပတ်သက်၍ ဈေးဝယ်သူများနှင့် ဘယ်လောက်အတိုင်းအတာအထိ အလျှော့အတင်း အပေးအယူညှိနှိုင်းကြပါသနည်း။ ၎င်းတို့ပြောကြားချက်များကိုမှတ်သားခဲ့ပါ။ ထို့နောက် အတန်းထဲတွင် မိမိမေးမြန်း ရရှိခဲ့သည်များကို ပြန်လည်တင်ပြနိုင်ရန် ပြင်ဆင်ပါ။

# အခန်း (၇) ရောင်းလိုအားနှင့်ဝယ်လိုအား

ရောင်းလိုအားနှင့်ဝယ်လိုအားသည် စီးပွားရေးသဘောတရား၏အရေးကြီးဆုံးအပိုင်းဖြစ်သည်။

- ရရှိနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုပမာဏသည် ရောင်းလိုအားဖြစ်သည်။
- ထိုကုန်စည်နှင့် ဝန်ဆောင်မှုများကို အလိုရှိသော လူအရေအတွက်နှင့် ၄င်းတို့အလိုရှိသော ပမာဏသည် ဝယ်လိုအား ဖြစ်သည်။







**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** သင့်ပတ်ဝန်းကျင်၌ ဝယ်လိုအားသည် ရောင်းလိုအားထက် ပိုများနေသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို စဉ်းစားပါ။ ထို့နောက် ရောင်းလိုအားက ဝယ်လိုအားထက် ပိုများနေသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကို စဉ်းစားပါ။ စာရင်း ၂ ခုပြုစုပါ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၂။** အောက်ပါမေးခွန်းများကို ဖြေဆိုပါ။


**က။** ဇန်နဝါရီလတွင် စစ်တွေမြို့ အထည်ဆိုင်တစ်ခုဆိုင်းတွင် အင်္ကျီအထည် ၄၀ သာရှိပြီး ဝယ်လိုသူဦးရေမှာ ၂၀၀ ဖြစ်သည်ရောင်းလိုအားနှင့်ဝယ်လိုအားမည်သည်ကပိုများသနည်း။ ၄င်းအင်္ကျီ၏ ဈေးနှုန်းသည် မြင့်တက် သို့မဟုတ် နိမ့်ကျ သွားမည်လား။ ဘာကြောင့်နည်း။

**ခ။** မေလတွင်အင်္ကျီမှာအထည်၈၀ရှိပြီးဝယ်လိုသူ၃၀ဦးရှိသည်။ ရောင်းလိုအားနှင့်ဝယ်လိုအား မည်သည်က ပိုများသနည်ဈေးနှုန်းသည်တက်မည်လော ကျမည်လော။ ဘာကြောင့်နည်း။



**ကိုယ်ပိုင်နည်းလမ်း**

**၃။** ပုံကိုကြည့်ပါ။ ရောင်းလိုအားနှင့် ဝယ်လိုအားကိုပုံကမည်သို့သရုပ်ဖော်ပြသနည်း။ ပြိုင်ပွဲတွင် မည်သည့်ဘက်က နိုင်မည်နည်း။ လွတ်လပ်သောစီးပွားရေးတွင်ရောင်းလိုအားနှင့် ဝယ်လိုအား မည်သည့် အားက ပိုသာသနည်း။



# ဝယ်လိုအားကိုအကျိုးသက်ရောက်စေသောအချက်များ

အုပ်စုလေ့ကျင့်ခန်း

**၁။** ဝယ်လိုအားကိုအကျိုးသက်ရောက်စေသောအချက်များကိုစဉ်းစားပါ။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၂။** အောက်တွင်ဖော်ပြထားသောအချက်များကိုကြည့်၍အဖြေရှာပါ။

### ၁။ ပစ္စည်းတစ်ခု၏ဈေးနှုန်း (ကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုတစ်ခု)

ဈေးနှုန်းကျလျှင် ဝယ်လိုအားမြင့်တက်လာမည်။ ဈေးနှုန်းတက်လာလျှင် ဝယ်လိုအားကျဆင်းသွား မည်။

မေးခွန်း–ဖားအံမြို့၌သရက်သီးဈေးနှုန်းသည်တစ်ကီလို၂၀၀ ကျပ်မှ ၁၀၀၀ ကျပ်သို့မြင့်တက်သွားသည်။သရက်သီး ဝယ်လိုအား တက် သို့မဟုတ်ကျသွားမည်လားဘာကြောင့်နည်း။

### ၂။ စားသုံးသူများ၏ဝင်ငွေ (လခ)

ပြည်သူများဝင်ငွေပိုလာလျှင် ပို၍ဝယ်ယူနိုင်မည်။ ထို့ကြောင့်ပြည်သူများဝင်ငွေပိုကောင်းလာလျှင် ဝယ်လိုအားသည်လည်း မြင့်တက် လာမည်။ သို့သော် ဝင်ငွေနည်းလျှင် ဝယ်လိုအားကျမည်။

မေးခွန်း – မအေးအေးသည် တောင်ကြီးမြို့ကဆရာမတစ်ယောက်ဖြစ်သည်။ သူမချောကလက်ကိုအလွန်ကြိုက်သော်လည်းသူမဝင်ငွေမှာနည်းသောကြောင့် များစွာဝယ်မစားနိုင်ပါ။ တစ်နေ့ သူမ ကျောင်းအုပ် ဆရာမကြီးအဖြစ်ရာထူးတက်သွားသောကြောင့် လစာလည်းပိုရလာသည်သူမ ချောကလက်ပို၍သို့မဟုတ် လျော့၍ ဝယ်ယူမည်လား။ အဘယ်ကြောင့်နည်း။

### ၃။ အစားထိုးပစ္စည်းများ၏ဝယ်လိုအား(ကုန်ပစ္စည်း/ဝန်ဆောင်မှုများ)

ပိုမိုကောင်းမွန်ပြီး ဈေးလည်းသက်သာသော အခြားပစ္စည်းတစ်ခုကိုရရှိနိုင်လာလျှင် လူများသည် ထိုပစ္စည်းအားဝယ်ယူလာကြသည်ထို့ကြောင့် ပထမပစ္စည်း၏ ဝယ်လိုအား ကျဆင်းသွားမည်။

မေးခွန်း – မြင့်သူသည် မြစ်ကြီးနား၌ နေထိုင်သည်ဈေး၌ဖိနပ်ဆိုင်တစ်ဆိုင်ရှိသည်။ တစ်နေ့တခြားဖိနပ်ဆိုင်တစ်ဆိုင်လည်းထိုဈေး၌လာဖွင့်ပြီး ရောင်းချလာသည်။ ထိုဖိနပ်ဆိုင်မှဖိနပ်များသည်မြင့်သူ၏ဖိနပ်များထက် ပိုခိုင်ခံ့ပြီး ဈေးလည်း သက်သာသည်။ရက်တစ်တစ်ပတ်အနည်းငယ်ကြာပြီးနောက်မြင့်သူဖိနပ်များရောင်းအားမည်သို့ဖြစ်မည်နည်း။ ဘာကြောင့်နည်း။

### ၄။ တစ်ချိန်တည်းမျာပင် အခြားပစ္စည်း၏ဝယ်လိုအား

စားသုံးသူ၌ သုံးစွဲမည့်ငွေပမာဏမှာ အကန့်အသတ်နှင့်သာရှိနေသည်။ တစ်ချိန်တည်းမှာပင် ပစ္စည်းတစ်ခုထက် ပိုဝယ်ခဲ့လျှင်အခြားပစ္စည်းအား ဝယ်ယူရန် ငွေပမာဏ လျော့နည်းသွားပေလိမ့်မည်ထို့ကြောင့်အခြားပစ္စည်းများ၏ဝယ်လိုအား ကျသွားပေလိမ့်မည်။

မေးခွန်း – ဦးထွန်းထွန်းသည် တောင်ငူမြို့၌နေထိုင်သောလယ်သမားတစ်ဦးဖြစ်သည်။ ဇနီး၊ သားသုံးယောက်နှင့်လယ်လုပ်ငန်းလုပ်ကိုင်သည်။ ဦးထွန်းထွန်းသည်သူ့ပိုက်ဆံအတော်များများကိုသူ၏ မြေးများအတွက်သကြားလုံးဝယ်လိုက်သည်။ မေလတွင် မိုးရာသီအတွက်ရာဘာဘွတ်ဖိနပ်ဝယ်ရန်စဉ်းစားသည်။ မေလတွင်သကြားလုံးဝယ်ရန်ပိုက်ဆံအများကြီးသို့မဟုတ်အနည်းငယ်သာ သုံးမည်လား။ဘာကြောင့်နည်း။

### ၅။ ပစ္စည်းအား လူအများကြိုက်နှစ်သက်မှုရှိခြင်း/မရှိခြင်း

ပစ္စည်းတစ်ခုအား ကာလတစ်ခုအထိသာလူများကြိုက်နှစ်သက်ပေမည်။ ကြိုက်နှစ်သက်မှုမရှိလျှင်မဝယ်ကြတော့ပေ။ ထို့ကြောင့်ထိုပစ္စည်း၏ ဝယ်လိုအားကျဆင်းသွားပေလိမ့်မည်။

မေးခွန်း – မယဉ်ထွေး၌ ငှက်ပျောသီးကြိုက်သောကလေးသုံးယောက်ရှိသည်။ သူတို့အတွက် ငှက်ပျောသီးများဈေးကနေအမြဲဝယ်လေ့ရှိသည်။ တစ်နေ့၌ သူမကလေးများကလိမ္မော်သီးကို ပိုကြိုက်ကြောင်းသူမအားပြောကြသည်။ သူမ နောက်တစ်ကြိမ် ဈေးသွားလျှင်ဘာဝယ်လာမည်နည်းဘာကြောင့်နည်း။

# ရောင်းလိုအားကိုအကျိုးသက်ရောက်စေသောအချက်အလက်မျာ

အဖွဲ့လိုက်လေ့ကျင့်ခန်း

**၁။** ရောင်းလိုအားကိုအကျိုးသက်ရောက်သောအချက်များကိုစဉ်းစားပါ။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၂။** အောက်တွင်ဖော်ပြထားသောအချက်များကို ကြည့်၍အဖြေရှာပါ။

### ၁။ ပစ္စည်းတစ်ခု၏ဈေးနှုန်း

ပစ္စည်းတစ်ခု၏ဈေးနှုန်းမြင့်တက်လာလျှင် ပိုက်ဆံပိုရသောကြောင့်ထုတ်လုပ်သူများသည် ၄င်းပစ္စည်းကို ရောင်းချင်ကြသည်။

မေးခွန်း – ဦးသက်စင်း၌ထီးစက်ရုံတစ်ခုရှိသည်။ ဖွန်လတွင် မိုးရာသီဖြစ်သောကြောင့်လူများကထီးဝယ်ကြသဖြင့်ထီးဈေးနှုန်းမှာမြင့်တက်သွားသည်။ ဦးသက်စင်းထီးများ ပိုထုတ်/လျော့ထုတ်မည်လား။ အဘယ်ကြောင့်နည်း။

### ၂။ ကုန်ပစ္စည်းထုတ်လုပ်မှုစရိတ်

ကုန်ပစ္စည်းတစ်ခု၏ထုတ်လုပ်မှုစရိတ်အလွန်မြင့်မားလျှင်ထုတ်လုပ်သူများသည် အမြောက်အမြား မထုတ်လုပ်ကြပေ။

မေးခွန်း – ဒေါ်လန်းမှုသည် မိုးကုတ်မြို့၌ နေထိုင်သည်။ သူမသည် ငွေလက်ကောက်နှင့် ရွှေအဖိုးတန်ကျောက်မျက်လက်စွပ်တို့ကိုထုတ်လုပ်ရောင်းချသည်။ ငွေလက်ကောက်အားလူအများစုကဝယ်နိုင်သော်လည်းတန်ဖိုးကြီးလက်စွပ်တို့ကို လူအနည်းငယ်သာဝယ်နိုင်သည်သူမသည်လက်စွပ်/လက်ကောက်ကိုပိုထုတ်လုပ်မည်လား။ အဘယ်ကြောင့်နည်း။

### ၃။ တူညီသော ကုန်ကြမ်းအားအသုံးပြု၍ ထုတ်လုပ်ထားသော အခြားကုန်ပစ္စည်း၏ရောင်းလိုအားထုတ်လုပ်သူ

မိမိ၏ကုန်ကြမ်းများအား အခြားကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုရန်ဆုံးဖြတ်ပေလိမ့်မည်။

မေးခွန်း – ဦးမန်းမန်းသည် မော်လမြိုင်နား၌ လယ်ယာသုံးပစ္စည်း ထုတ်လုပ်သော ပန်းပဲဖိုတစ်ခုရှိသည်။ တစ်နေ့၌ မော်လမြိုင်မြို့ရှိ ကားများသည် ဟောင်းနွမ်းနေပြီဖြစ်သဖြင့်ပုံမှန်ပြုပြင်ရန်လိုအပ်လာသဖြင့်ကားအပိုပစ္စည်းများထုတ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ကားအပိုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းအား စတင်လုပ်ကိုင်ခြင်း ကြောင့်လယ်ယာသုံးပစ္စည်းထုတ်လုပ်ခြင်းမည်သို့ ဖြစ်လာမည်နည်း။အဘယ်ကြောင့်နည်း။

### ၄။ ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ခြင်းသည်အခြားတစ်ခုရောင်းလိုအားကိုအကျိုးသက်ရောက် သောအခါ

တစ်ခါတစ်ရံ ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ခြင်းသည်အခြားကုန်ပစ္စည်း၏ရောင်းလိုအားကို ပိုတိုးလာစေပါသည်။

မေးခွန်း – မရီမင်းသည် လားရှိုး၌ ကြက်ခြံလုပ်ငန်းလုပ်ကိုင်သည်။ ကြက်ဥနှင့်ကြက်သားများရောင်းသည်ကြက်ဥအဝယ်တိုးလာသဖြင့်ကြက်ဥများပိုရောင်းနိုင်ရန်အတွက် ကြက်များ ၂၅ ရာခိုင်နှုန်းထပ်ဝယ်လိုက်သည်။၄င်းကြောင့်ကြက်သားအရောင်းပမာဏမည်သို့ဖြစ်လာမည်နည်းအဘယ်ကြောင့်နည်း။


### မမျှော်လင့်သောအဖြစ်အပျက်များ


ဆန္ဒပြပွဲများ၊သဘာဝကပ်ဘေးများ၊စစ်ပွဲ၊နိုင်ငံတကာပဋိပက္ခများစသည်တို့သည်လည်းရာင်းလိုအားကိုအကျိုးသက်ရောက်နိုင်ပါသည်။

မေးခွန်း – သီရိသည် နေပြည်တော်အနီးကရွာတစ်ရွာမှာနေထိုင်သည်။ရွာသားများသည် အနီးနားက လယ်မြေများတွင်စပါးစိုက်ပျိုးကြသည်။လွန်ခဲ့သောနှစ် မိုးရာသီတွင်ပုံမှန်ထက်မိုးနည်းခဲ့သဖြင့်စပါးအထွက်မကောင်းခဲ့ပေ။ ထို့ကြောင့်ရွာ၌စပါးအရောင်းမည်သို့ဖြစ်မည်နည်း။အဘယ်ကြောင့်နည်း။

## ဈေးနှုန်းနှင့် ရောင်းလိုအား/ဝယ်လိုအား

အောက်ပါပုံပြ မျဉ်းများသည် လိမ္မော်သီးဈေးနှုန်းနှင့် ရောင်းလိုအား/ဝယ်လိုအား ဆက်စပ်နေ မှုကိုပြသည်။ဂရပ်မျဉ်းပြပုံပါသည်။



**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** ပုံပြမျဉ်းများ၏ဖော်ပြချက်ကို ရှင်းပြပါ။

## ကြော်ငြာလုပ်ငန်းနှင့်ဝယ်လိုအား

ကြော်ငြာလုပ်ငန်းဆိုသည်မှာကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား လူအများပိုမိုသိရှိလာစေရန် ထိုကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏အရည်အသွေးအား လူများယုံကြည်မှုရှိလာစေရန်၄င်းတို့အားဝယ်ယူစေရန်ပြုလုပ်ပေးသောလုပ်ငန်းစဉ် ဖြစ်သည်။ ကုန်ပစ္စည်းချင်းတူသော်လည်းလူသိများသော ကုန်ပစ္စည်းသည် လူသိနည်းသော ကုန်ပစ္စည်းထက် ပို၍ ဈေးကြီးသည်။

**ဆွေးနွေးခြင်း**

**၂။** နာမည်ကြီးကုန်ပစ္စည်းတံဆိပ်များအားစဉ်းစားပါအခြားတံဆိပ်တွေထက် ၄င်းပစ္စည်းများကပိုကောင်းသည်ဟုထင်ပါသလား အဘယ်ကြောင့်နည်း။




**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၃။** သတင်းစာများနှင့်မဂ္ဂဇင်းများရှိကြော်ငြာများကိုကြည့်ပါ။၄င်းကြော်ငြာများက သင့်အား မည်သည့်အကြောင်းများပြောနေပါသနည်း။ အတန်းအားပြသရန် ဥပမာတစ်ခုပေးပါ။

**ဆွေးနွေးခြင်း**

**၄။** ကုန်ပစ္စည်းချင်းတူသော်လည်းနိုက်ဖိနပ်/ အင်္ကျီများဝယ်လျှင်အခြားပစ္စည်းများထက်ပို၍ ဈေးကြီးသည်ဘာကြောင့်နည်း။ဘောလုံးကစားသမား ရော်နယ်ဒင်ညိုအင်္ကျီပေါ်တွင်ကြော်ငြာ တစ်ခုကိုသင်မြင်တွေ့ပါသလားဘာကြောင့်သူအင်္ကျီပေါ်တွင်ကုမ္ပဏီကကြော်ငြာချင်ပါသနည်း။

**ဆွေးနွေးခြင်း**

**၅။** သင်၏ပတ်ဝန်းကျင်တွင်ကြော်ငြာများကိုမည်သည့်နေရာ၌တွေ့မြင်ရသနည်း။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**


**၆။** သင်၏ပတ်ဝန်းကျင်ရှိကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုတစ်ခုအတွက်မဂ္ဂဇင်းကြော်ငြာတစ်ခုပြုလုပ်ပါ။ ၄င်းကြော်ငြာအဓိကရည်မှန်းချက်သည် ရောင်းအားတက်လာစေရန်ဖြစ်သည် သင့်ကြော်ငြာအား အတန်းသို့တင်ပြပါ။

# အခန်း (၈) ငွေကြေးဖောင်းပွမှု

**စဉ်းစားခိုင်းခြင်း**

၁။ ငွေကြေးဖောင်းပွခြင်းဆိုသော စကားလုံး၏ အဓိပ္ပါယ်ကိုသင်သိပါလား။ ဈေးနှုန်းနှင့် ဆက်စပ်နေ သည်ဟု သင်ထင်ပါသလား။

**ဆွေးနွေးခြင်း**



၂။ သင့်ပတ်ဝန်းကျင်ရှိ ခေတ်အစားဆုံး ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကို စဉ်းစားပါ။ ရှေ့ဆက်၍ ထိုကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းများတက်မည်/ ကျမည်လား။ ဘာကြောင့်နည်း။

ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ အထွေထွေကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏စရိတ်များမြင့်မားလာခြင်းဖြစ်သည်။ ၎င်းကို ကာလတစ်ခု သတ်မှတ်တိုင်းတာကြသည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အများအပြား၏ ဈေးနှုန်းများ မြင့်လာမှသာလျှင် ငွေဖောင်းပွသည်ဟု ပြောနိုင်သည်။ ကြက်သား ဈေးနှုန်းများ ရုတ်တရက်တက်သွားပြီး၊ အခြားကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းများလိုက်တက်ခြင်းမရှိလျှင်၊ ငွေဖောင်းပွခြင်း မဟုတ်ပေ။

အပြန်အလှန်အားဖြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းများ ကျဆင်းလျှင်လည်း ၎င်းကိုငွေကြေးကျုံ့ဝင်ခြင်းဟု ခေါ်သည်။ ငွေကျုံ့ခြင်းသည် ဖြစ်ခဲ့သည်။













## ငွေကြေးဖောင်းပွခြင်းကို တိုင်းတာခြင်း၊ စားသုံးသူဈေးနှုန်းညွှန်ကိန်း (စီပီအိုင်)

အစိုးရများသည် ငွေဖောင်းပွခြင်းကို တိုင်းတာရန်စားသုံးသူဈေးနှုန်းညွှန်ကိန်းကို အသုံးပြုကြသည်။ ထိုညွှန်ကိန်းက ကာလတစ်ခုအတွင်း ခြင်းတောင်းတစ်ခုထဲတွင် ပါဝင်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းပျမ်းမျှပြောင်းလဲခြင်းကို တိုင်းတာသည်။

ထိုခြင်းထဲတွင်အစားအသောက်၊ အဝတ်အထည်၊ အိမ်ယာ၊ အိမ်သုံးပစ္စည်းများ၊ အရက်၊ စီးကရက်၊ သယ်ယူပို့ဆောင်ရေး၊ကျန်းမာရေးစောင့်ရှောက်မှု ၊ပညာရေးစသည့် အများသုံးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့ပါဝင်သည်။




### အခြေခံနှစ်

အင်မလေးရှင်ကို တိုင်းတာရာတွင် နှစ်တစ်နှစ်ကိုအခြေခံနှစ်ဟု သတ်မှတ်၍ထိုနှစ်ရှိ စားသုံးသူ ဈေးနှုန်းညွှန်ကိန်းများကို ၁၀၀ ဟု သတ်မှတ်မည်။ ငွေကြေးဖောင်းပွမှုကို တွက်ချက်ရာတွင် အဆိုပါအခြေခံနှစ်နှင့်နှိုင်းယှဉ်ပြီး၊ ရာခိုင်နှုန်းအားဖြင့်မည်မျှ ပြောင်းလဲကြောင်းတွက်ချက်ကြည့်ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် တိုင်းနိုင်ငံ၏အခြေခံနှစ်သည် ၂၀၀၂ ဆိုပါစို့။ ထို၂၀၀၂ ခုနှစ်ကို အဆင့် ၁၀၀ ရှိသည်ဟု သတ်မှတ်ပါ။ ၂၀၀၃ ခုနှစ်တွင်ကုန်ပစ္စည်းများအားလုံးဈေးမှာ ပျမ်းမျှ၁၈ဆတက်သွားလျှင် ၂၀၀၃ ခုနှစ်၏ စီပီအိုင်သည် အဆင့် ၁၀၁.၈၀ ရမည်ဖြစ်သည်။ (အခြေခံနှစ်၏အဆင့် ၁၀၀ အပေါင်း ၁ .၈ ဟုဆိုလိုခြင်းဖြစ်သည်။

**ကိုယ်ပိုင်နည်းလမ်း**


၃။ အထက်ပါဂရပ်ကို ကြည့်ပါ။ ၁၉၉၉၊ ၂၀၀၀၊၂၀၀၃၊၂၀၀၄၊ ၂၀၀၅ ခုနှစ်များ၏ နှစ်လည်တွင်ရှိမည့် (စီပီအိုင်) ကိုခန့်မှန်းပါအတိအကျဖြစ်ရန်မလိုပေ။၂၀၀၂ခုနှစ်အတွက်နမူနာဖြေဆိုချက်ကိုကြည့်ပါ။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၁။** အောက်ဖော်ပြပါဥပမာကိုကြည့်၍ မေးခွန်းများကို ဖြေဆိုပါ။

လိမ္မော်သီးနှင့် ဒေါ်လာဆိုသောကုန်ပစ္စည်း (၂) ခုသာရှိသည်ဆိုပါစို့။ ကုန်ပစ္စည်း (၂) မျိုးစလုံးသည်လည်း အကန့်အသတ်နှင့်သာရနိုင်သည်ဆိုပါစို့။ ၎င်းတို့၏ ရောင်းလိုအားမှာ အကန့်အသတ် ဖြင့်သာရှိသည်။

ကုန်စည် ၁၊ လိမ္မော်သီးများ





ကုန်စည်း ၂၊ ဒေါ်လာများ

ပထမနှစ်။–လိမ္မော်သီးအလုံး ၁၀,၀၀၀ နှင့်၊ ဒေါ်လာ ၅၀၀၀ ရှိသည်။ ထို့ကြောင့် တစ်ဒေါ်လာလျှင် လိမ္မော်သီး ၂လုံးရ မည်ဖြစ်သည်။

ဒုတိယနှစ်။–မိုးနည်းသောနှစ်ဖြစ်သည်။ လိမ္မော်သီးအလုံး ၅၀၀၀ သာထွက်ရှိပြီး၊ ဒေါ်လာက ၅၀၀၀ ဆက်ရှိနေမည်ဆိုပါစို့။ တစ်ဒေါ်လာလျှင် လိမ္မော်သီးတစ်လုံးသာ ရတော့မည်ဖြစ်သည်။

မေးခွန်း (၁)။–လိမ္မော်သီးဈေးနှုန်းမည်သို့ဖြစ်မည်နည်း။ အဘယ်ကြောင့်နည်း။

တတိယနှစ်။–ရာသီဥတုကောင်းမွန်သောနှစ်ဖြစ်သည်။ ထို့ကြောင့် လိမ္မော်သီးအထွက် ၁၅,၀၀၀ အထိတိုးလာသည်။ ဒေါ်လာကတော့ ၅၀၀၀ ဆက်ရှိဆဲဖြစ်သည်။ တစ်ဒေါ်လာလျှင် လိမ္မော်သီး ၃လုံးရမည် ဖြစ်သည်။

မေးခွန်း (၂)။–လိမ္မော်သီးဈေးနှုန်းမည်သို့ ဖြစ်မည်နည်း။ အဘယ်ကြောင့်နည်း။

စတုတ္ထနှစ်။–လိမ္မော်သီး ပုံမှန်သာထွက်ရှိသောနှစ်ဖြစ်ပြီး အလုံး ၁၀,၀၀၀ ထွက်ရှိသည်။ သို့သော် ဗဟိုအစိုးရက ပိုက်ဆံများပိုမိုရိုက်ထုတ်ရန်ဆုံး ဖြတ်ခဲ့သည်။ ဈေးကွက်ထဲတွင် ဒေါ်လာ ၁၀,၀၀၀ ရှိလာသည်။ တစ်ဒေါ်လာလျှင် လိမ္မော်သီးတစ်လုံး သာရတော့ဖြစ်သည်။

မေးခွန်း (၃)။–လိမ္မော်သီးဈေးနှုန်းမည်သို့ဖြစ်မည်နည်း။ အဘယ်ကြောင့်နည်း။

## ငွေကြေးဖောင်းပွခြင်းဖြစ်ရသောအကြောင်းအရင်းများ၊


အဖွဲ့လိုက်လေ့ကျင့်ခန်း

**၂။** ငွေကြေးဖောင်းပွခြင်းသည်မည်သည့်အတွက်ကြောင့်ဖြစ်ရသနည်း။ စာရင်းပြုစုပါ။ အခြေအနေ (က–င) ကိုကြည့်ပါ။ရောင်းလိုအားနှင့် ဝယ်လိုအားကို စဉ်းစားရာတွင်သင့်ကိုအထောက်အကူးပေးပါလိမ့်မည်။




**က။** အောင်ကျော်သည် စစ်တွေမြို့၌မော်တော်ဆိုင်ကယ်ပြင်ဆိုင်လေး တဆိုင်ဖွင့်ထားသည်။ စစ်တွေမြို့ စက်ရုံ တစ်ရုံမှဆိုင်ကယ်အပိုပစ္စည်းများကိုဝယ်ပေးလေ့ရှိသည်။ ပြီးခဲ့သည့်လကထိုစက်ရုံ ပိတ်လိုက်ရသောကြောင့် ယခုရန်ကုန်မှဝယ်နေရလေသည်။ ပစ္စည်းရောက်ရန်အချိန်ကြာမြင့်ခြင်း၊ ပစ္စည်းလုံလောက်စွာ မရရှိခြင်းများ ဖြစ်ပေါ်နေသဖြင့် ပစ္စည်းမလုံလောက်မှုပြတ်တောက်သွားမှုများ ကြုံနေရလေသည်။ သူ၏ဖောက်သည်များ ကပစ္စည်းရှားပါးသဖြင့် ဈေးပိုပေးလာခြင်း၊ပစ္စည်းအနည်းငယ်သာရောင်းရသဖြင့် ဝင်ငွေလျော့နည်းလာမှု မဖြစ်စေရန်အတွက် ဈေးနှုန်းကို မြှင့်လိုက်သည်။)

**ခ။** ဆာဆာသည် ဘန်ကောက်ရှိချောကလက်စက်ရုံတစ်ရုံတွင်အလုပ်လုပ်သည်။ ဘတ် ၁၀တန်ယမ်တံဆိပ် ချောကလက်ထုတ်လုပ်သောစက်ရုံတစ်ရုံဖြစ်သည်။ထိုစက်ရုံအလုပ်သမားအား လုံးနီးပါးမှာ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များဖြစ်ကြသည်။ မကြာမီက စက်ရုံမှ လုပ်အားခ ၈% တိုးပေးရန် အလုပ်သမားသမဂ္ဂအဖွဲ့ကဦးဆောင်ဆွေးနွေးရာအောင်မြင်ခဲ့သည်စက်ရုံကထိုလုပ်အားခတိုး ပေးလိုက်ရသောငွေကိုကာမိစေရန်ယမ်၏ဈေးနှုန်းကို ၁၁ ဘတ်သို့ဈေးတင်လိုက်သည်။



ဂ။ မဇ်လီယာမြို့တွင်လွန်ခဲ့သောနှစ်ကလိမ္မော်သီးအထွက်နည်းခဲ့သည်။ လိမ္မော်သီးရှားပါးလာမှုကြောင့် လိမ္မော်သီးဈေးများတက်သွားသည်။ စီးပွားရေးဝန်ကြီးသည်လိမ္မော်သီးအလုပ်သမားသမဂ္ဂနှင့် တွေ့ဆုံသည်။ အလုပ်သမားများသည်လိမ္မော်ရည်ကိုပင်ဝယ်မသောက်နိုင်အောင်ဖြစ်လာကြသောကြောင့် လိမ္မော်သီးအလုပ်သမားများသမဂ္ဂကၢင်းတို့လုပ်အားခကိုတိုးပေးရန် စီးပွားရေးဝန်ကြီးထံတောင်း ဆိုခဲ့သည်။ ဝန်ကြီးကလိမ္မော်ကုမ္ပဏီနှင့် ညှိနှိုင်းပေးရာ လုပ်အားခ ၁၅% တိုးပေးရန် သဘောတူခဲ့သည်။ သို့သော်ကုမ္ပဏီကတိုးပေးရသောလုပ်အားခကိုကာမိစေရန် လိမ္မော်ရည်ဈေးနှုန်းကို ၆% တက်လိုက်သည်အလုပ်သမား များဆန္ဒပြရာ ဝန်ကြီးလည်းရာထူးမှဖယ်ရှားခံလိုက်ရ သည်။ ဝန်ကြီးသစ်ကကုမ္ပဏီနှင့် ဆွေးနွေးရာလုပ်အားခ ၅% ထပ်မံတိုးပေးခဲ့သည်ဈေးများလည်းထပ်တက်လာပြန် တော့သည်။





၁ ဒေါ်လာဖြင့်နိုင်ယှဉ်လျှင်အစဉ်အလာ ဘတ်ငွေတန်ဖိုး

၁၉၉၇–၉၈ တွင် အရှေ့တောင်အာရှတွင်စီးပွားပျက်ကပ်တစ်ခုဖြစ်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်အယုံအကြည်မရှိတော့၍ ၎င်းတို့၏ ငွေများကိုပြန်လည်ထုတ်ယူသွားကြသည်။ (လိမ္မော်ရည်ကိုပင် ဝယ်မသောက်နိုငလ်ဖြစ်လာကြသောကြောင့်လိမ္မော်သီးအလုပ်သမားများ သမဂ္ဂကၢင်းတို့လုပ်အားခကိုတိုးပေးရန် စီးပွားရေးဝန်ကြီးထံတောင်းဆို ခဲ့ကြသည်။ ဝန်ကြီးကလိမ္မော်သီးကုမ္ပဏီနှင့် ညှိနှိုင်းပေးရာလုပ်အားခ ၁၅% ရာခိုင်နှုန်းတိုးပေးရန်သဘောတူညီခဲ့သည်။ သို့သော်ကုမ္ပဏီကတိုးပေးလိုက်ရသောလုပ်အားခကိုကာမိစေရန် လိမ္မော်ရည်ဈေးနှုန်းကို ၆% ရာခိုင်နှုန်းတက်လိုက်သည်။ အလုပ်သမားများ ဆန္ဒပြသဖြင့် ဝန်ကြီး သည်ရာထူးမှဖယ်ရှားခြင်းခံလိုက်ရသည်။ ဝန်ကြီးအသစ်ကကုမ္ပဏီနှင့် ဆွေးနွေးရာ လုပ်အားခ ၅% ရာခိုင်နှုန်း ထပ်မံတိုးပေးခဲ့သည်။ ဈေးများထပ်တက်လာပြန်တော့သည်။)

င။ စတီဗင်သည် အာဖရိကတိုက်ရှိ ကင်ညာနိုင်ငံမှဒည့်လမ်းညွှန်တစ်ယောက်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များကို နိုင်ငံအနှံ့ကားမောင်းပို့ပေးရသည်။ အရှေ့အလယ်ပိုင်း ပြဿနာကြောင့်၊ ရေနံဈေးများအဆမတန်မြင့်တက်သွားရာကင်ညာနိုင်ငံတွင်ဓာတ်ဆီဈေးမှာအရမ်းမြင့်တက်သွားသည်။ ထို့ကြောင့် သူ၏ ကားခကိုလည်းဈေးတက်ယူရန်ဆုံးဖြတ်ခဲ့သည် သို့သော်လည်းခရီးသည်များလျော့နည်းသွား မည်ကို စိုးရိမ်နေသည်။



## ငွေကြေးဖောင်းပွခြင်းအကျိုးသက်ရောက်မှုများ


အားကောင်းပြီး ညီမျှသော စီးပွားရေးတွင် ဈေးနှုန်းသည် (တစ်နှစ် ၂% သို့ မဟုတ် ၃%သာ) တဖြည်းဖြည်းတက်လာသင့် သည်။ ဈေးနှုန်းများအလွန်လျှင်မြန်စွာ မြင့်မားလာမှသာလျှင်ငွေကြေးဖောင်းပွခြင်း ဖြစ်လာသည်။

အောက်တွင်တင်ပြထားသောဥပမာ (၅) ခု များကိုဖတ်ပါ။ စကားလုံးများနှင့် အဓိပ္ပါယ်များကို နားလည်ထိုင်မှုရှိမရှိ စစ်ဆေးပါ။



ဥပမာ (၁) ဆာမိသည်အာဖရိကတိုက်ရှိအီသီယိုပီးယားနိုင်ငံတွင်နေသည်။ သူသည် မြို့တော် အဒီအဘာဘာတွင်စားသောက်ဆိုင်လေးတစ်ဆိုင်ဖွင့်သည်။ ပြီးခဲ့သောနှစ်မှစ၍သူ့သမီးကောလိပ်ကျောင်းစရိတ်ပေးရန်အတွက် ငွေစုနေခဲ့သည်။ ယခုငွေကြေးဖောင်းပွနေခြင်းကြောင့် ဘဏ်ရှိစုထားသောသူ့ငွေမှာတန်ဖိုးကျလာနေသည်။ ထို့ကြောင့် ဘဏ်မှငွေများကိုထုတ်ပြီးမိမိစားသောက်ဆိုင်အတွက် မီးဖိုနှင့်ရေခဲသေတ္တာအသစ် တစ်ခုကို ဈေးမတက်ခင်ဝယ်ရန်ဆုံးဖြတ်လိုက်သည်။

ဥပမာ (၂) တာရစ်သည် အီရတ်နိုင်ငံ ဘတ်ဒက်မြို့တွင် နေထိုင်သည်။ သူသည် အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်ခဲ့သဖြင့်၊ ပင်စင်လစာအနည်းငယ်ရသည်။ ပင်စင်လစာငွေမှာ တစ်နှစ်လျှင် ၂% တိုးသည်။ လစဉ်ဝင်ငွေ အနည်းငယ်ရရှိသော ကော်ဖီဆိုင်ငယ်လေးတစ်ခု လည်းရှိသည်။နိုင်ငံစီးပွားရေးပြဿနာများကြောင့်၊ဈေးနှုန်းများမှာတစ်နှစ်၂၀% မြင့်မားလာနေသည်။ သူ့ပင်စင်ငွေနှင့်မလောက်တော့ပေ၊ကော်ဖီဈေးနှုန်းများကို မြှင့်တင်လိုက်သဖြင့်သူဆိုင်သို့လူလာနည်းသွားသည်၊လူများသည် မိမိတို့၏ငွေများကိုငွေဖောင်းပွမှုနေ့ကွေးကျဆင်းသွားချိန်အထိရွှေ၊ငွေ၊ကျောက်မျက်ပစ္စည်းများကိုသာ ဝယ်နေကြသည်။





ဥပမာ (၃) မာတီသည် အာဖကန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင်နေထိုင်သည်။သူမတွင်ဆပ်ပြာ စက်ရုံငယ်လေးတစ်ရုံရှိသည်။ အလုပ်သမား (၈)ယောက်ရှိသည်။ငွေဖောင်းပွလာမှုကြောင့် ယခင် နှစ်ကထက် ၃၀% ဆပ်ပြာရောင်းအားလျော့နည်းသွားသည်။လူများသည်ဆပ်ပြာကို လျော့၍ ဝယ်လာကြသည်။ (သို့မဟုတ်) ဈေးသက်သာသောဆပ်ပြာကိုသာဝယ်ကြသည်။
ကုန်ကြမ်းပစ္စည်းဈေးများမြင့်မားလာမှုကြောင့် ယခုအခါ ဆပ်ပြာဈေးကို ပြီးခဲ့သောလထက် ၁၀% ဈေးတက်လိုက်သည်။ သူမလုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် ငွေအတော်များများကိုလည်းချေးယူထားရသည်။ သို့သော်လုပ်ငန်းအခြေအနေကောင်းမလာပါက ထိုချေးငွေကို မည်သို့ပြန်ဆပ်မည်နည်း။ သူမ၏အလုပ်သမားလေးယောက်ကိုလုပ်အားခမပေးနိုင်တော့သဖြင့် နောက်လတွင်အလုပ်မဆင်းရန် ပြောသည်။ ထိုနောက် ဆပ်ပြာဈေးကိုလည်းထပ်မြှင့်တက်ရန် စဉ်းစားထားသည်။

ဥပမာ (၄) ‘ ရိဒ ’ သည် ကမ္ဘောဒီးယားနိုင်ငံဆီဟာနိုဗီလီအနီးရွာတစ်ရွာတွင် နေထိုင်သည်။ ရွာရှိရွာသားအားလုံးသုံးရန်ထွန်စက်တစ်ခုရှိသည်။ ထွန်စက်သည်၎င်းတို့လုပ်ငန်းတွင်အလွန်အရေးပါသောပစ္စည်းဖြစ်သည်။ ပြီးခဲ့သည့်တစ်ပတ်ကထွန်စက်ပျက်သွားသည်။ ပြန်ပြင်ရန်လည်း ကုန်ကျစရိတ် အလွန်ကြီးသည်။ ရိဒကရွာရှိလယ်သမားများကိုငွေစု ထည့်၍ ထွန်စက်ပြင်ရန် ပြောသည်။ ငွေဖောင်းပွနေခြင်းကြောင့်ရွာသားများသည်ဈေးမတက်ခင်ပစ္စည်းများဝယ်ရန်၎င်းတို့ရှိအပိုငွေလေးများ အားလုံးကို သုံးစွဲလိုက်သည်ပြင်ဆင်ခပေးရန်ငွေမရှိတော့ပေ။ ထွန်စက်မရှိလျှင် ဒီနှစ်အတွက်ရိက္ခာအများအပြားထုတ်ရန်မဖြစ်နိုင်တော့ပေ။





ဥပမာ (၅) အေမင်နာသည် ဘင်္ဂလားဒေ့နိုင်ငံတွင်ရှူးဖိနပ်စက်ရုံတစ်ခု တည်ထောင်ထားသည်။ သူ၏ ဖိနပ်များကို ထိုင်း၊ အိန္ဒိယနှင့်စင်္ကာပူနိုင်ငံများသို့တင်ပို့ရောင်းချသည်။သူ၏ဖိနပ်များကိုဈေးသက်သက်သာသာဖြင့်ထုတ်လုပ်နိုင်ခြင်းကြောင့်ဈေးကွက်တွင်အောင်မြင်နေသည်။ သို့သော်ငွေဖောင်းပွလာ မှုကြောင့်ဖိနပ်ဈေးများတက်ရတော့မည်ဖြစ်သည်။ လစဉ်လုပ်အားခ၊စက်ရုံငှားခ၊ ကုန်ကြမ်းဈေးများမှာမြင့်မားလာ သည်။ ဈေးနှုန်းမြင့်တက်မှုကြောင့်ပြည်ပမှကုန်ပစ္စည်းအမှာစာများလည်းလျော့နည်းသွားသည်တရုတ်၊ဗီယန်နန်နိုင်ငံတို့မှ ပို၍ဈေးသက်သာသောဖိနပ်များကိုဝယ်ယူနိုင်သည်။ တရုတ်၊ ကမ္ဘောဒီးယားတို့မှ ထုတ်လုပ်သောဖိနပ်များကိုဈေးတွင်ရောင်းချနေကြသည်ကိုတွေ့ခဲ့ရပြီး၊ ဈေးနှုန်းများလည်း သူ့စက်ရုံထုတ်ဖိနပ်ထက်ပို၍သက်သာသည်၊ဈေးထဲမှဆိုင်များကလည်း သူ့စက်ရုံထုတ်ဖိနပ်များ မှာယူမှုလျော့ချလိုက်သည်။ မကြာမီ သူ့စက်ရုံမှ ဝန်ထမ်းတစ်ဝက်ခန့်ကိုလျှော့ချပစ်လိုက်ရသည်။

## နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ အထက်ဖော်ပြပါ အခြေအနေများတွင် ငွေကြေးဖောင်းပွခြင်း၏အကျိုးသက်ရောက်မှုများကို ကြည့်ပါ။အောက်ပါစာကြောင်းများကိုကြည့်၍ မည်သည့်အခြေအနေအတွက်မည်သည့်စာကြောင်းများကမှန်သည်ကို ဆုံးဖြတ်ပါ။ စာကြောင်းအသီးသီးရှိအကွက်များထဲတွင်ကြက်ခြေခတ်ပါ။

## ငွေကြေးဖောင်းပွမှုမြင့်မားနေလျှင်

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**၁။** လူတွေ ငွေမစုဆောင်းချင်ကြပါ။

**၂။** နိုင်ငံခြားဖြစ်ပစ္စည်းများ အရောင်းသွက်လာနိုင်သည်။

**၃။** ကုန်ပစ္စည်းအများကြီး မဝယ်ကြတော့ပါ။

**၄။** ပြည်တွင်း၌ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အရောင်းကျဆင်းသွားသည်။

**၅။** အလုပ်ပြုတ်သောလူ များလာမည်။

**၆။** ကုမ္ပဏီများပြည်ပသို့ကုန်ပစ္စည်း/ဝန်ဆောင်မှုများတင်ပို့ရောင်းချရာတွင်အခက်တွေ့နိုင်သည်။

**၇။** ရင်းနှီးငွေများ လျော့နည်းသွားသည်။

**၈။** ၎င်းတို့ရရှိသော ဝင်ငွေ (လုပ်အားခ/ပင်စင်) ဖြင့် ပစ္စည်းအများအပြား မဝယ်နိုင်ပေ။

**၉။** ပုံမှန်အခြေအနေထက် ငွေချေးငှားသူ ပိုများလာသည်။

**၁၀။** လူများပို၍ ချမ်းသာလာကြသည်။

**၁၁။** ပစ္စည်း (ရွှေ) ကို လက်ဝယ်ကိုင်ထားကြသည်။ ငွေကို လက်ဝယ်မထားပေ။

## အလွန်အကျွံငွေကြေးဖောင်းပွခြင်း

ငွေကြေးဖောင်းပွမှုနှုန်း အလွန်မြင့်မားလျှင် အလွန်အကျွံငွေကြေး ဖောင်းပွခြင်းဟုခေါ်သည် ဈေးနှုန်းမြင့်မားလာမှုကို မထိန်းချုပ်နိုင်၊ မခန့်မှန်းနိုင် ဖြစ်လာတော့သည်။ အချို့စီးပွားရေး ပညာရှင်များက လစဉ် ၅၀% ကျော်မျှ ဈေးများမြင့်တက် လာမှသာလျှင် အလွန်အကျွံငွေကြေးဖောင်းပွမှု ဟုဆိုသည်။ ယူဂိုစလားဗီးယားနိုင်ငံ၏ အလွန်အကျွံငွေကြေးဖောင်းပွမှု၊ ၁၉၉၃–၁၉၉၅ မြေပုံပါသည် ငွေစက္ကူပုံလည်း ပါရှိပါသည်။ စာမျက်နှာ ၅၇ တွင် စာသားနှင့် ပုံများအားလုံပြန်လည်ထည့်သွင်းပေးရန် ဖြစ်ပါသည်။

### ယူဂိုစလားဗီးယားနိုင်ငံအလွန်အကျွံငွေကြေးဖောင်းပွမှု (၁၉၉၃–၁၉၉၅)




ဥရောပအလယ်ပိုင်းရှိ ယူဂိုစလားဗီးယားနိုင်ငံသည်၁၉၉၃တွင် ကွန်မြူနစ်နိုင်ငံ တစ်ခုဖြစ်ခဲ့သည်။အစိုးရမှ နိုင်ငံ၏စီးပွားရေးကိုတင်းတင်းကြပ်ကြပ်ချုပ်ကိုင်ထား ခဲ့သည်။ ၁၉၈၀နှစ်များတွင်စီးပွားရေးစီမံဆောင်ရွက်မှုညံ့ဖျင်းသဖြင့်အစိုးရသည်

ကြွေးမြီများပြန်လည်ပေးဆပ်ရန် ငွေ အမြောက်အများရိုက်နှိပ်လာခဲ့ရသည်။ နှစ်စဉ်၁၅–၂၅% အထိငွေဖောင်းပွခြင်းကို ဖြစ်စေသည်။ ထို့ပြင်အစိုးရဘဏ်များ၌ ပြည်သူ များအပ်နှံစုဆောင်းထားသောငွေများကိုလည်းကြွေးမြီပြန် လည်ပေးဆပ်ရာတွင်သုံးခဲ့သည်။ ၁၉၉၃ တွင် နိုင်ငံတွင်းရှိ ဈေးဆိုင်အားလုံးနီးပါးကို အစိုးရကစီမံခန့်ခွဲ (အစိုးရပိုင်) သည်။ ဘဏ္ဍာရေးပြဿနာများကြောင့်ဆိုင်များ တွင်ပစ္စည်းအနည်းငယ်သာရှိတော့သည်။ ကုန်ပစ္စည်းများရှားပါးလာမှုကြောင့်ကုန် ဈေးနှုန်း မြင့်တက်လာခြင်းနှင့် လူမှောင်ခိုဈေးကွက်လည်းအလွန်ကြီးမားလာတော့ သည်။ ဓာတ်ဆီဈေးမှာ အလွန်ဈေးကြီးသဖြင့်ကိုယ်ပိုင်ကားများကိုမစီးကြတော့ပေ။ ပြည်တွင်းသယ်ယူပို့ ဆောင်ရေးဘတ်စ်ကား ၄၀% သာပြေးဆွဲပေးနိုင်သည်။ အစိုးရကသီးနှံထွက်ချိန်တွင်လယ်သမားများကိုဓာတ်ဆီထောက်ပံ့မပေးနိုင်တော့ပေ။ ပြည် သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ (ကျောင်းများ၊ဆေးရုံများ၊လမ်းများ) တို့တွင်ပြုပြင်ထိန် းသိမ်းရန်လုံလောက်သော ငွေမရှိပေအစိုးရကနိုင်ငံရှိထုတ်ကုန်များ၏ဈေးနှုန်းကိုထိန်းချုပ် ခြင်းဖြင့် ငွေဖောင်းပွမှုကိုထိန်း နိုင်ရန်ကြိုးပမ်းခဲ့သည်။ မကြာမီ၊ထုတ် လုပ်သူများသည်အမြတ်မကျန်သဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ကြသည်။ ၁၉၉၃ အောက်တိုဘာတွင်ဘဲဂရိတ်မြို့တော်ရှိပေါင်မုန့်ဖုတ်သမားများသည်မုန့်ဖုတ်ခြင်းကိုရပ်ဆိုင်းလိုက်သည်။ ပျမ်းမျှနေ့စဉ်ငွေကြေးဖောင်းပွမှုမှာ ၁၀၀% သို့ရောက်လာ သည်။ အခြေအနေမှာပို၍ပို၍ဆိုးလာသည် နိုင်ငံအခြေအနေမှာယိုယွင်းလာသည်အလုပ်သမားအများစုမှာမိမိတို့ လုပ်အားခငွေ ဖြင့်မရပ်တည်နိုင်တော့သဖြင့်သပိတ်မှောက်ခဲ့ကြသည် ပင်စင်ငွေကိုလည်း ရပ်ဆိုင်းပစ် လိုက်သည်။ ယူဂိုစလားဗီးယားငွေ (ဒီနာ) မှာ အလွန်တန်ဖိုးထိုးကျလာသဖြင့် စီး ပွား ရေးလုပ်ငန်းရှင်များက လက်မခံတော့ပေ။ ၁၉၉၃ အောက်တိုဘာလမှ ၁၉၉၅ ဇန်နဝါရီလအတွင်း ဈေးနှုန်းများမှာ ၅,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀% ကွာဒရာလီယံ quadrallion ဖြစ်မည်ဟု ခန့်မှန်းကြသည်။




၁၉၉၃ ခုနှစ်ထုပ် ယူဂိုစလားဗီးယားငွေ ကုဋေငါးထောင်

**ကိုယ်ပိုင်နည်းလမ်း**

၁။ ယူရိုဆလားဗီးယားနိုင်ငံ၏ အလွန်အကျွံငွေကြေးဖောင်းပွမှုအကြောင်းမေးခွန်းများ ဖြေဆိုပါ။


၁။ ၁၉၉၃ တွင် ယူရိုစလားဗီးယား၌ မှောင်ခိုဈေးကွက်ကြီး ဘာကြောင့်ဖြစ်လာခဲ့သနည်း။

၂။ ဓာတ်ဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် မည်သည့်ပြဿနာများဖြစ်ပေါ်လာခဲ့သနည်း။

၃။ အစိုးရက ငွေဖောင်းပွမှုကို မည်သို့ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သနည်း။ ဘာတွေဖြစ်လာခဲ့သနည်း။

၄။ ထိုအချိန်က စီးပွားရေးလုပ်ငန်းများက ယူရိုစလားဗီးယားဒီနားငွေကို ဘာကြောင့် လက်မခံခဲ့သနည်း။

## ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေးအကျပ်အတည်း





အာဖရိကရှိဇင်ဘာဘွေနိုင်ငံသည် ၁၈၈၈ တွင်ဗြိတိသျှကိုလိုနီဖြစ်ခဲ့ပြီး၊ ရိုဒီးရှားဟုခေါ်တွင်ခဲ့သည်။ ၁၉၂၂ တွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကိုလိုနီနိုင်ငံဖြစ်လာပြီး၁၉၅၃တွင်လွတ်လပ်ရေးရရှိခဲ့သည်။ ထိုအချိန်က တိုင်းပြည်ကိုစိုက်ပျိုးမြေများနှင့် စီးပွားရေးလုပ်ငန်းများ အားလုံးနီးပါး ပိုင်ဆိုင်သောလူဖြူအနည်းစုကသာအုပ်စိုးခဲ့သည်။ လူမည်း အများစုမှာ ဆင်းဆင်းရဲရဲကျွန်ဘဝဖြင့်နေခဲ့ရ သည်။

၁၉၆၀ ပြည့်နှစ်များတွင် လူမည်းပြောက်ကျားအုပ်စုများကစတင်တော်လှန်ခဲ့သည်။ ထိုအုပ်စုများထဲမှ တစ်ခုဖြစ်သောဇနုပါတီကိုရောဘတ်မူဂါဘီက ဦးဆောင်ခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေး ထိုးခဲ့ပြီး၊ နောက် ၁၉၈၀ တွင်လွတ်လပ်သောရွေးကောက်ပွဲတစ်ခုကို ကျင်းပခဲ့ သည်။ ရောဘတ်မူဂါဘီ၏ဇနုပါတီကအပြတ်အသတ်အနိုင်ရခဲ့သည်။ မူဂါဘီ၏ပုံရိပ်မှာပြောက်ကျားသူရဲကောင်းမှ ရက်စက်သောအာဏာရှင်အဖြစ် နိုင်ငံတကာ အမြင်တွင် ပြောင်းလဲ သွားခဲ့သော်လည်းရွေးကောက်ပွဲတိုင်းတွင် အနိုင်ရခဲ့သည်။ သူ့ကိုရွေးကောက်ပွဲများကိုထိန်းချုပ်ထားခြင်း အတိုက်အခံအဖွဲ့ဝင်များကို ဖမ်းဆီး၊နှိပ်စက်၊ သတ်ဖြတ်ခြင်းတို့ရှိကြောင်းစွပ်စွဲခဲ့ရသည်။

၂၀၀၀ ခုနှစ်တွင် လူဖြူမြေပိုင်ရှင်များ၏မြေများကိုလူမည်းများသို့ပေးရန်တွန်းအားပေးနေသောဥပဒေသစ်တစ်ခုကို တင်သွင်း ခဲ့သည်။ သူ၏ပါတီအဖွဲ့ဝင်များကထိုမြေများကိုထိန်းချုပ်သိမ်းပိုက်လိုက်သဖြင့် လူဖြူမြေပိုင်များမှာ ထိခိုက်ဒဏ်ရာရခြင်းများ၊အချို့မှာအသတ်ခံရခြင်းများ ရှိခဲ့သည်။ ထိုဥပဒေသစ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်အခြေအနေဖရိုဖရဲဖြစ်ခဲ့ရသည်။ ၄င်းတို့၏ လယ်မြေစီမံခန့် ခွဲမှုညံ့ဖျင်းသောကြောင့် စားနပ်ရိက္ခာနှင့် အခြားလယ်ယာထွက်ကုန် ပစ္စည်းများ၏ ကုန်ထွက်ပမာဏမှာအများအပြားလျော့ကျသွားခဲ့သည်။

လယ်ယာထွက်ကုန်ပစ္စည်းများမှာ ဇင်ဘာဘွေနိုင်ငံ၏အဓိကပို့ကုန်ဖြစ်ပြီး နိုင်ငံခြားငွေရရှိစေသော အဓိကအရင်းအမြစ်ဖြစ်သည်။ ယခုအခါ ပြည်ပသို့တင်ပို့ရောင်းချရန် ကုန်ပစ္စည်းများ မရှိတော့ပေ။ နိုင်ငံခြားငွေမရရှိမှုသည် ဇင်ဘာဘွေနိုင်ငံအား အလွန်အကျွံငွေကြေးဖောင်းပွမှုကိုဖြစ်စေသည်။ ၁၉၉၈ တွင် ငွေဖောင်းပွမှုနှုန်း ၃၂% ရှိသည်။ အချို့စီးပွားရေးပညာရှင်များက ၂၀၀၇ တွင် သန်း ၁.၅% အထိမြင့်တက်နိုင်သည်ဟုခန့်မှန်းခဲ့သည်။ ၂၀၀၇ ဇွန်လတွင်ငွေဖောင်းပွမှုကိုလျှော့ချနိုင်ရန်အတွက်ကြိုးကြိုးရာလုပ်ဆောင်မှုတစ်ခုကို ပြုလုပ်ခဲ့သည်မူဂါဘီကဈေးဆိုင်များအားလုံးကို အနည်းဆုံး ၅၀% လျှော့ဈေးဖြင့်ရောင်းရန်အမိန့်ထုတ်ခဲ့သည်။ မလိုက်နာသောဆိုင်ရှင်များကိုဖမ်းဆီးခဲ့သည်ထိုလုပ်ရပ်ကြောင့်အခြေအနေမှာပို၍ဆိုးရွားလာခဲ့သည်။ ဆိုင်များကို၄င်းတို့ဝယ်ဈေးထက်လျော့၍ကုန်ပစ္စည်းများကိုရောင်းရန်ဖိအားပေးခဲ့သည်။ လူထောင်ပေါင်းများစွာကထိုဈေးပေါသောပစ္စည်းများကိုအလုအယက်ဝယ်ယူကြသည်။ သို့သော်ပစ္စည်းကုန်သွားလျှင်အသစ်ထပ်ဝယ်ရန်မတတ်နိုင်တော့ပေ။ ကျေးလက်ဒေသများတွင် ဆပ်ပြာ၊ ဆားနှင့်ဆီ ဝယ်ယူရန် ယခုအခါ မဖြစ်နိုင်တော့ပေ။



ရောဘတ်မူဂါဘီ

ဓါတ်ဆီမှာ အလွန်ရှားပါးပြီး အငှားယာဉ်များ ဘတ်စ်ကားများလည်း ပြေးဆွဲခြင်းမရှိတော့ပေ။ အချို့စားသောက်ကုန်များမှာအလွန်ပင်ရှားပါးလာသည်။ အသားဈေး အလွန်ပင်နိမ့်သောကြောင့် အသားရောင်းသူများအသားဖော်မရောင်းလိုတော့ပေ။ ထို့ကြောင့်ဈေးထဲတွင်အသားဆိုင်အနည်းငယ်သာရှိတော့သည်။ နေ့တိုင်းနီးပါးလျှပ်စစ်မီးနှင့် ရေမရှိခြင်း၊အရှုံးမပေါ်လိုခြင်းကြောင့် စက်ရုံအများ စုကိုပိတ်ခဲ့ရသည်။ အစိုးရကပိတ်ပစ်သောစက်ရုံများကိုသိမ်းမည်ဟု ကြော်ငြာခဲ့သည်။ နိုင်ငံခြားသားပိုင်စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းရန်ဥပဒေသစ်တစ်ရပ်ပြဌာန်းဖို့ရန်မူဂါဘီကပါလီမန်ကို တိုက်တွန်းဖိအားပေးနေသည်။ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာအလုပ်လက်မဲ့များဖြစ်ပြီး ထပ်မံမြင့်တက် လာနေသည်။ ဇင်ဘာဘွေနိုင်ငံ၏အနာဂါတ်မှာ မရေရာပေ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၁။ မှား /မှန် ရွေးပါ။ ဆရာပေးသောမေးခွန်းများဖြည့်စွက်ပါ။

# အခန်း (၉) အခွန်

အဖွဲ့လိုက်လေ့ကျင့်ခန်း

**၁။** အခွန်နှင့်ပတ်သက်၍ သင်ဘာများသိပါသနည်း။ စိတ်ထဲတွင် ပုံဖော်ကြည့်ပါ။



အခွန်ဆိုသည်မှာ လူတစ်ဦးတယောက်ကဖြစ်စေ၊ စီးပွားရေး လုပ်ငန်းများကဖြစ်စေ၊ ဒေသဆိုင်ရာ (သို့) ဗဟိုအစိုးရသို့ ပေးရသောငွေဖြစ်သည်။ အခွန်ဟုဆိုရာတွင် တရားမဝင်အဖွဲ့များက အတင်းအကျပ်။ ဖိအားပေးသောကြောင့် ပေးဆောင်ရခြင်းမျိုးမဟုတ်ဘဲ တရားဝင်သတ်မှတ်ထားသော ပေးဆောင်မှုမျိုးကို ဆိုလိုသည်။ ထိုငွေများကို ကျန်းမာရေး၊ပညာရေးနှင့်လမ်းပန်းဆက် သွယ် ရေးကဲ့သို့မရှိမဖြစ်လိုအပ်သော လုပ်ငန်းများ အတွက်သုံးစွဲကြသည်။

အဖွဲ့လိုက်လေ့ကျင့်ခန်း

**၂။** သင့်နိုင်ငံ၌ အခွန်အမျိုးအစားမည်မျှရှိသနည်း။ စာရင်းပြုစုပါ။ မည်သူများက မည်သည့်အခွန်မျိုးကို ပေးဆောင်ရမည်နည်း။အဓိကအားဖြင့် အခွန်အမျိုးအစား
(၂) မျိုးရှိသည်။

## ၁။ တိုက်ရိုက်ခွန်

လူတစ်ဦးတစ်ယောက်ခြင်း (သို့) စီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံသောအခွန်

ဥပမာ–**ဝင်ငွေခွန်**–လူတစ်ဦးစီ၏ ဝင်ငွေ (လုပ်အားခ) ပေါ်တွင် ကောက်ခံသောအခွန်

**လုပ်ငန်းခွန်**–စီးပွားရေးလုပ်ငန်းများ၏ အမြတ်အပေါ်တွင် ပေးဆောင်ရသောအခွန်

## ၂။ သွယ်ဝိုက်ခွန်

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပေါ်တွင် ကောက်ခံသောအခွန်

ဥပမာ–**ထပ်ဖြည့်တန်ဖိုးခွန်**–ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းပေါ်တွင် ၎င်းအခွန် အား ထပ်ဆောင်း ကောက်ခံသည်။

**ပိုင်ဆိုင်ပစ္စည်းခွန်**–မိမိ၏အိမ်တန်ဖိုးပေါ်တွင် ပေးဆောင်ရသောအခွန်

**ယာဇ်မျိုးခွန်**–စီးကရက်၊ အရက်၊ ဓါတ်ဆီကဲ့သို့ သီးခြားကုန်ပစ္စည်းများအပေါ် ပေး ဆောင်ရသောအခွန်။

**သွင်းကုန်ခွန်**–နိုင်ငံတွင်းသို့တင်သွင်းလာသော ကုန်ပစ္စည်းများအပေါ် ပေးဆောင်ရသောအခွန်

ဆွေးနွေးခြင်း

**၃။** သင် (သို့) သင့်မိသားစုသည် အခွန်ပေးဆောင်ရပါသလား။ မည်သည့်အခွန်အမျိုးအစားနည်း။ မည်သည့် အခွန်က တိုက်ရိုက်/သွယ်ဝိုက် ပေးဆောင်ရသနည်း။ အခွန်ပေးဆောင်ရခြင်းကို ကောင်းမွန်သည်ဟု သင်ထင်ပါသလား။ဘာကြောင့် နည်း။

## မျှတသောဝင်ငွေခွန်

လူများ၏ဝင်ငွေအပေါ် အခွန်ကောက်ခံနည်းအမျိုးမျိုးရှိသည်။

### ၁။ နှုန်းတိုးခွန်ဖြင့်စည်းကြပ်ခြင်း

ဝင်ငွေမြင့်မားလာလျှင် ပေးဆောင်ရမည့်အခွန်နှုန်းလည်း မြင့်မားလာခြင်းဖြစ်သည်။

### ၂။ နှုန်းသေခွန်ဖြင့်စည်းကြပ်ခြင်း

ဝင်ငွေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တူညီသောနှုန်းဖြင့် ပုံသေစည်းကြပ်သည်။


### ၃။ နှုန်းလျော့ခွန်ဖြင့် စည်းကြပ်ခြင်း

ဝင်ငွေများလာလျှင် ပေးဆောင်ရမည့်အခွန်နှုန်းက လျော့နည်းသွားခြင်းဖြစ်သည်။ မည်သည့်ဝင်ငွေခွန်စနစ်က ပိုမိုသင့်လျော်သည်ဟူသည့်ကိစ္စမှာမူ မကြာခဏ အငြင်းပွားနေကြသည်။


## ကိုယ်ပိုင်နည်းလမ်း

ပုံပြမျဉ်းအသီးသီးကိုကြည့်၍ နှုန်းတိုးခွန်၊ နှုန်းသေခွန်၊ နှုန်းလျော့ခွန်ဖြင့် စည်းကြပ်ခြင်း ဟုတ်/မဟုတ်ဆုံးဖြတ်ပါ။ ပုံပြမျဉ်း၏ညာဖက်ရှိအကွက်၌ သင်၏အဖြေကိုရေးပါ။


**1.**




**2.**




**3.**



## နှစ်ယောက်တွဲလေ့ကျင့်ခန်း

လူတွေဘာပြောနေသနည်း။ မည်သည့်ဝင်ငွေခွန်အမျိုးအစားကို သူတို့နှစ်ယောက်ပြောနေသနည်း။ မည်သည့်တစ်ခုကို သင် သဘောတူပါသနည်း။ ဘာကြောင့်နည်း။

၁




မတရားဘူးကွ၊
ငါက ဝင်ငွေရဲ့ ၃၀%ပေးရပြီး၊ မင်း၁၀%ပဲ
ပေးဆောင်ရတယ်။ အစိုးရကပေးတဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှု
တွေကျတော့လည်း ငါက မင်းထက်ပို မသုံးပါဘူးကွ။

ဟုတ်တယ်။ ဒါဘဲမဲ့ ကျွန်တော်က ဝင်ငွေရဲ့ ၃၀%
ပေးလျှင် ငွေအနည်းငယ်သာ ကျန်တော့မည်။ ဒါဘဲမဲ့
မင်းက ပေးဆောင်ရန် တက်နိုင်တယ်။ ဒါအပြင်
မင်းက အောင်မြင်သော သူ တစ်ဦးဖြစ်တော့
လူအသိုင်အဝန်းကို ပို ကူညီသင့် တယ်။



၂



ကျွန်တော်တို့ဝင်ငွေအပေါ်မှာ
အခွန်ရာခိုင်နှုန်းအတူတူပဲပေးရတာဗျာ၊ ဒါတရားပါ
တယ်ကျွန်တော်ကနည်းနည်းပဲရှာနိုင်လို့ နည်းနည်းပဲ
အခွန်ဆောင်ရတာပါ။

မတရားဘူးကွ၊ ငါ့စက်ရုံမှာက
အလုပ်သမားအများကြီးပဲ၊ ငါက
လူ့အဖွဲ့အစည်းအပေါ်ပိုပြီး
အကျိုးပြုနေတာကွ၊ ဒါကြောင့်မင်းထက်
အခွန်လျှော့ပေးဆောင်သင့်တယ်။



၃



ကျွန်မကလေးတွေက
အစိုးရကျောင်းမှာ မတက်ဘူး။ ပုဂ္ဂလိက
ကျောင်းမှာ ထားတာ၊ နေမကောင်းရင်လည်း ပုဂ္ဂလိက
ဆေးရုံပဲပြတယ်။ ကျွန်မမှာ ကားရှိတဲ့အတွက် အစိုးရပိုင်
သယ်ယူပို့ဆောင်ရေးကိုလည်း မသုံးဘူး၊ ဒါကြောင့် ရှင့်ထက်
ဝင်ငွေခွန်လျှော့ပြီးပေးသင့်တယ်။

ဘာပြောတယ် ကျုပ်ကခင်ဗျာထက်ပိုပြီးပင်ပင်ပန်းပန်း
အလုပ် လုပ်ရတယ်။ ဒါပေမယ့်ဝင်ငွေနည်းတယ်။
သူဌေးတွေက ဆင်းရဲသားတွေထက်အခွန်ပိုပေးပြီး
ဆင်းရဲသားတွေကို ကူညီသင့်တယ်။



## အဖွဲ့လိုက်လေ့ကျင့်ခန်း

မာဇာလီယာ နိုင်ငံတွင် သင်သည် ဘဏ္ဍာရေး ဝန်ကြီးဌာနရဲ့ ဝင်ငွေအကောက်ခွန် ကော်မတီတွင် အမှုးထမ်းသည်။ သင်သည် အစိုးရ၏ အခွန်းကောက်ခြင်း ပေါ်လစီ ကို ဆုံးဖြတ်ပြုလုပ်ရသည်။ အဘယ်ကြောင့်နည်း။ မည်သည့် အခွန်းကောက်ခြင်းစနစ်သည် မျှတသည်ကို သင်သဘောတူပါ။ အတန်းသို့ သင့်ရဲ့ အခွန်းကောက်သည် ပေါ်လစီကို တင်ပြပါ။ ပြီးနောက် အဘယ်ကြောင်း ၎င်းပေါ်လစီ ပြုလုပ်ကြောင်း ရှင်းပြပါ။ အဘယ်ကြောင်း သင် ပေါ်လစီ မျှတသည်ဟု ယူဆသနည်း။

ဆွေးနွေးခြင်း

၁။ မှောင်ခိုဈေးကွက်ဆိုတာဘာလဲသင်သိပါသလား။ ခန့်မှန်းကြည့်ပါ။

## မှောင်ခိုဈေးကွက်




တရားမဝင်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ (ခိုးရာပါပစ္စည်း အပါအဝင်) (သို့မဟုတ်) အခွန်အခမဆောင်ဘဲဖြစ်စေ၊တရားဝင် လိုင်စင် မရှိဘဲဖြစ်စေ၊ လျို့ဝှက်ထုတ်လုပ်ရောင်းချသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များကို မှောင်ခိုဈေးကွက်ရှိပစ္စည်းဟု ဆိုနိုင်သည်။

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ရောင်းလိုအားအပေါ် (တစ်နည်း အားဖြင့်) ကုန်ထုတ်လုပ်ခြင်းအပေါ် အစိုးရက တင်းကျပ်သောစည်းမျဉ်း များ ချမှတ်ထားခြင်းကြောင့် ဈေးကွက်ဝယ်လိုအားနှင့် ညီမျှမှု မရှိသော အခါတွင်ဖြစ်စေ (သို့မဟုတ်) ကုန်ပစ္စည်းအတုများအလွယ်တကူထုတ်လုပ်နိုင်ရန် အစိုးရ၏ ဥပဒေများက အားနည်းသောအခါတွင်ဖြစ်စေ၊ မှောင်ခိုဈေးကွက် ပေါ်ပေါက်လာသည်။ မှောင်ခိုဈေးကွက်သည်မည်သည့်စီးပွားရေးမဆို (တနည်းအားဖြင့်နိုင်ငံတိုင်းတွင်) ရှိသည်။ သို့သော် ကန့်သတ်ထိန်းချုပ်မှုများသောစီးပွားရေးနှင့် လျော့ရဲသော ဥပဒေများကို ကျင့်သုံးသည့် စီးပွားရေးစနစ်တို့တွင်မှောင်ခိုဈေးကွက် သည်ပို၍ ကြီးမား နေတတ်သည်။

တစ်ခါတစ်ရံ မှောင်ခိုဈေးကွက်ရှိ ပစ္စည်းများသည်တရားဝင်ဈေးကွက် ပစ္စည်းများထက် ဈေးသက်သာနေတတ်သည်။အဘယ့်ကြောင့်ဆိုသော်ပုံမှန်ပေးဆောင်ရသောအခွန်အခများမပေးရဘဲထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံမှောင်ခိုဈေးကွက်ရှိပစ္စည်းများက တရားဝင်ဈေးကွက်ရှိပစ္စည်းများထက်ပို၍ဈေးကြီး နေတတ်သည်။ အဘယ့်ကြောင့်ဆိုသော် မှောင်ခိုဈေးကွက်ရှိပစ္စည်းများကို ဝယ်ယူရရှိရန် ခက်ခဲခြင်းနှင့် တရားမဝင်ကုန်ပစ္စည်းဖြစ်နေခြင်းတို့ကြောင့်ဖြစ်သည်။

ပုံမှန်တရားဝင်ဈေးကွက်မှာကဲ့သို့ပင် မှောင်ခိုဈေးကွက်၌လည်း ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသသဘောတရားကလွှမ်းမိုးထားသည်။ အကယ်၍လူတို့အလိုရှိသော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများသည်ရှားပါးနေပါက (သို့မဟုတ်) တရားမဝင်ကုန်ပစ္စည်းဖြစ်နေပါက (ရရှိရန်ခက်ခဲခြင်းကြောင့်) ဈေးနှုန်းများမြင့်တက်လာမည်။ ထိုအခါ မှောင်ခိုဈေးကွက်အတွင်း၌အဆိုပါပစ္စည်းများ ပို၍ရောင်းချချင်စိတ်တစ်နည်းအားဖြင့် မက်လုံး (ဆွဲဆောင်မှု) ကိုဖြစ်စေသည်။

တစ်ဖန် တရားဝင်ဈေးကွက်အတွင်းရှိ ကုန်ပစ္စည်းများမှာ ဈေးကြီး၍ ဝယ်လိုအားများသောအခါတွင် မှောင်ခိုဈေးကွက်၌အဆိုပါကုန်ပစ္စည်း များကို ဈေးချိုချိုဖြင့်ထုတ်လုပ်ရောင်းချရန်စေ့ဆော်မှုတွန်းအားတစ်ရပ် ဖြစ်စေသည်

နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ ကမ္ဘာတစ်ဝန်းတွင် မည်သည့်ကုန်ပစ္စည်းများကို မှောင်ခိုဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချကြပါသနည်း။ နှစ်ယောက်တွဲ၍ စာရင်းပြုစုပါ။ အဆိုပါကုန်ပစ္စည်းများ မှောင်ခိုဈေးကွက်၌ အများအပြား ရောင်းချကြရခြင်းမှာ အဘယ့်ကြောင့်ဟု သင်ထင်မြင်ပါသနည်း။

# အခန်း (၁၀) ကုန်ထုတ်လုပ်ခြင်း

**စဉ်းစားခိုင်းခြင်း**

၁။ ချည်ထည်အင်္ကျီတစ်ထည်ကို စိတ်ထဲမြင်ကြည့်ပါချည်ထည်အင်္ကျီတစ်ထည်ထုတ်ရန် မည်သည့်ပစ္စည်းများ လိုအပ်ပါသနည်း။ လူတို့၏နေ့စဉ်စီးပွားရေးဘဝတွင်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကိုမည်ကဲ့သို့ထုတ်လုပ်ပါသနည်း။ ထုတ်လုပ်သည်ဆိုသည်နှင့် တစ်ပြိုင်နက် စက်ရုံများကိုသာပြေး၍ မြင်မိကြပေလိမ့်မည်။ အမှန်စင်စစ်ထုတ်လုပ်ရန်အတွက်အဓိကအရေးပါသောအချက်လေးချက် လိုအပ်သည်။


၁။ မြေယာ–မြေအပါအဝင်သဘာဝသယံဇာတ (သစ်တော၊မြစ်ချောင်း၊ရေနံစသည်) တို့ပါဝင်သည်။


၂။ လုပ်အား–ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများပြုလုပ်ရန်လူကပြုလုပ်ပေးရသောအပိုင်းဖြစ်သည်။ (ကာယ နှင့် ဉာဏ)

၃။ အရင်းအနှီး–ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများထုတ်လုပ်ရန်အသုံးပြုသောငွေကြေးအပြင် အခြားကိရိယာတန်ဆာပလာများ ဖြစ်သည်။ (ငွေကြေးနှင့်လူသားအရင်းအမြစ်)

၄။ လုပ်ငန်း–လုပ်ငန်းဆိုသည်မှာထုတ်လုပ်ခြင်း၏အစိတ်အပိုင်းများကိုစုစည်းခြင်းကို ဆိုလိုသည်။





## ၁။ မြေယာ

စီးပွားရေးတွင်ထုတ်လုပ်သမျှသော ကုန်ပစ္စည်းတိုင်းအတွက်သဘာဝသယံဇာတပစ္စည်း (မြေယာ) ကိုအသုံးပြုရသည်သီးနှံများကိုမြေကြီးပေါ်တွင် စိုက်ပျိုးရသည်။ မြစ်၊စမ်းချောင်းသို့မဟုတ် မြေအောက်မှရေကိုထုတ်ယူသုံးစွဲရသည်။ လူနေအိမ်များဈေးဆိုင်များကိုတောထဲမှရရှိသော သစ်ဝါးများသို့မဟုတ်မြေကြီးမှရရှိသော ကျောက်များ၊သံသတ္တုများဖြင့်တည်ဆောက်ရသည်။

ရွှေ၊ ကျောက်မီးသွေးတို့သည်မြေကြီးထဲမှတူးဖော်ရရှိသောတွင်းထွက်သံယံဇာတပစ္စည်းများဖြစ်သည်။စက်ရုံ၊ဈေးနှင့် ဈေးဆိုင်များဆောက်လုပ်ရန်မြေလိုအပ်သည်။ထို့ကြောင့်မြေယာသည်မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆိုထုတ်လုပ်သမျှသော ကုန်ပစ္စည်းတိုင်းအတွက်အချက်အချာကျသော အရာဖြစ်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ သင့်ရပ်ကွက်ကျေးရွာပတ်ဝန်းကျင်တွင်ရှိသောမြေယာ (သဘာဝသယံဇာတ) များသည်မည်ကဲ့သို့သောမြေများဖြစ်ပါသနည်း။စာရင်းပြုစုပါ။

## မြေယာ (သဘာဝသယံဇာတပစ္စည်းများ) ပိုင်ဆိုင်မှု

ကမ္ဘာပေါ်ရှိမြေယာ (သဘာဝသယံဇာတပစ္စည်းများ) သည်ပိုင်ရှင်ရှိနှင့်ပြီးသော (တစ်နည်းအားဖြင့်) ထိန်းချုပ်ထားပြီးသောမြေများဖြစ်သည်။ ယင်းမြေများကို ပြည်သူလူထုကဖြစ်စေ၊လူအများ (လူ့အဖွဲ့အစည်း) ကဖြစ်စေ၊စီးပွားရေးလုပ်ငန်းများကဖြစ်စေ၊ အစိုးရကဖြစ်စေ၊ ဘုရင်ကဖြစ်စေပိုင်ဆိုင်ထားတတ်ကြသည်။

စီးပွားရေးသဘောအရသင်သည်တစ်စုံတစ်ခုကိုပိုင်ဆိုင်သည်ဆိုပါကထိုအရာကိုမည်ကဲ့သို့အသုံးပြုမည် (တရား ဥပဒေနှင့်အညီ)ဆိုသည့်ကိစ္စနှင့်ပတ်သက်၍သင့်တွင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။အကယ်၍သင်မပိုင်ဆိုင်ပါကသင့်တွင်ဆုံးဖြတ်ပိုင်ခွင့် မရှိပေ။

အစိုးရ (နိုင်ငံတော်) ပိုင်ဆိုင်သည့်မြေများကိုပြည်သူပိုင်ဟုခေါ်သည်။လူ့အဖွဲ့အစည်းကပိုင်ဆိုင်သည့်မြေများကိုစုပေါင်းပိုင်ဆိုင်မှုဟုခေါ်သည်။ လူတစ်ဦးချင်းကဖြစ်စေ၊စီးပွားရေးလုပ်ငန်းတစ်ခုကဖြစ်စေပိုင်ဆိုင်သည့်မြေများကိုပုဂ္ဂလိကပိုင်ဆိုင်မှုဟုခေါ်သည်။

**အုပ်စုလေ့ကျင့်ခန်း**

၃။ သင့်ပတ်ဝန်းကျင် (လူ့အဖွဲ့အစည်း) ၌ အထက်ပါပိုင်ဆိုင်မှုသုံးမျိုးနှင့် အလားသဏ္ဍာန်တူသောပိုင်ဆိုင်မှုတစ်ခုချင်းစီကိုဥပမာပေး၍ဖော်ပြပါ။မာဇာလီယာနိုင်ငံရှိရွာပြာကြီးတွင်တောအုပ်အနီးရှိ မြေယာ ၉၉၇ ဟက်တာ (အားလုံးနီးပါးကိုသူဌေးကြီးတစ်ဦးတည်းကပိုင်ဆိုင်သည်။သူသည်အလွန်အတ္တကြီးသူတစ်ယောက်ဖြစ်၍ ရွာသားများအိမ်ဆောက်ရန်အတွက်လိုအပ်သောသစ်ပင်တစ်ပင်ကိုမျှခုတ်ခွင့်မပေးပေ။မာဇာလီယာနိုင်ငံရွာစိမ်းရွာရှိမြေယာများကိုမူအစိုးရကပိုင်ဆိုင်စေသည်။တစ်နေ့တွင်အစိုးရတာဝန်ရှိသူများရောက်လာကာဤကျေးရွာရှိမြေအောက်တွင်ရေနံရှာဖွေရေးလုပ်မည်ဟုကျေးရွာရှိအိမ်နေလူများပြောင်းရွှေ့ရမည်ဖြစ်သည်။မာဇာလီယာနိုင်ငံရွာနီကြီးရှိလယ်မြေကွက်များမှာမူရွာသားအားလုံးစုပေါင်းပိုင်ဆိုင်ကြသည်။ရွာသားများအကြားမည်သည့်သီးနှံစိုက်ပျိုးမည်ဆိုသောကိစ္စနှင့်ပတ်သက်၍သဘောမတူဖြစ်နေကြခြင်းကြောင့်မည်သည့်သီးနှံမျှစိုက်ပျိုးခြင်းမရှိပေ။ရွာသားတစ်ဝက်ခန့်ကဆန်စိုက်ပျိုး၍အခြားတစ်ဝက်ကပဲဝါစိုက်ပျိုးချင်သည်။

**အုပ်စုလေ့ကျင့်ခန်း**

၁။ မြေယာပိုင်ဆိုင်ခြင်း အမျိုးအစား ကွဲပြားမှုရဲ့ ပြဿနာများကို သင်မြင်နိုင်သလား။

## ဘရာဇီးနိုင်ငံတွင်စိုက်ပျိုးမြေယာပိုင်ဆိုင်ခွင့်အတွက်တိုက်ခိုက်ကြခြင်း




ဘရာဇီးနိုင်ငံသည် တောင်အမေရိက တိုက်တွင်အကြီးဆုံးနိုင်ငံဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၅၀၀ ခုနှစ်တွင်ပေါ်တူဂီနိုင်ငံကဘရာဇီးနိုင်ငံကိုကျူးကျော်သိမ်းပိုက်ကိုလိုနီနယ်မြေ ပြုလုပ်ခဲ့သည်။ ပေါ်တူဂီတို့ကလယ်မြေများကိုလုံးဝထိန်းချုပ်ကာပေါ်တူဂီလူချမ်းသာများကိုလယ်မြေများပေးအပ်ခဲ့သည်။ ထို့ကြောင့် ဒေသခံဘရာဇီးနိုင်ငံသားများမှာမြေယာပဲများ ဖြစ်ကုန်ကြသည်။ ၁၈၂၂ တွင်ဘရာဇီးနိုင်ငံလွတ်လပ်ရေးရခဲ့ချိန် (မညီမျှမှုမှာ) ၃ ရာခိုင်နှုန်းလူဦးရေ၏အောက်သာ ရှိသော ဘရာဇီးလူချမ်းသာများက ၆၅ ရာ ခိုင်နှုန်းသောလယ်မြေများကိုပိုင်ဆိုင်ပြီး ကျန် ၂၅ သန်းခန့်သည်အသက်ရှင်သန်နိုင်ဖို့အတွက်မနည်းရုန်းကန်နေရသည်။

ထို့ကြောင့် လယ်သမားများသည်လယ်မြေပိုင်ဆိုင်ခွင့်ကိုတိုက်ခိုက်ရယူရန်ရည်ရွယ်၍လယ်သမားအဖွဲ့ဖွဲ့ကာအသုံးမပြုသော (စိုက်ပျိုးထွန်ယက်ခြင်း) မရှိသောလယ်မြေများကို သိမ်းယူကြ လေသည်။ ၁၉၈၅ ခုနှစ်တွင်လယ်သမားရာ ပေါင်းများစွာတို့သည် ဘရာဇီးတောင်ပိုင်းရှိစိုက်ပျိုးထွန်ယက်ခြင်းမပြုသောလယ်မြေများစွာ ကို သိမ်းပိုက်နိုင်ခဲ့ကြသည်။
၄င်းတို့သည် အဆိုပါသိမ်းယူထားသောလယ်မြေများတွင်နေထိုင်ကြကာလယ်မြေများ၊ အလုပ်အကိုင်များ၊ အစားအစာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးစသည်တို့တွင်အချင်းချင်းမျှဝေပံ့ပိုးပေးကြရင်းဖြင့်ကျေးရွာအသိုင်းအဝိုင်းတစ်ခုစတင်ထူထောင်လိုက်ကြသည်။ ၂ နှစ်ခန့်ကြာသော်အစိုးရကိုယ်တိုင်က၄င်းလယ်သမားများကိုအဆိုပါမြေများတွင်နေထိုင်ခွင့်ပေးခဲ့ရသည်။ ဤသည်မှာမြေယာမဲ့လယ်သမားလှုပ်ရှားမှုအစပင်ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ရေးဆွဲခဲ့ကာအဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရှိလယ်မြေနှင့်ပတ်သက်သောအပိုင်းချဖော်ပြထားသည်မှာ ထွန်ယက်စိုက်ပျိုးမှုမပြုသောလယ်မြေများကို အစိုးရကသိမ်းယူ၍ ဆင်းရဲသားများကိုပြန်လည်ပေးအပ်မည်ဟုဖော် ပြပါရှိသည်ဤအခြေခံဥပဒေသည်မြေယာမဲ့လယ်သမားများအတွက်အလွန်အရေးပါသောဥပဒေအရပေးအပ်သောအခွင့်အရေးတရပ်ဖြစ်သည်။ လယ်သမားများသည်အသုံးမပြုသောလယ်မြေများကိုသိမ်းပိုက်၍အဆိုပါမြေများတွင်နေထိုင်ခွင့်နှင့်စိုက်ပျိုးထွန်ယက်ခွင့်ကိုတရားရုံးတွင်လျှောက်ထားတောင်းဆိုနိုင်သည်။ နေရာအများစုတွင်မူလူချမ်းသာများပိုင်ဆိုင်သောလယ်မြေများတွင်ဆင်းရဲသားလယ်သမားများကကော်ဖီစိုက်ပျိုးကြရသည်။ ပြီးလျှင်ထွက်ရှိလာသောကောက်မဲသီးနှံများကိုလယ်ပိုင်ရှင်များသို့ခွဲတမ်းများဝေပေးရသည်။
၄င်းကိုသီးစားချခြင်းဟုခေါ်သည်မည်သို့ပင်ဆိုစေမြေပိုင်ရှင်ကိုဝေစုပိုမို ပေးရသဖြင့်မိမိတို့ကိုယ်ပိုင်လယ်လုပ်ကိုင်နိုင်ရန်လုံလောက်သောငွေပမာဏမရပေသီးစားချစနစ်သည်ချမ်းသာသူများအတွက်သာအကျိုးများစေပြီးသီးစားလယ်သမားများအတွက်ကျွန်များသဖွယ်လုပ်ကိုင်ကြရကြောင်းမြေယာမဲ့လယ်သမားများ လှုပ်ရှားမှု၌ဖော်ထုတ်ပြသကြသည်။



အမ်အက်စတီ အလံဖြင့်ဆန္ဒပြလူငယ်များ

လယ်သမားအများစုသည်မိမိဆန္ဒရှိသောနေရာတွင် သီးနှံစိုက်ပျိုး လုပ်ကိုင်ခွင့်ကိုယခု အခါစတင်ရရှိနေကြပြီ ဖြစ်သည်။ မြေယာမဲ့လှုပ်ရှားမှုတွင် ပါဝင်ကြသူများသည် ကိုယ်ပိုင်မြေယာလုပ်ကိုင်ခွင့်ရရှိသွားသောအခါပုဂ္ဂလိကမြေယာများတွင်သံဆူးကြိုး များကာရံထားမှုကိုဖယ်ရှားပေး ရန်အရေးဆိုလာကြသည်။ နောက်ပိုင်းတွင်ထိုမြေယာ များကိုစုပေါင်းပိုင်ဆိုင်လာကြ သည်။ သံဆူးကြိုးကာရံထားမှုများကိုဖျက်သိမ်းဖယ် ရှားခဲ့သည်။

၁၉၈၈ ခုနှစ်ကတည်းကလူပေါင်း ၂၅၀,၀၀၀ ကျော်ခန့်သည် အစိုးရထံမှ ကိုယ်ပိုင် မြေယာပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီးယခုအခါလူပေါင်း၁သန်းနီးပါးကလယ်ယာလုပ်ကိုင်ရန် မြေယာများပိုင်ဆိုင်နေကြပြီဖြစ်သည်။ သို့သော်ဘရာဇီးအစိုးရနှင့်မြေပိုင်ရှင်များကမူ ၎င်းတို့ဆောင်ရွက်ချက်များမှာတရားဝင်မှုမရှိဟု ဆက်လက်ဝေဖန်ဆဲဖြစ်သည်။ ဆန္ဒပြ နေစဉ်အတွင်းထောင်းပေါင်းများစွာသောမြေယာမဲ့လှုပ်ရှားသူများကိုဖမ်းဆီးခြင်းနှင့်ရာ ပေါင်းများစွာ ကိုသတ်ဖြတ်ခြင်းတို့ကိုရဲများနှင့်မြေ ပိုင်ရှင်များကလုပ်ဆောင်ခဲ့ကြ သည်၊လယ်သမားများသည်ကိုယ်ပိုင် မြေယာလုပ်ကိုင်ခွင့်ရရှိသွားသောအခါပုဂ္ဂလိက မြေယာများတွင်သံဆူးကြိုးများကာရံထားမှုကိုဖယ်ရှားပေးရန်အရေးဆိုလာကြသည်။ (နောက်ပိုင်းတွင်ထိုမြေယာများကိုစုပေါင်းပိုင်ဆိုင်လာကြသည်။ သံဆူးကြိုးကာရံထား မှုများကိုဖျက်သိမ်းဖယ်ရှားခဲ့သည်။)

**ကိုယ်ပိုင်နည်းလမ်း**

**၁။** ဆရာပေးသောမေးခွန်းများဖြည့်စွက်ပါ။

**ဆွေးနွေးခြင်း**

**၂။** သင်၏ပတ်ဝန်းကျင်တွင်မည်သူတို့ကမြေယာများကိုပိုင်ဆိုင်သနည်း။ ပုဂ္ဂလိကပိုင်/ပြည်သူပိုင်/စုပေါင်းပိုင်ကြပါသလား။မြေယာပိုင်ဆိုင်မှု အတွက်အဆင်မပြေမှုများရှိပါလား။ အဘယ်ကြောင့်နည်း။

## ကမ္ဘောဒီးယားနိုင်ငံရှိမြေယာပိုင်ဆိုင်ခွင့်



ကောင်းယုရွာသားများ

ကမ္ဘောဒီးယားနိုင်ငံသည် ဆင်းရဲသော နိုင်ငံတစ်ခုဖြစ်သည်။ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ကျေးလက်၌ နေထိုင်ကြသည်။ကျေးလက်နေမိသားစု၏ ၈၀ ရာခိုင်နှုန်း သည် မိမိတို့မြေယာပိုင်ဆိုင် မှုကိုအထောက်အထား ပြနိုင်ရန် စာရွက်စာတမ်းမရှိကြပေ။ မည်သည့်စာရွက်စာတမ်းတစ်စုံတစ်ရာမှ ထုတ်ပေးခဲ့ခြင်းလည်းမရှိပေ။

'ရာတာနာကီရီ'နယ်အတွင်းရှိ 'ကောင်းယု' ရွာမှလူများသည်နှစ်ပေါင်း ၂၀၀၀ ကျော် ထိုဒေသတွင် နေထိုင်လယ်ယာ စိုက် ပျိုးခဲ့ကြသည်။၂၀၀၄ခုနှစ်တွင်ရွာသားများကို ၎င်းတို့၏ မြေဟက်တာ၅၀ ကို ဈေးနည်းနည်း နှင့် ရောင်းချရန်ဒေသအာဏာပိုင်များက ဖိအားပေးခဲ့သည်။ထိုမြေများကိုမသန်မစွမ်း စစ်သားများအတွက် အသုံးပြုမှာဖြစ်ပြီး လယ်သမားများကို၎င်းတို့မြေပိုင်ဆိုင်ကြောင်းစာရွက် စာတမ်းအထောက်အထားများပြသရန်ပြောကြားသည်။အရာရှိများကငွေကြေးလက်ဆောင်ပေး အပ်ပွဲအခမ်းအနား တစ်ခုကို ကျင်းပခဲ့သည်။ထိုအခမ်းအနားတွင်လယ်သမားများကို၎င်းတို့နားမလည် သော စာရွက်စာတမ်းများပေါ်တွင်လက်မလက်ဗွေရာကိုဖိနှိပ်ကြရန်ဖျောင်းဖျ ပြောဆိုခဲ့ သည်။

၂၀၀၄ ဩဂုတ်လတွင် ရွာသူကြီးက တစ်အိမ်ထောင် ဒေါ်လာ ၄၀၀ ပေးပြီး ယခုအခါ ထိုမြေဟက်တာ ၅၀၀ ကို ကမ္ဘောဒီးယားအစိုးရမြေယာစီ မံခန့်ခွဲရေးဝန်ကြီး၏ဇနီး ဩဇာရှိစီးပွားရေးလုပ်ငန်းရှင် 'ကတ်ကော်နေးလ်'ဆိုသူ အမျိုးသမီးကပိုင်ဆိုင်သွားပြီဖြစ်ကြောင်း ပြောဆိုသည်။ သူမနှင့်အစိုးရ အကျင့်ပျက်လာဘ်စားသော ဒေသဆိုင်ရာအရာရှိများချုပ်ဆိုထားသောစာချုပ်အရဒေသခံပြည်သူများမြေများကိုသူမအားရောင်းချ ရန်ပရိယာယ်ဆင်လှည့်စားခဲ့သည်။ ၂၀၀၄ အောက်တိုဘာလတွင်မြေထိုးစက်ကြီးများ ရောက်ရှိလာပြီးရာဘာစိုက်ပျိုးရန်မြေများကိုစတင်ရှင်းလင်း တော့သည်လယ်သမားများကလက်မခံကြဘဲဒေသဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုကိုအခြေအနေမှန်ကိုအစီရင်ခံစာတင်သွင်းခဲ့သည်။ ၂၀၀၇ ဇန်နဝါရီလတွင် အစိုးရမဟုတ်သောအဖွဲ့များ၏ အကူအညီဖြင့် 'ကတ်ကော်နေးလ်'ကို မိမိ တို့ပိုင်မြေများပြန်လည်ရရှိလိုမှုဖြင့် တရားစွဲဆိုခဲ့သည်။ တရားရုံးက ထိုအမှုကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

၃။ မှန်/မှား ရွေးပါ။ ဆရာပေးသော လေ့ကျင့်ခန်းများဖြည့်စွက်ပါ။

## ၂။ လုပ်အား

လုပ်အားဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများကိုထုတ်လုပ်ရန် လူများလုပ်ဆောင်ကြခြင်းကိုဆိုလိုသည်။ ငွေကြေးပေးရသောလုပ်အားရှိသလို ငွေမပေးရသောလုပ်အားလည်းရှိသည်။

စဉ်းစားခိုင်းခြင်း

၁။ သင်၏ပတ်ဝန်းကျင်တွင်မည်ကဲ့သို့အလုပ်များ လုပ်ကိုင်ကြသနည်း။ ကော်လံ ၂ ခုခွဲပြီးစာရင်းပြုစုပါ။ ကော်လံတစ်ခုကငွေပေးရသောလုပ်အား၊ အခြားတစ်ခုက ငွေမပေးရသောလုပ်အား အတွက်ဖြစ်သည်။


ကိုယ်ပိုင်နည်းလမ်း

၂။ အောက်ပါပုံများကိုကြည့်ပါ။မည်သည့်လုပ်အားအမျိုးအစားမျိုးဖြစ်သနည်း။


က


ခ


ဂ


ဃ

ဆွေးနွေးခြင်း

၁။ မည်သည့်အလုပ်သမားက ငွေကြေးပေးရသောလုပ်သား၊မည်သည်ကငွေကြေးမပေးရသောလုပ်သားဖြစ်သနည်း။၎င်းတို့အလုပ်မှာညီမျှမှုရှိပါသလား။ အဘယ်ကြောင့်နည်း။ တစ်ယောက်ကငွေကြေးရရှိပြီး တခြားတစ် ယောက်က အဘယ်ကြောင့် ငွေကြေးမရရှိရပါသနည်း။



ကိုရွှေသည်မီးရထားသံလမ်းပြင် အလုပ်လုပ်ကိုင်သည်။ သူသည်တစ်ပတ် ၆ရက်၊တစ်နေ့ ၈ နာရီမှ ၁၀ နာရီကြာ အမြဲအလုပ်လုပ်ရသည်။ နော်ဘယ်ရီသည် ကိုရွှေမိန်းမဖြစ်သည်သူမသည်အိမ်၌တစ်ပတ် ၇ ရက် ၁၀–၁၂ နာရီကြာ အဝတ်လျှော်၊ကလေးထိန်း၊ချက်ပြုတ်သန့်ရှင်းရေးစ သည်တို့လုပ်ရသည်။



## အလုပ်ခွဲခြားခြင်း

မည်သူကမည်ကဲ့သို့သောအလုပ်ကိုလုပ်ကိုင်ရန်ကျွန်ုပ်တို့မည်သို့ဆုံးဖြတ်သနည်းထိုမေးခွန်းသည်အလုပ်ခွဲခြားခြင်းပင်ဖြစ်သည်လူ့အဖွဲ့အစည်းများ စွာ၌လိင်ဖြင့်အလုပ်ကိုခွဲခြားကြသည်။မိန်းမနှင့်ယောကျ်ားအလုပ်အကိုင်အမျိုးအစားကွဲပြားကြသည်။

အုပ်စုလေ့ကျင့်ခန်

၂။ သင်၏ပတ်ဝန်းကျင်ရှိအလုပ်ခွဲခြားခြင်းအမျိုးအစားများကိုဖော်ပြပါ။ မည်ကဲ့သို့သော အလုပ်မျိုးကိုယောကျ်ားများလုပ်ပြီးမိန်းမများက မည်သည့် အလုပ်မျိုးလုပ်ကြသနည်း။ အလုပ်အကိုင်များကို လူမျိုးအလိုက်၊ ဥစ္စာဓနအလိုက်၊ အသက်အလိုက်၊ လူမှုရေးအခြေ အနေအလိုက် စသည်ဖြင့်ခွဲခြားထားပါသလား။

# အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ခြင်း

လူ့အဖွဲ့အစည်းများတွင် ပညာရေးနှင့်အတွေ့အကြုံပေါ်မူတည်၍လုပ် ကိုင်နိုင်မည့်အလုပ်အကိုင်နှင့် အကျိုးသက်ရောက်မှုကို သိရှိနိုင်သည်။ ဆေးပညာဆိုင်ရာ အတွေ့အကြုံမရှိလျှင် ဆရာဝန်အလုပ်မရနိုင်ပေ။ ဆေးရုံ၌ ဆရာဝန်အလုပ်ရရှိနိုင်ရန်နှစ်ပေါင်းများစွာလေ့လာရန်နှင့်အလုပ်အကိုင်အတွေ့အကြုံများရှိရန်လိုသည်။

ယနေ့ခေတ်တွင် အပြင်းအထန်စိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့်စားနပ်ရိက္ခာအမြောက်အမြား ထုတ်လုပ်နိုင်သည်။ထို့ကြောင့်လူများသည် အလုပ်အကိုင်ခွဲခြားလုပ်ကိုင်နိုင်သည်။ အချို့လူများကစိုက်ပျိုးနေချိန်တွင်အချို့က ကျောင်းဆရာ၊ မန်နေဂျာ၊ ဈေးဆိုင်ပိုင်ရှင်များဖြစ်နိုင်သည်။ ၎င်းတို့စားသုံးရန်ရိက္ခာအတွက်အခြားလူပေါ်တွင်မူတည်သည်အထူးပြုလုပ်ခြင်းဆိုသည်မှာ လူတို့သည် တစ်ချိန်လုံးတူညီသောအလုပ်တစ်ခုကိုသာလုပ်ကိုင် နေခြင်းကိုဆိုလိုသည်။ လုပ်အားကိုအထူးပြုလုပ်ထား လျှင်တော့ အလွန်ငြီးငွေ့စရာကောင်းလှသည်စက်ရုံများတွင်ဖြစ်လေ့ရှိသည်။

လူများအား အလုပ်တာဝန်တစ်ခုတည်းအတွက် အထူးပြုထားခြင်းဥပမာ ပုလင်းပေါ်တံဆိပ်ကပ်ခြင်း၊ ဖိနပ်များကိုကော်ကပ်ခြင်းကဲ့သို့ အစိတ်အပိုင်းတစ်ခုတည်းအတွက် အထူးပြုလုပ်ထားခြင်းဖြစ်သည်။ နေ့စဉ်နေ့တိုင်း ထိုအပြုအမူတစ်ခုတည်းကိုသာရာထောင်ချီထပ်ခါထပ်ခါပြုလုပ်နေခြင်း ဖြစ်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** သင်၏ပတ်ဝန်းကျင်တွင်အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ခြင်းများရှိပါသလား။အဘယ်ကြောင့်နည်းကျွမ်းကျင်လုပ်သားများအမျိုးအမည်များကိုချရေးပါ။

## ၃။ အရင်းအနှီး

အရင်းအနှီးဆိုသည်မှာ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော ငွေကြေးနှင့် ကိရိယာပစ္စည်း များကိုခေါ်သည်။

### (က) ငွေကြေးအရင်းအနှီး

ငွေကြေးအရင်းအနှီးဆိုသည်မှာထုတ်လုပ်မှုစတင်ရန်၊ဆက်လက်ထုတ်လုပ်ရန်နှင့် တိုးတက် ထုတ်လုပ်ရန်အတွက်လိုအပ်သောငွေကြေးကိုဆိုလိုသည်။



နန်းငွေးသည် မန္တလေး၌ ဈေးဆိုင်တစ်ဆိုင်ရှိသည်ထိုဆိုင်လေးဖွင့်နိုင်ရန် ငွေကျပ် (၇) သိန်း အတွက် စက်ရုံတစ်ရုံ၌ ၂ နှစ်ခန့်လုပ်ကိုင်ပြီး စုဆောင်းခဲ့ရသည်။စီးကရက်ရောင်းရန်လိုင်စင်အတွက် ၅၀,၀၀၀ ကျပ်ခန့်ထပ်မံရင်းနှီးခဲ့ရသည်။ လစဉ်ပစ္စည်းအသစ်များဝယ်ယူနိုင်ရန်၁၀၀,၀၀၀ကျပ် ခန့်ကုန်ကျသည်။ တစ်လရောင်းရငွေမှာ၃၀၀,၀၀၀ကျပ်ဖြစ်သည်။ သူမလစာအဖြစ် တစ်လ ၁၀၀,၀၀၀ ကျပ် ယူပြီးခရီးစရိတ်၊ဆိုင်ခန်းထိန်းသိမ်းခ၊အခွန်အခ များအတွက်တစ်လ ၅၀,၀၀၀ ကုန်ကျသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** နန်းငွေးအကြောင်းအောက်ပါမေးခွန်းများကိုဖြေဆိုပါ။

- **က။** ဆိုင်ဖွင့်ရန်အတွက် နန်းငွေး ဘယ်လောက်ရင်းနှီးခဲ့ရသနည်း။
- **ခ။** တစ်လဘယ်လောက်မြတ်သနည်း။
- **ဂ။** သူမ၏အရင်းကြေရန် အချိန်မည်မျှကြာမည်နည်း။

### (ခ) အရင်းအနှီးကုန်စည်



ထုတ်လုပ်မှုအတွက် လိုအပ်သော ပစ္စည်းကရိယာများကိုအရင်းအနှီးကုန်စည်ဟုခေါ်သည်။ ၎င်းကရိယာများသည် သမားရိုးကျပစ္စည်းများဖြစ်နိုင်သလို အစိတ်အပိုင်းများစွာဆက်စပ်ပါဝင်နေနိုင်ပါသည်။ သီးနှံရိတ်သိမ်းရန်ကျွဲတစ်ကောင် သို့မဟုတ် လယ်ထွန်စက်တစ်စီးလိုအပ်နိုင်ပါသည်။ စက်ရုံ၌ဖိနပ်ထုတ်လုပ်ရန်အတွက်စက်ရုံ၊ဂျင်နရေတာ၊ လျှပ်စစ်စက်မီး၊ ကော်၊ဆေးနှင့်အ ခြားအရင်းအနှီးကုန်စည်များစွာလိုအပ်ပါသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်**

**၂။** သင့်ပတ်ဝန်းကျင်တွင်မည်သို့သောရင်းနှီးငွေနှင့်အရင်းအနှီး ကုန်စည်များကိုအသုံးပြုပါသနည်း၊အရင်းအနှီးအမျိုးအစားတစ်ခုစီကို ၂ ကော်လံခွဲ၍ စာရင်းပြုစုပါ။

# ၄။ လုပ်ငန်း

လုပ်ငန်းဆိုသည်မှာ ထုတ်လုပ်မှုအတွက် လိုအပ်ချက်(မြေယာ၊လုပ်အား၊ အရင်းအနှီး)များကို စုစည်းထားသော အဖွဲ့အစည်းဖြစ်သည်။ထုတ်လုပ်မှုကို နည်းလမ်းပေါင်းများစွာဖြင့် စုစည်းနိုင်သည်။



## ၁။ အသေးစားလုပ်ငန်းများ

အသေးစားလုပ်ငန်းများကိုလူတစ်ဦးသို့မဟုတ် လူအုပ်စုလေးတစ်ခုကသာပိုင်ဆိုင်သည်။ လုပ်ငန်းနယ်ပယ်မှာ ကျဉ်းမြောင်းလှသည်။ ဥပမာအားဖြင့်လမ်းဘေးဈေးဆိုင်များ၊ အပ်ချုပ်ဆိုင် မော်တော်ဆိုင်ကယ်တက္ကစီမောင်း သမား တို့မှာအသေးစားလုပ်ငန်းများ ဖြစ်သည်။





## ၂။ ပြည်တွင်းကုမ္ပဏီ

အရင်းအနှီးထည့်ဝင်ထားသူများထဲမှ အချို့ကို ကုမ္ပဏီ၏ လုပ်ငန်းအား ဦးစီးလုပ်ကိုင်ရန် ရွေးချယ်ပြီး ထိုရွေးချယ်ခံထားသောအဖွဲ့ကကုမ္ပဏီ၏ လုပ်ငန်းများကို စီမံခန့်ခွဲရန် မန်နေဂျာ တစ်ဦးကို ထပ်မံရွေးချယ်သည်။ တချို့သော သတင်းစာလုပ်ငန်း များ၊ဘီယာကုမ္ပဏီများသည်ပြည်တွင်း ကုမ္ပဏီများ ဖြစ်ကြ သည်။





## ၃။ နိုင်ငံပိုင်ကုမ္ပဏီ

နိုင်ငံပိုင်ကုမ္ပဏီများကို အစိုးရမှ စီမံကွပ်ကဲသည်။ အစိုးရမှ အရင်း အနှီးများစိုက်ထုတ်ပြီးအမြတ်ငွေကိုလည်း အစိုးရမှပင်ယူသည်။ ကုမ္ပဏီများကဲ့ သို့စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ကြသည်။စွမ်းအင်၊သယ်ယူပို့ဆောင်ရေးနှင့် သောက် သုံးရေ ဖြန့်ဖြူးခြင်း လုပ်ငန်းများသည်နိုင်ငံပိုင်ဌကုမ္ပဏီများ ဖြစ်ကြသည်၊





## ၄။ ကော်ပိုရေးရှင်း

ကုမ္ပဏီကြီးသို့မဟုတ်ကုမ္ပဏီများဖွဲ့ထားသောအစုအဖွဲ့ဖြစ်သည်။ ကုန် ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ကမ္ဘာတစ်ဝန်းသို့ကုန်သွယ်မှုပြုကြသည်။တိုယိုတာ၊ကိုးလ်ဂိတ်ပါးမိုလစ်၊ကိုကာကိုလာ၊ယူနီလီဗာ ကုမ္ပဏီများသည်ကော်ပိုရေးရှင်းများ ဖြစ်ကြသည်။

## ၅။ အစုစပ်လုပ်ငန်း

ထိုလုပ်ငန်း၏အဖွဲ့ဝင်များမှ ညီတူညီမျှပိုင်ဆိုင်ပြီးညီတူညီမျှစီမံကွပ်ကဲသည်။ ကုမ္ပဏီတွင် မန်နေဂျာ သို့မဟုတ် မန်နေဂျာများအဖွဲ့ကဆုံးဖြတ်ချက်ချ လုပ်ကိုင်ကြသည်။ အစုစပ် လုပ်ငန်းတွင်အဖွဲ့ ဝင်များအားလုံးက ဆုံးဖြတ်ချက်ချရာတွင်ပါဝင်သည်။



**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၁။ ဆရာက သင့်ကို လုပ်ငန်းအသီးသီး၏သတင်းအချက်အလက် အချို့သင့်ကိုပေး လိမ့်မည်။မည်သည့်လုပ်ငန်းအမျိုးစားဖြစ်သည်ကို ဆုံးဖြတ်ပါ။

**ဆွေးနွေးခြင်း**

၂။ သင်၏ပတ်ဝန်းကျင်တွင် မည်သည့်လုပ်ငန်းအမျိုးအစားများရှိသနည်း။

စက္ကူထုတ်လုပ်သည့်လုပ်ငန်းအတွက် လိုအပ်သောမြေယာ၊လုပ်အားနှင့် အရင်းအနှီးများ (ဥပမာ) အား အောက်တွင် ပေးထားသည်။

## စက္ကူထုတ်လုပ်ခြင်း

### မြေယာ

သစ်ပင်များ၊ရေ၊အပင်စိုက်ပျိုးရန်မြေ၊ စက်ရုံဆောက်ရန်မြေ



### လုပ်အား

သစ်ပင်များခုတ်ဖြတ်ခြင်း၊သစ်ပင်အား စက်ရုံသို့သယ်ယူခြင်း၊သစ်ပင်မှ စက္ကူဖြစ်လာစေရန် စက်ရုံ၌လုပ်ကိုင် ခြင်း၊အရင်းအနှီး






### ရင်းနှီးငွေ

လျှော်ထရပ်ကား၊စက်ရုံဆောက်ရန်၊ စက်ပစ္စည်းများ၊ဓာတုဗေဒပစ္စည်းများ










### လုပ်ငန်း

စွန့်ဦးတီထွင်သူ၊စီမံခန့်ခွဲရေးအဖွဲ့





**အုပ်စုလေ့ကျင့်ခန်**

၁။ အခြားကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ထုတ်လုပ်မှုဖြစ်စဉ်ကိုပြသသော ပိုစတာတစ်ခုဆွဲပါ။ရုပ်ပုံများနှင့်စကားလုံးများပါ ထည့်သွင်းဖော်ပြပါ၊ထိုကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုတစ်ခုထုတ်လုပ်ရန်လိုအပ်သောအရာများကိုအတန်းအားရှင်းလင်းပြောကြားပါ။

# အခန်း (၁၁) အလုပ်အကိုင်ရရှိမှု၊အလုပ်အကိုင်အခြေအနေ နှင့် အလုပ်သမားသမဂ္ဂများ

အလုပ်အကိုင်ရရှိမှုဆိုသည်မှာအလုပ်အကိုင်ရှိနေခြင်း(ဝင်ငွေရအလုပ်)ကိုဆိုလိုသည်။ ငွေကြေးအား လုပ်အားနှင့် လဲလှယ်ခြင်းဖြစ်သည်။

**စဉ်းစားခိုင်းခြင်း**

၁။ လူအများစုသည် ၎င်းတို့၏ ဘဝတစ်ဝက်ကျော်ကျော်အား အလုပ်ထဲ၌ကုန်ဆုံးကြသည်။ ကျွန်ုပ်တို့ဘာကြောင့် အလုပ်လုပ်ကြသနည်း။ အကြောင်းပြချက်များကို စဉ်းစားပါ။

**ဆွေးနွေးခြင်း**

၂။ လူတိုင်း အလုပ်လုပ်ချင်ကြပါသလား။ အချို့လူများ ဘာကြောင့် အလုပ်မလုပ်ချင်သနည်း ဆိုသည့် အကြောင်းအား အုပ်စုဖွဲ့ဆွေးနွေးပါ။ ယခုအချိန် သို့မဟုတ် အနာဂတ် ၌ပါ သင်အလုပ်လုပ်ကိုင်ချင်ပါသလား။ မည်ကဲ့သို့သော အလုပ်အကိုင်မျိုး သင်လုပ်ကိုင်ချင်ပါသနည်း။

## လုပ်အားနှင့်အလုပ်လက်မဲ့




လူတို့လုပ်သော အလုပ်ကို လုပ်အားဟုခေါ်သည်။ လုပ်အား ဈေးကွက်ဆိုသည်မှာလုပ်အားဝယ်ယူလိုသူ (ဥပမာ– စီးပွားရေးလုပ်ငန်း) နှင့် လုပ်အားရောင်းချလိုသူ(အလုပ်သမား) တို့လုပ်အားခ (၎င်းတို့လုပ်အား အတွက် လုပ်အားခမည်မျှ ပေးမည်) နှင့်အလုပ်အကိုင်အခြေအနေတို့ ညှိနှိုင်းကြသော နေရာဖြစ်သည်။ လုပ်သားအင်အားဆိုသည်မှာ စုစုပေါင်းအလုပ်လုပ်ကိုင်နိုင်သော လူအရေအတွက်ကို ဆိုလိုသည်။

အလုပ်ရှာမရသော လူများအား အလုပ်လက်မဲ့များဟု ခေါ်သည်။လုပ်အားဈေးကွက်ကလိုအပ်နေသော အလုပ်သမား (၎င်းတို့၏ကျွမ်းကျင် မှု) အရေအတွက်၎င်းသည်အလုပ်အကိုင်ရှာဖွေနေသော အလုပ်သမား အရေအတွက်ထက် လျော့နည်းနေပါကအလုပ်လက်မဲ့ဖြစ်ပေါ်လာ သည်။



သက်အောင်သည် လှိုင်ကော်၌နေထိုင်သော လက်သမားတစ်ယောက်ဖြစ်သည်။ လွန်ခဲ့သော ၂ လ ခန့်က သူအလွန်အလုပ်များနေခဲ့သည်။ လူသုံးဦးက ၎င်းတို့၏ အိမ်ဆောက်လုပ်ရန် သူ့အား အလုပ်အပ်ကြသည်။

ယခုအချိန်၌၎င်းမြို့တွင်အိမ်ဆောက်မည့်သူတစ်ဦးမှ မရှိသောကြောင့်သက်အောင်သည်အလုပ်ရှာမရပေ။ ထို့ကြောင့် သူ့အား အလုပ်လက်မဲ့ဟုခေါ်သည်။

- အလုပ်ရှင်ဆိုသည်မှာ အခြားသူများအား အလုပ်လုပ်ရန်အပ်နှံထားသူကို ဆိုလိုသည်။အလုပ်သမားဆိုသည်မှာ အလုပ်ရှင်အတွက် အလုပ်လုပ်ကိုင်ပေးနေသူကို ဆိုလိုသည်။ကိုယ့်အတွက်ကိုယ်အလုပ်လုပ်ကိုင်နေသူများအားကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဟုခေါ်သည်။
- စိုင်းဆာဒိုင်းသည် ကန်တောင်မြို့ရှိ စားသောက်ဆိုင်တစ်ခု၌ စားပွဲထိုး အလုပ်လုပ်ကိုင်သည်။ ၎င်းစားသောက်ဆိုင်အား နန်ဖာကပိုင်သည်။ မည်သူက အလုပ်သမား၊ မည်သူက အလုပ်ရှင် ဖြစ်မည်နည်း။

**စဉ်းစားခိုင်းခြင်း**

၃။ သင့်ပတ်ဝန်းကျင်ကလူများသည် မည်သည့်အလုပ်အကိုင်မျိုးလုပ်ကိုင်ကြသနည်း။

**ဆွေးနွေးခြင်း**

၄။ သင့်ပတ်ဝန်းကျင်၌အလုပ်လက်မဲ့အမြောက်အမြားရှိပါသလား။ ဘာကြောင့်နည်း။

**ဆွေးနွေးခြင်း**

၁။ လုပ်အားဝယ်လိုအားနှင့် ရောင်းလိုအားသည် လုပ်ခလစာအပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်စေပါသည်။ လုပ်အား ဝယ်လိုအားသည် မြင့်မားနေပြီး (အလုပ်ရှင်က အလုပ်သမား အများအပြား လိုအပ်နေသည်) လုပ်အားခများမည်။ နည်းမည်ဟု သင်ထင် သလား၊ လုပ်အား ဝယ်လိုအားကနည်းပြီး ရောင်းလိုအားက မြင့်မားနေလျှင် မည်သို့ဖြစ်မည်နည်း။

## လုပ်အားရောင်းလိုအားနှင့် ဝယ်လိုအား

လုပ်အား လိုအပ်ချက်နှင့် ရရှိနိုင်မှုပမာသည်အချိန်တိုင်းပြောင်းလဲနေသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်နေလျှင်အလုပ်သမားပိုပြီးလိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၌ အလုပ်သမားရှားပါးနေမှုကြောင့်လုပ်အားခလည်း မြင့်မား နေတတ်ပါသည်။ လုပ်အားခမြင့်မားလာလျှင်လူအများပို၍ အလုပ်လုပ်ကိုင်ချင်တတ်ပါသည်။

စီးပွားရေးကျဆင်း/ဆုတ်ယုတ်လျှင်လုပ်အား ဝယ်လိုအားလည်း လျော့နည်းနေတတ်သည်။ လုပ်ငန်းများသည်၎င်းတို့အလုပ်သမားများအားလျှော့ချကြသည်။ အလုပ်သမားလည်း ထပ်မလိုတော့ပေအလုပ်လုပ်ကိုင် လိုသောသူ များပြားပြီး အလုပ်အကိုင်ကရှားပါးနေမှုကြောင့်လုပ်အားခများ မတိုးပေးခြင်း၊ လျှော့ချခြင်း များလည်းဖြစ်လာသည်။ အောင်မြင်သော စီးပွားရေးတစ်ခု၌ အလုပ်လက်မဲ့နည်းနည်း၊ လုပ်အားခပုံမှန်မြင့်တက်နေမှုနှင့်အတူ လုပ်အားရောင်းလိုအားနှင့်ဝယ်လိုအားအကြား ယုံကြည်ချက်ညီမျှမှုတစ်ခု ရှိနေသင့်ပါသည်။

ဆွေးနွေးခြင်း

၂။ တိုင်းပြည်များတွင်အလုပ်အကိုင်/အလုပ်သမားနှင့်စပ်လျဉ်း၍မည်သည့် ဥပဒေ များရှိသင့်သည်ဟု ထင်ပါသနည်း။

## အလုပ်သမားဥပဒေ



တိုင်းပြည်တိုင်း၌ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ဥပဒေများ ရှိကြသည်။ ထိုဥပဒေများ၌ မည်သူတို့အား အလုပ်လုပ်ခွင့်ပြုသည်။ တစ်နေ့အချိန်မည်မျှကြာကြာအလုပ်လုပ်သင့်သည်။ မည်သည့်အရွယ်တွင်အလုပ်စလုပ်သင့်ပြီး မည်သည့်အရွယ်တွင်အလုပ်နားသင့်သည်။၎င်းတို့ ရသင့်သော အနိမ့်ဆုံးငွေပမာဏ (အနိမ့်ဆုံးလုပ်အားခ)၊ အလုပ်ရှင်က စီစဉ်ပေးရမည်။ အလုပ်အကိုင်အခြေအနေများပါရှိသည် ထိုဥပဒေများကအလုပ်သမားများအား ဖိနှိပ်ခြင်း၊ခေါင်းပုံဖြတ်ခြင်းတို့မှကာကွယ်မှုပေးရန် ရည်ရွယ်သည်။

အချို့နိုင်ငံများတွင်အလုပ်သမား ဥပဒေ များ သည်ထိရောက်မှု မရှိပေ။ အလုပ်သမားများအား ခေါင်းပုံဖြတ်မှုအနည်းငယ်သာကာကွယ်ပေးနိုင်သည်။ ထိုဥပဒေများအား အလုပ်ရှင်များကလည်း အလေးမထားကြပေ။

ဆွေးနွေးခြင်း

၃။ ပုံကိုကြည့်ပါ။ အလုပ်သမားဥပဒေနှင့် ခေါင်းပုံဖြတ်မှုကို သင် မည်သို့သုံးသပ်မည်နည်း။

အုပ်စုလေ့ကျင့်ခန်း

၄။ သင်သည်အလုပ်သမားဝန်ကြီးဌာန၌အလုပ်လုပ်ကိုင်နေသူ ဖြစ်သည်။ ဝန်ကြီးချုပ်က သင့်အားအလုပ်လုပ်ကိုင်သင့်သောသူ၊ မလုပ်ကိုင်သင့်သောသူ၊ လုပ်ကိုင်သင့်သောအလုပ်များအကြောင်းအား စာကြောင်းငါးကြောင်းရေးတင်ရန်ပြောလာသည်သင်စဉ်စားသင့်သော အချို့အချက်များမှာ –

အသက်အရွယ်–ကျား/မ လိင်–လူမျိုး–ဘာသာ–မသန်စွမ်းမှု–နိုင်ငံသား

## အလုပ်အကိုင်အခြေအနေ

အလုပ်အကိုင်အခြေအနေဆိုသည်မှာ လူများလုပ်ကိုင်နေသောပတ်ဝန်းကျင်အခြေအနေကို ဆိုလိုသည်။အလုပ်ရှင်ကအလုပ်သမားအား မည်သို့ပြုမူဆက်ဆံရမည်။ ၎င်းတို့ အလုပ်လုပ်နေသောအဆောက်အဦ၊ ၎င်းတို့ လုပ်ကိုင်ရာတွင် အသုံးပြုသောပစ္စည်းကိရိယာများ၊၎င်းတို့အတွက် အားလပ်ချိန်၊ အားလပ်ရက် စသည်တို့ပါဝင်သည်။ အလုပ်ရှင်များသည်ကုန်ပစ္စည်းထုတ်လုပ်မှုစရိတ်လျှော့ချရန်နှင့်အမြတ်များများရရှိရန် ကြိုးစားကြသည်။ အလုပ်အကိုင်အခွင့်အလမ်းကောင်းများဖန်တီးပေး လျှင် (လုပ်အားခမြင့်မားခြင်း၊ အသုံးပြုသောပစ္စည်းများတန်ဖိုးကြီးမားခြင်း၊ အားလပ်ရက်များပေးရခြင်းစသည့်ကုန်ကျစရိတ်များမြင့်တက်လာသဖြင့် ရှောင်ရှားကြသည်။

အချို့အစိုးရများကလည်း အလုပ် အကိုင်အခြေအနေနှင့်ပတ်သက်သော ဥပဒေများ မချမှတ်ဘဲထားခြင်း၊ တည်ရှိပြီးသားဥပဒေများအား လျစ်လျူရှုခြင်းများ ပြုလုပ်ကြသည်အဘယ်ကြောင့်ဆိုသော်အလုပ်ရှင်များ အတွက် အလုပ်သမား ခန့်အပ်ခြင်း၊လျှော့ချခြင်းတို့၌ အခက်အခဲများ၊ စရိတ်စကများပြားခြင်းများ မဖြစ်စေလို၍ဖြစ်သည်။

ဆွေးနွေးခြင်း

၁။ ဆိုးကျိုးဖြစ်စေသောအလုပ်အကိုင်အခြေအနေများကို စဉ်းစား ပါ။ သင့်ရဲ့အကြံဉာဏ်ပေးပါ။

## အလုပ်သမားသမဂ္ဂများ

အလုပ်သမားများကငင်းတို့၏အခွင့်အရေးများ၊အလုပ်အကိုင်အခြေအနေကောင်းများရရှိ ရန်၊ပိုကောင်းလာစေရန်နှင့်ကာကွယ်ရန်အတွက်အုပ်စုဖွဲ့ထားခြင်းဖြစ်သည်။ အုပ်စုဖွဲ့ထားခြင်းကြောင့် ၎င်းတို့၏အလုပ်ရှင်နှင့်ဆွေးနွေးညှိနှိုင်းရန်အင်အားလည်းပိုရှိလာသည်။ သမဂ္ဂနှင့်အလုပ်ရှင်ကြား သဘောတူညီမှုများမရရှိပါက သပိတ်မှောက်မည်ဟုသမဂ္ဂကခြိမ်းခြောက်နိုင်သည်။ အလုပ်သမားများက အလုပ်လုပ်ရန်ငြင်းဆိုခြင်း၊၎င်းတို့အတွက် အခြေအနေကောင်းများပေးရန် အလုပ်ရှင်အားတွန်းအားပေးခြင်းဖြစ်သည့်သပိတ်မှောက်ကြသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ မှန်/မှားသလား။ သင့်ဆရာပေးသောလေ့ကျင့်ခန်းများအားဖြည့်စွက်ပါ။

### ဘားရက်နဲ့မေမက်ဂဲလ်သပိတ်လန်ဒန် အင်္ဂလန်



အန်နီဘီဆက် ( အလယ်) နှင့် မီးခြစ်အမျိုးသမီးသပိတ်သမဂ္ဂ

၁၈၈၈ ခုနှစ် ဇွန်လတွင် သတင်းထောက် 'အန်နီဘီဆက်'သည် လန်ဒန်မြို့ရှိ 'ဘားရက်နှင့် မေမက်'စက်ရုံရှိအလုပ်သမားများ၏ အလုပ်အကိုင်အခြေအနေမှာ အလွန်ဆိုးဝါးလှကြောင်း ကြားသိခဲ့ရသည်။ သူမသည်ထိုအလုပ်သမားနှင့်တွေ့ဆုံမေးမြန်းပြီးနောက်အလုပ်သမားများသည် အနည်းငယ်သော လုပ်အားခလေးအတွက် တစ်နေ့ ၁၄ နာရီအလုပ်လုပ်ရကြောင်း တွေ့ရှိခဲ့သည်။ ခွင့်ပြုချက်မရှိဘဲ အပေါ့အလေးသွားခြင်း၊မီးခြစ်များပြုတ်ကျခြင်း၊ စကားပြောခြင်းများအတွက် ဒဏ်တပ်ရိုက်သဖြင့် ၎င်းတို့၏ လုပ်အားခမှာအပြည့်မရကြပေ။ အလုပ်သို့နောက်ကျပြီးမှရောက်လာသူများအား နေ့တစ်ဝက်စာအလုပ်အားခအား ဒဏ်ကြေးအဖြစ် သတ်မှတ်သည်။

မီးခြစ်ပြုလုပ်ရာတွင် အသုံးပြုသော ဓါတုပစ္စည်းတစ်မျိုးဖြစ်သော မီးစုန်းဓာတ်သည် အလုပ်သမားအမျိုးသမီးများ၏ကျန်းမာရေးအား ဆိုးဆိုးဝါးဝါးထိခိုက်ကြောင်းကိုလည်း တွေ့ရှိခဲ့သည်။ ၎င်းဓာတ်ကြောင့် အရေပြားများပါးလာခြင်း၊ ဆံပင် ကျွတ်ခြင်း၊မေးရိုးကင်ဆာတို့ ဖြစ်လာကြသည်။ မျက်နှာမှာ အစိမ်းရောင်များဖြစ်လာကာပြည်များတည်ပြီး နောက်ဆုံးသေဆုံးကြသည်။ အကြောင်းကိုလဲ 'အန်နီဘီဆက်' တွေရှိခဲ့ရသည်။

၁၈၈၈ ဇွန်လ ၂၃ ရက်နေ့တွင် 'အန်နီဘီဆက်'သည် 'လန်ဒန်မြို့က လူဖြူကျွန်များဘဝ' ဟူသော ဆောင်းပါးကို ရေးခဲ့သည်။ အလုပ်သမားများ၏ အဖြစ် အပျက်များအကြောင်း ရေးသားခဲ့သည်။ ကုမ္ပဏီက အလုပ်သမားများအား ၎င်းတို့အလုပ်အကိုင်အခြေအနေအားကျေနပ်ပျော်ရွှင်ကြောင်း  ထွက်ဆိုချက်ရေးသားပြီးလက်မှတ်ရေးထိုး ဖိအားပေးခဲ့သော်လည်း အလုပ်သမား များက ငြင်းဆိုခဲ့ပြီး မီးရှို့ခဲ့ကြသည်။ ထို့နောက် အလုပ်သမား ၁၄၀၀ တို့သပိတ်မှောက်ခဲ့ကြသည်။

'အန်နီဘီဆက်'နှင့် အခြားသတင်းထောက်များ ကလည်း ၎င်းသပိတ်မှောက်ပွဲအကြောင်း ၎င်းတို့သတင်းစာ၌လှုံ့ဆော်ရေးသားကြသည်။ အလုပ်သမားများကလဲ 'မက်ဂ်လ်' သမဂ္ဂကိုဖွဲ့ စည်းရန်ဆုံးဖြတ်လိုက်ကြပြီး 'ဘီဆက်'က ခေါင်းဆောင်ရန် သဘောတူခဲ့သည်။သုံးပတ်ကြာပြီး နောက်ကုမ္ပဏီကအလုပ်သမား များအား အလုပ်ပြန်လည် ခန့်အပ်ကြောင်းနှင့် ဒဏ်ကြေးစနစ်အားလည်းရုပ်သိမ်းကြောင်းပြောကြားခဲ့သည်။ အလုပ်သမားများလည်းစည်းကမ်းသတ်မှတ်မှုများအား လက်ခံခဲ့ပြီး အောင်မြင်စွာဖြင့် လုပ်ငန်းခွင်ပြန်ဝင်နိုင်ခဲ့သည်ဘားရက်နှင့်မေ ပဋိပက္ခ'သည် အစိုးရ၏အာရုံစိုက်မှုရရှိရန် အလုပ်သမားများပထမဆုံးဆန္ဒပြမှုလည်းဖြစ် ခဲ့သည်။ နိုင်ငံတစ်ဝန်း သမဂ္ဂများပေါ်ပေါက်လာစေရန်အတွက်လည်း နိုးကြွမှုတစ်ရပ်ဖြစ်ခဲ့သည်။

**ကိုယ်ပိုင်နည်းလမ်း**

၃။ စာပိုဒ်အားနားလည်မှုအပေါ်သင်၏ဆရာကသင့်အားမေးခွန်းများပေးပါလိမ့်မည်။

## ချွေးစက်ရုံနှင့်အလုပ်သမားအခွင့်အရေး



အီမွန်တီ သကြားလုံးစျေးဆိုင်အလုပ်သမားများ

ချွေးစက်ရုံဆိုသည်မှာ အလုပ်သမားများ ခေါင်းပုံဖြတ် ခံနေရသော စက်ရုံတစ်ခုအား ဆိုလိုသော စကားလုံးဖြစ်သည်။ကလေးလုပ်သားများ၊ စိတ်ပိုင်း ဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာနှိပ်စက်ညှဉ်းပန်းမှုများ အချိန်ရှည်လျားခြင်း၊အလုပ်သမားသမဂ္ဂ များမရှိခြင်း၊ လုပ်ခလစာနည်းပါးခြင်း၊ ညစ်ညမ်းသောသို့မဟုတ်အန္တရာယ်ရှိသော အလုပ်အကိုင်အခြေအနေတို့ကိုလည်း ဆိုလိုသည်။ နိုက်၊အက်ဒီဒက်နှင့် လီဗိုက်ကဲ့သို့အကြီး ကုမ္ပဏီကြီးများမှ လည်းချွေးစက်ရုံအလုပ်သမားများခိုင်းစေနေသည်ဟု စွပ်စွဲထားခြင်းခံရသည်။ ထိုကုမ္ပဏီကြီးများသည်၎င်းတို့အဝတ်အထည်များကိုအ လုပ်သမား ဥပဒေ အားနည်းသောအာရှနှင့် တောင်အမေရိကနိုင်ငံများ၌ချုပ်လုပ်သည်။ သို့မဟုတ် အခြားစက်ရုံများကို ၎င်းတို့အဝတ်အထည်များချုပ် လုပ်စေသည်။ တစ်ဆင့်ခံခွဲဝေလုပ်ကိုင်ခြင်းဟုခေါ်သည်။ ၁၉၉၀ ပြည့်နှစ်များ၌ ထိုချွေးစက်ရုံများအကြောင်းကိုအနောက်နိုင်ငံများရှိပြန်ကြားရေးသတင်းမီဒီယာများ၌စတင်ပေါ်ထွက်လာခဲ့သည်။ အကြီးမားဆုံး အဖြစ် အ ပျက်မှာအမေရိကန်နိုင်ငံရှိချွေးစက်ရုံတစ်ရုံတွင် ဖြစ်သည်။ ၁၉၉၅ တွင် ကာလီဖိုးနီးယားရှိ'အီမွန်တီ' ဟုခေါ်သောပြည်နယ်တစ်ခုရှိအထည်ချုပ်စက်ရုံလေးတစ်ခုတွင် တရားမဝင် ဝင်ရောက်လာသောသူတို့အားအဝတ်အထည်ကုမ္ပဏီကြီးတချို့၏ အထည်များအားချုပ်လုပ်ရန်အတွက်ကျွန်အဖြစ်ထိန်းသိမ်းထားခဲ့သည်။ ၎င်းတို့သည် သံဆူးကြိုးခတ်ထားသောခြံဝန်းအတွင်း၌တစ်နေ့၁၈ နာရီအလုပ်လုပ်ရသည်။ လက်နက်ကိုင်အစောင့်များကစောင့်ကြပ်နေသည်၊နှစ်ယောက်ခန်းအတွင်း၌လူ ၈ ယောက်မှ၁၀ယောက်အထိ အိပ်ခဲ့ရသည်။ အိပ်နေစဉ်ကြွက်များက၎င်းတို့ကိုယ်ပေါ်၌ဖြတ်သွားနေကြသည်။ အချို့အလုပ်သမားများသည် ၁၇ နှစ်ကြာထိုနေရာ၌ထိန်းသိမ်းခံခဲ့ရသည်။ ၎င်းတို့၏ဖုန်းခေါ်မှုများနှင့်စာများအားစိစစ်ဖြတ်တောက်သည်။ စက်ရုံပိုင်ရှင်ကယိုးဒယားတွင်ကျန်ခဲ့သောမိသားစုသို့မဟုတ်၎င်းတို့အားအန္တရာယ်ပြုမည်ဟုခြိမ်းခြောက်ပြီးကြောက်ရွံ့လာစေခဲ့သည်။ လုပ်အားခအနည်းငယ်သာပေးပြီး စက်ရုံရှိ စျေးဆိုင်မှစျေးကြီး သောပစ္စည်းများအားဖိအားပေး၍ဝယ်ယူစေခဲ့သည်။

သတင်းစာတစ်စောင်က ထိုစက်ရုံအား စုံစမ်းရရှိသွားပြီး နောက်အဖြစ်အပျက်များအား ရေးသားတင်ပြခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများက ထိုအလုပ်သမားများအားကူညီပေးရန်ဆုံးဖြတ်ခဲ့ပြီးစက်ရုံပိုင်ရှင်များနှင့်အဝတ် အထည်ကုမ္ပဏီကြီးများအားတရားရုံးသို့ဆင့်ခေါ်ခဲ့သည် တရားရုံးကထိုအလုပ်သမားများအားလျော်ကြေးပေးပြီး တရားဝင်ပြည်ဝင်ခွင့်လည်းရရှိခဲ့ကြသည် တရားရုံးကတစ်ဆင့် ခံခွဲဝေလုပ်ကိုင်သူများစက်ရုံများရှိအလုပ်အကိုင် အခြေအနေများအတွက်အဝတ်အထည်ကုမ္ပဏီကြီးများ၌တာဝန်ရှိသည်ဟုလည်း ဆုံးဖြတ်ခဲ့သည်။'နိုက်'ကုမ္ပဏီအား၎င်းတို့တစ်ဆင့်ခံခွဲဝေလုပ်ကိုင်သူများ၏ စက်ရုံများရှိအလုပ်အကိုင်အခြေအနေများအား သေချာစွာစစ်ဆေးမှုမရှိခြင်းအတွက်လည်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ 'အော့ဖန်အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုက ယိုးဒယားရှိ ' နိုက်' ကုန်ပစ္စည်းများထုတ်လုပ်သော စက်ရုံတစ်ရုံရှိ အခြေအနေများကိုအစီရင်ခံတင်ပြခဲ့သည်။ အလုပ်သမားများသည် လုပ်အားခ အနည်းငယ်လေးရရှိရန်အတွက်အလုပ်ချိန်အကြာကြီးလုပ်ကြရသည် အလုပ်သမားများ ညပိုင်းအလုပ် လုပ်ချိန်တွင် နိုးကြားတက်ကြွမှုရှိစေရန်သောက်ရေထဲမှာ စိတ်ကြွဆေးများကိုပိုင်ရှင်ကထည့်ခဲ့သည်။ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုဒဏ်လည်းခံရသည်။ တခါတွင် အလုပ်သမား တယောက်သည် သမ်းမိသောကြောင်း ၅၀၀ ဘတ် ဒဏ်တပ်ခဲ့သည်။ အလုပ်သမား တယောက်သည် မိမိဘာသာနိုးကြားနေစေရန်အတွက် သံပုရာသီးယူလာခဲ့သဖြင့် ဘတ် ၂၀၀၀ ဒဏ်တပ်ခဲ့သည်။




နိုက်ကိုဝေဖန်သောပိုစတာတခု

### ကိုယ်ပိုင်နည်းလမ်း

၁။ စာပိုဒ်များအားသဘောပေါက်အောင်ဖတ်ပါ။သင့်ဆရာပေးသောလေ့ကျင့်ခန်းများကို ဖြည့်စွက်ပါ။

### ဆွေးနွေးခြင်း

၂။ သင့်ဆရာပေးသောမေးခွန်းများစဉ်းစားဆွေးနွေးပါ။

# အခန်း (၁၂) ရေနံ

ဆွေးနွေးခြင်း

**၁။** ရေနံဘယ်လိုဖြစ်ပေါ်လာသနည်း။ ရေနံဟာ စီးပွားရေးတွင် ဘာကြောင့်အရေးပါတယ်လို့ သင်ထင်ပါသလဲ။

## ရေနံဆိုတာဘာလဲ။

(ယခုတူးဖော်ရရှိသော) ရေနံအများစုဟာလွန်ခဲ့သောနှစ်သန်းပေါင်းများစွာကဖြစ်ပေါ်လာခြင်း ဖြစ်တယ်။ အပင်နဲ့ရေသတ္တဝါအသေတွေဟာအင်းအိုင်တွေ၊ မြစ်ချောင်းနဲ့ သမုဒ္ဒရာကြမ်းပြင်ကိုရောက် ရှိအနည်ထိုင်ခြင်းမှတစ်ဆင့် ၄င်းအပင်နဲ့ သတ္တဝါအသေတွေဟာတဖြည်းဖြည်းနဲ့အနည်အနှစ်အလွှာတွေ ဖြစ်လာပါတယ်။ ၄င်းအနည်အနှစ်တွေရဲ့ အလေးချိန်ဟာတဖြည်းဖြည်း များလာပြီးအပင်နဲ့ သတ္တဝါအသေတွေကိုရေနံအဖြစ်ပြောင်းလဲပေးနိုင်သော အပူနဲ့ဖိအားကို ဖြစ်ပေါ်စေပါသည်။ ရေနံဟာ အကန့်အသတ်ရှိသော ရင်းမြစ်တစ်ခုဖြစ်ပါသည်။ ၄င်းကို နေရာတိုင်းမှာအမြဲတမ်းမရရှိနိုင်ပါ။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၂။** ဘယ်လို အရာဝတ္ထုတွေကို ရေနံဖြစ်လာအောင် ပြုလုပ်နိုင်မည်ဟု သင်ထင်ပါသလဲ။ သင့် ပတ်ဝန်းကျင်မှာ ရှိသော အရာဝတ္ထုတွေထဲမှာ ရေနံအဖြစ်ပြောင်းလဲနိုင်မည့် စာရင်းကိုပြုစုပါ။

စဉ်းစားခိုင်းခြင်း

**၃။** ရေနံ၏ အသုံးဝင်မှုများထဲမှ အရေးကြီးဆုံးတစ်ခုမှာ လောင်စာဆီ အ (စွမ်းအင် ရင်းမြစ်တစ်ခု) ဖြစ် အသုံးပြုခြင်းပါပဲ။ လောင်စာဆီအဖြစ် ရေနံကို ဘယ်လိုအရာတွေမှာ အသုံးပြုပါသနည်း။


## ရေနံကို မည်ကဲ့သို့အသုံးပြုသနည်း။

ဓာတ်ဆီ၊ ဒီဇယ်ဆီကဲ့သို့သော ရေနံကို အခြေခံသောလောင်စာဆီများကို မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ ထရပ်ကား၊ ဘတ်စ်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်၊ ဂျင်နရေတာ၊ စက်ရုံများ၊ ဓာတ်အားပေးစက်ရုံများ လည်ပတ်မောင်းနှင်ရန် အသုံးပြုပါသည်။ ထို့အပြင် ရေနံကို အခြားပစ္စည်းထောင်ပေါင်းများစွာ ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည်။ ဥပမာ လမ်းခင်းကတ္တရာ၊ ဓာတုပစ္စည်းများ၊ ပလတ်စတစ်၊ အလှကုန်ပစ္စည်း၊ အင်္ကျီ (ပိုလီစတား)၊ ရှူးဖိနပ်၊ စီဒီချပ်ပြား၊ မှင်၊ ကြေးချွတ်ဆေးရည်၊ ဖယောင်းတိုင်၊ ဓာတ်မြေသြဇာ၊ ကင်မရာဖလင် စသည် တို့ဖြစ်သည်။ ယနေ့ကာလ ရေနံသုံးစွဲမှုပမာဏသည် ၁၉၀၀ ပြည့်နှစ်ခန့်က ရေနံသုံးစွဲမှုပမာဏထက် အဆ ၁၆ ဆပိုသည်။

ဆွေးနွေးခြင်း

**၄။** ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှုအများဆုံးသုံးစွဲသည့်နိုင်ငံများကိုသင်သိပါသလား။ စဉ်းစားအဖြေရှာကြည့်ပါ။


Oil Consumption per person per year (1997)




## ရေနံသုံးစွဲခြင်း

ယနေ့ ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှု အများ ဆုံးနိုင်ငံသည် အမေရိကန်နိုင်ငံဖြစ်သည်။ အမေရိ ကန်နိုင်ငံတွင် နေထိုင်ကြသောလူဦးရေသည်တစ်ကမ္ဘာလုံးတွင် နေထိုင်သော လူဦးရေ၏ ၅ ရာခိုင်နှုန်း သာ ရှိသည်။ အမေရိကန်နိုင်ငံသည် တစ်ရက်ထွက်ရှိသည့် ရေနံပမာဏ၏ ၂၆ ရာခိုင်နှုန်းကိုသုံးစွဲသည်။ အခြားရေနံသုံးစွဲမှု မြင့်မားသောနိုင်ငံများမှာ ဂျပန်၊ တရုတ်နှင့်ဂျာမနီနိုင်ငံတို့ဖြစ်သည်။ ဖွံ့ဖြိုးပြီး (ချမ်းသာသော) နိုင်ငံများလူတစ်ဦးကျရေနံသုံးစွဲမှုသည်ဖွံ့ဖြိုးဆဲ (ဆင်းရဲသော) နိုင်ငံများ၏လူတစ်ဦးနှုန်း သုံးစွဲမှုထက်ပိုများလာမည့်အခြေအနေရှိနေသည်။

U.S. Oil Demand by Sector




နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၅။** အမေရိကန်နိုင်ငံသည် မည်သည့်ကဏ္ဍများတွင် ရေနံအများဆုံးသုံးစွဲသည်ဟု သင်ထင်ပါသနည်း၊ အမြင့်ဆုံးအသုံးပြုသော ကဏ္ဍမှ အနိမ့်ဆုံးအသုံးပြုသော ကဏ္ဍအတွက် တခုခြင်းအမှတ်စဉ်တပ်ပေးပါ။ ကဏ္ဍတစ်ခုစီ၌ ရာခိုင်နှုန်းမည်မျှ သုံးစွဲမည်ဟု သင်ထင်ပါသနည်း။

လူနေရပ်ကွက်၊ ကူးသန်းရောင်းဝယ်ရေး၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊သယ်ယူပို့ဆောင်ရေး၊စက်မှုလုပ်ငန်းကိုယ်ပိုင်နည်းလမ်း

## ကိုယ်ပိုင်နည်းလမ်း


### နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ ရေနံထုတ်ယူသုံးစွဲခွင့်၊ ယခုပြောသော အကြောင်းအရာများကို နားထောင်ပါ။ ထို့နောက် သင်ကြားသမျှသော အကြောင်းအရာများ၏ အဓိကအချက်များကို အနှစ်ချုပ်ပြုလုပ်ပါ။ လေ့ကျင့်ခန်းများအားလုံး၏ အဆုံး၌သင်၏ အဓိက အချက်များနှင့် သင့်တွဲဖက်အဖော်၏ အဓိကအချက်များကို နှိုင်းယှဉ်ပါ။ သင်သဘောတူပါသလား။

### အုပ်စုလေ့ကျင့်ခန်း

၂။ ရေနံ၊ စီးပွားရေးနှင့် အာဏာတို့အကြားဆက်နွယ်မှုကိုသင်မည်သို့ထင်မြင်ပါသနည်း။ အောက်တွင် ဖော်ပြထားသော ရုပ်ပုံများနှင့် အကြောင်းအရာများကို ကြည့်ပါ။ စာပိုဒ်အသီးသီးရှိမေးခွန်းများကို စဉ်းစားပြီး ဆွေးနွေးမှုအတွက်ပြင်ဆင်ပါ။

၁။ အမေရိကန်၌ အီရတ်စစ်ပွဲကို ဆန့်ကျင် သော ဆန္ဒပြမှုအတွင်းကဆိုင်းဘုတ်တစ်ခု၊ အမေရိကန်သည် ၂၀၀၃ ခုနှစ်က အီရတ်ကို ကျူး ကျော်ဝင်ရောက်ခဲ့သည်။ အီရတ်သည်ရေနံအဓိကထုတ်လုပ်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ဆန္ဒပြသူများရေးသားထားသော ‘ရေနံအတွက် သွေးမြေကျမှု မလိုအပ်’ဟူသည့် ကြွေးကြော်သံအားသင်မည်သို့ထင်မြင်ယူဆပါသနည်း။






၂။ နိုင်ဂျီးရီးယားမှ သဘာဝ ပတ်ဝန်းကျင်အရေး တက်ကြွလှုပ် ရှားသူ‘ကန်စရိုဝီဝ’ Ken Saro-Wiw အား နိုင်ဂျီးရီးယား အစိုးရက ၁၉၉၅ ခုနှစ်၌ သေ ဒဏ်ပေးခဲ့သည်။ သူ၏ ‘အိုဂနီ’ Ogoni လူမျိုးစုတွေ ဟာ နိုင်ဂျာမြစ်ဝှမ်း၌ နေထိုင်ကြ သည်။ပြည်ပရေနံကုမ္ပဏီများသည် ၎င်းဒေသ၌ နှစ်ပေါင်း၅၀ကျော်ရေနံထုတ်လုပ်မှုကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုးဆိုးဝါးဝါး ပျက် စီးမှုကိုဖြစ်ပေါ်စေသည်။၎င်းဒေသမှထွက်သောရေနံရောင်းရငွေမှအမေရိကန်ဒေါ်လာ၃၀ဘီလီယံအား သူ၏လူမျိုးစုအတွက်နစ်နာကြေးအဖြစ်‘ခရိုဝီဝ’ကလိုချင်သည်၊သူ့အားကွပ်မျက်ခဲ့ခြင်း အား သင်မည်သို့ထင်မြင်မိပါ သနည်း။

၃။ ဘိုလီးဗီးယားသည် တောင် အမေရိကမှ ဆင်းရဲသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏ အနည်း ငယ်သောရေနံနှင့် သဘာဝ ဓာတ် ငွေ့ရင်းမြစ်တို့အား ပြည်ပကုမ္ပဏီ များက အဓိကထုတ်ယူသည်။ ၂၀၀၆ မေလ ၁ ရက်နေ့တွင် ဘိုလီးဗီးယားသမ္မတ အိုဗစ်မိုရာ လေးက ၎င်းတို့အား ပြည်သူ ပိုင်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ထုတ် လုပ်မှု၏ ၁၈ ရာခိုင်နှုန်းသာပြည်ပကုမ္ပဏီများကရမှာဖြစ်ပြီး ၈၂ ရာခိုင်နှုန်းအား အစိုးရအား ပေးအပ်ရမည်ဖြစ်သည်။ စက်တင်ဘာလ တွင် နိုင်ငံတကာ၏ဖိအားပေးမှု ကြောင့် ၎င်းမူဝါဒအား ဆိုင်းငံ့ခဲ့ရ သည်။ ဘာကြောင့်မိုရာလေးသည် ၎င်းရေနံထုတ်လုပ်ခြင်းကို ပြည်သူ ပိုင် သိမ်းချင်ရသနည်း။






၁၉၇၃ ခုနှစ် အမေရိကားဓာတ်ဆီးဆိုင်တခုမှဆိုင်းဘုတ်

၄။ အိုပက်သည် အာရှ၊ အရှေ့အလယ်ပိုင်၊ အာဖရိကာနှင့် တောင်အမေရိကာမှာ ၁၂ နိုင်ငံ ဖြင့်ဖွဲ့ထားသော အပြည်ပြည်ဆိုင်ရာအဖွဲ့ တခုဖြစ်ပါသည်။ ၎င်းနိုင်ငံများက ကမ္ဘာ့ရေနံအရန် ၆၅% ကို ထိန်းချုပ်ထားသည်။ အိုပက်၏ရည်မှန်းချက်မှာ ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ အကျိုး အား ကာကွယ်ရန်နှင့် ရေနံဈေး အားချုပ်ကိုင်ရန်ဖြစ်သည်။ ၁၉၇၃ ခုနှစ်၌ အစ္စရေးသည် ဆီးရီးနှင့် စစ်ဖြစ်သောအခါ အိုပက်၏ အာရပ်အဖွဲ့ဝင်နိုင်ငံ များက အမေရိကန်အား ရေနံ ရောင်းချမှုကို ကန့်ကွက်ခဲ့ကြသည်။ ၎င်းတို့က အမေရိကသည် အစ္စရေးအား ကူညီနေသည်ဟု စွပ်စွဲသည်။ ရေနံဈေးနှုန်းနှင့် ရောင်းအားသည် ၎င်းကာလ အတွင်း မည်သို့ဖြစ်သွားသည်ဟုသင်ထင်ပါသနည်း

၅။ ၂၀၀၇ခုနှစ်၊ ဇွန်လတွင်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်တွင်းထွက်ပစ္စည်း ပေါကြွယ်ဝသော မြောက်ဝင်ရိုးစွန်း ကြီးမားလှ သော မြေဧရိယာအား ရုရှားက ၄င်း၏ပိုင်ဆိုင်မှုအဖြစ် တောင်း ဆိုခဲ့သည်ကုလသမဂ္ဂအား၄င်း တောင်းဆိုချက်အားတင်သွင်းရန်စီစဉ်ခဲ့သည်။ ယခုတိုင် ၄င်းဧရိယာအား မည်သည့်နိုင်ငံမှ ပိုင်ဆိုင်မှုမရှိခဲ့ပေ။ အစိုးရများ နှင့် သဘာဝပတ်ဝန်းကျင် အုပ်စု များက ရုရှား၏တောင်းဆိုချက် အား ဝေဖန်ခဲ့ကြသည်။ ရုရှားက ထိုနယ်မြေအား ဘာကြောင့် တောင်းဆိုရန်ကြိုးစားခဲ့သည်ဟုသင်ထင်ပါ သနည်း။




**ကိုယ်ပိုင်နည်းလမ်း**

၁။ အချိန်မည်မျှကြာလျှင် ရေနံကုန်ခန်းသွားမည်ဟု သင်ထင်သနည်း။ ၄င်းနေ့အားခန့်မှန်း ပြီး ထိုနရာကို စက်ဝိုင်းဝိုင်းပါ။

၂၀၂၀ ၂၀၄၀ ၂၀၆၀ ၂၀၈၀ ၂၁၂၀ ၂၁၂၀ ၂၁၄၀ ၂၁၆၀ ၂၁၈၀ ၂၂၀၀

**နှစ်ယောက်တွဲလေ့ကျင့်ခန်**


၂။ သင်၏ဆရာဖတ်ပြသော စာပိုဒ်အားနားထောင်၍ အောက်ပါအကြောင်းအရာရှိ ကွက်လပ်များအားဖြည့်ပါ။ ပြီးလျှင် သင့်တွဲဖက်အဖော်နှင့် နှိုင်းယှဉ်ပါ။

အရေနံသုံးစွဲမှုသည် အချက် (၂) ချက်ပေါ်တွင် မူတည်သည်။ . . . . . . . . . . . . . . . . . . . . . . . . . . . . .ကမ္ဘာမှာရေနံဘယ်လောက်ကျန် ရှိသနည်းဟု တိတိကျကျ သိရှိဖို့မဖြစ်နိုင်ပါ။ အရင်းအမြစ်အများစုဟာ အရင်ကထက်စာလျှင် လျော့နည်းလာသော်လည်းအရင်းအမြစ် အသစ်များအား ရှာဖွေနေဆဲဖြစ်သည်။ ကမ္ဘာ့အရန် ရေနံပမာဏသည် လက်ရှိအချိန်၌စည်. . . . . . . . . . . . . . . . . . . . . . . . . . . .ဘီလီယံရှိသည်။ ရေနံသုံးစွဲမှုနှုန်းဟာ လျင်မြန်စွာ မြင့်မားနေသော်လည်း အနာဂါတ်ကာလတွင် မည်မျှသုံးစွဲမည်ဟုခန့်မှန်းရန်လည်းခက်ခဲ လှသည်။ ကမ္ဘာ့ရေနံဝယ်လိုအားသည် ၁၉၈၆ တွင် . . . . . . . . . . . . . . . . . . . . . . . . . . . . .စည်မှ ၂၀၀၆ တွင် . . . . . . . . . . . . . . . . . . . . . . . . . . . . . .စည်သို့ မြင့်တက်လာသည်။ တချို့သိပ္ပံပညာရှင်များက . . . . . . . . . . . . . . . . . . . . . . . . . . . . . . လောက်တွင် ကြီးမားသော ရေနံပြတ်လပ်မှုကြီး ဖြစ်လာမည်ဟု ယူဆကြသည်။ ၄င်းနောက် နိုင်ငံတော်တော်များများက မဝယ်နိုင်အောင်ရေနံ ဈေးနှုန်းမြင့်တက် သွားလိမ့်မည်ဟု ယူဆကြသည်။ ရေနံစိမ်တစ်စည် ဈေးနှုန်းသည် ၂၀၀၄ ဇန်နဝါရီတွင် . . . . . . . . . . . . . . . . . . . . . . . . . . . .မှ၂၀၀၆ အောက်တိုဘာတွင် . . . . . . . . . . . . . . . . . . . . . . . . . . .အထိ မြင့်တက်သွားမည်။

**ဆွေးနွေးခြင်း**

၃။ ရေနံဈေးနှုန်းမြင့်မားလာမှုသည် သင့်ပတ်ဝန်းကျင်အား မည်သို့အကျိုးသက်စေမည်နည်း။ ရေနံဈေးမြင့်တက်ခဲ့လျှင် အခြားပစ္စည်းများ၏ ဈေးနှုန်းလည်း မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။ သယ်ယူစရိတ်၊ အစားအစာ၊ ဆောက်လုပ်ရေးပစ္စည်း စသည်တို့အပေါ် မည်ကဲ့သို့ အကျိုး သက်ရောက်မည်နည်း။

# အခန်း (၁၃) စီးပွားညွှန်ကိန်းများ



စီးပွားညွှန်ကိန်းများဆိုသည်မှာနိုင်ငံတစ်ခု၏စီးပွား ရေးအခြေအနေကို တိုင်းတာရန် နည်းလမ်းများ ဖြစ်သည်။ ထိုညွှန်ကိန်းများက နိုင်ငံ၏ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ဆုတ်ယုတ်မှုအကြောင်း သတင်း

အချက်အလက်များ ပေးကြသည်။ စီးပွားညွှန်ကိန်းများကို တိုင်းပြည်တစ်ခု၏ နေထိုင်မှုအဆင့်အတန်း ကို တိုင်းတာရန်အသုံးပြုကြသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** သင်၏နိုင်ငံတွင် နေထိုင်မှုအဆင့်အတန်းကို မည်သည့်အရာများနှင့်တိုင်း တာသင့်သနည်း။ ညွှန်ကိန်းများ၏စာရင်းပြုစုပါ။

## ၁။ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)

သတ်မှတ်ထားသောနှစ်တစ်နှစ်အတွင်း တိုင်းပြည်၏နယ်နိမိတ်တစ်ခုအတွင်းတွင် ထုတ်လုပ်ရရှိသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးကို စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးဟုခေါ်သည်။ အောက်ဖော်ပြပါ ဇယားသည် ၂၀၀၇ တွင်နိုင်ငံအချို့၏ ဂျီဒီပီဖြစ်သည်။

| နိုင်ငံ | ဂျီဒီပီ (အမေရိကန်ဒေါ်လာမီလီယံ) |
|---|---|
| အမေရိကား | ၁၃,၂၄၄,၅၅၀ |
| ဂျပန် | ၄,၃၆၇,၄၅၉ |
| ဂျာမနီ | ၂,၈၉၇,၀၃၂ |
| တရုတ် | ၂,၆၃၀,၁၁၃ |
| အိန္ဒိယ | ၈၈၆,၈၆၇ |
| ထိုင်း | ၂၀၆,၂၅၈ |
| မြန်မာ | ၁၃,၀၀၆ |

**ဆွေးနွေးခြင်း**

**၂။** ဂျီဒီပီသည် နိုင်ငံတစ်ခု၏ စီးပွားရေးအခြေအနေမှန်ကို ဖော်ပြနိုင်သည်ဟု သင်ထင်ပါသလား။ ဂျီဒီပီကို စီးပွားညွှန် ကိန်းတစ်ခုအဖြစ် အသုံးပြုလျှင် မည်ကဲ့သို့သော အခက်အခဲများ ရှိနိုင်သည်ဟု သင်ထင်ပါသလဲ။

## ၂။ လူတစ်ဦးကျ စုစုပေါင်းပြည်တွင်းထုတ်ကုန် (လူတစ်ဦးကျဂျီဒီပီ)

ဂျီဒီပီကို နိုင်ငံရှိလူဦးရေနှင့်စားခြင်းဖြင့် လူတစ်ဦးကျ ဂျီဒီပီကို ရသည်။ ၂၀၀၇ ခုနှစ်ရှိ နိုင်ငံအချို့ ၏ လူတစ်ဦးကျ ဂျီဒီပီကို အောက်တွင်ကြည့်ပါ။ သင်ဘာကို သတိပြုမိပါသနည်း။

| နိုင်ငံ | လူတစ်ဦးကျဂျီဒီပီ |
|---|---|
| အမေရိကန် | ၄၄,၀၀၀ |
| ဂျာမနီ | ၃၁,၉၀၀ |
| ဂျပန် | ၃၁,၁၀၀ |
| ထိုင်း | ၉,၂၀၀ |
| တရုတ် | ၇,၇၀၀ |
| အိန္ဒိယ | ၃,၈၀၀ |
| မြန်မာ | ၁,၈၀၀ |

**ဆွေးနွေးခြင်း**

**၃။** လူတစ်ဦးကျ ဂျီဒီပီက ဂျီဒီပီထက် ပိုတိကျမှုရှိသည်ဟု ထင်ပါသလား။ ဘာကြောင့်နည်း။ လူတစ်ဦးကျ ဂျီဒီပီ၌ ဖြစ်ပေါ်လာနိုင်သော အခက်အခဲပြဿနာများကို သင်မြင်မိပါသလား။

# အက်ကွေတိုရီရယ်ဂီနီနိုင်ငံတစ်ဦးကျဂျီဒီပီ




အက်ကွေတိုရီရယ်ဂီနီ နိုင်ငံမှ မိသားစု

အက်ကွေတိုရီရယ်ဂီနီ နိုင်ငံသည်၂၀၀၅ ခုနှစ် တွင် ကမ္ဘာပေါ်၌ လူတစ်ဦးကျ ဂျီဒီပီ ဒုတိယအမြင့်ဆုံး နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၀.၂၀၅ ရှိသည်။ ၁၉၉၅ တွင် နိုင်ငံပိုင် ကမ်းရိုးတမ်းအနီး ပင်လယ်အောက်မှရေနံနှင့် သဘာဝဓာတ်ငွေ့ အမြောက်အမြား ရှာဖွေတွေ့ရှိခဲ့သဖြင့်ချမ်းသာလာခဲ့သည်။ ဂျီဒီပီ အလျင်အမြန် မြင့်မားလာခြင်းမှာ တစ်နှစ် အတွင်း ရေနံရောင်းရငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံရရှိခြင်းကြောင့်ဖြစ်သည်။

ထိုနိုင်ငံရှိ လူအများစုမှာ ချမ်းသာလာကြသည်ဟု သင်ထင်ပေလိမ့်မည်။ အဖြစ်မှန်က ထိုသို့မဟုတ်ပေ။ ရေနံရောင်းရငွေအများစုကို သမ္မတ ‘တိုဒိုရိုအိုအင်ပုတ’နှင့် ၄င်းနှင့်နီးစပ်သော လူများကသာ ရသွားကြသည်။

အစိုးရ၏ ပြောကြားချက်များအရ အမေရိကန် ဒေါ်လာ ၄၀၀ ဘီလီယံခန့်ကိုကျန်းမာရေး၊ အိမ်ယာများတည်ဆောက်ပေးခြင်းနှင့်ပညာရေးစသည့်တို့တွင်အသုံးပြုသည်ဆိုသော်လည်း ပြည်သူအများစုမှာပညာမဲ့ဆင်းရဲသားများဖြစ်ကြသည်။ အစိုးရနှင့်စစ်တပ်ကတင်းကြပ်စွာဖိနှိပ်ထားပြီးရွေးကောက်ပွဲများမှာလည်းမျှတမှုမရှိဟုဝေဖန် ခံနေရသည်။ အစိုးရ၏ အကျင့်ပျက်မှုများ၊ အကြမ်းဖက်မှုများလည်းရှိသည်ဟုဆိုသည်။လူတစ်ဦးကျ ဂျီဒီပီအရ စာရွက်ပေါ်တွင်ချမ်းသာသောနိုင်ငံတစ်ခုဖြစ်သော်လည်းအများစုအလွန်ဆင်းရဲလျှက်ရှိသည်။ ထိုအဖြစ်အပျက်ကျ ဂျီဒီပီကိုစီးပွားရေးညွှန်း ကိန်းအဖြစ် အသုံးပြုခြင်းအားနည်းချက်များ ဖြစ်သည်။







နှစ်ယောက်တွဲလေ့ကျင့်ခန်း

၁။ အက်ကွေတိုရီရယ်ဂီနီနိုင်ငံအကြောင်း မေးခွန်းများကိုနှစ်ယောက်တွဲ ဖြေဆိုပါ။

က။ အက်ကွေတိုရီရယ်ဂီနီနိုင်ငံ၏ တစ်ဦးကျဂျီဒီပီမှာ ဘာကြောင့်မြင့်မားနေပါသနည်း။

ခ။ လူတစ်ဦးကျဂျီဒီပီက မြင့်မားနေသော်လည်း ဘာကြောင့်လူများဆင်းရဲနေပါသနည်း။

ဂ။ ပြည်သူများကို အစိုးရက ဘယ်လိုဖိနှိပ်ထားပါသနည်း။

ဃ။ ထိုနိုင်ငံ၏အခြေအနေသည်တစ်ဦးကျဂျီဒီပီကိုစီးပွားရေးညွှန်ကိန်းအဖြစ်အသုံးပြုခြင်း၏အားနည်းချက်များဘာကြောင့်ဖော်ပြနေပါသနည်း။

# ကုလသမဂ္ဂ၏ လူသားဖွံ့ဖြိုးမှုညွှန်ကိန်း (အိမ်ချ်ဒီအိုင်)

အိမ်ချ်ဒီအိုင်သည်နိုင်ငံများ၏ဆင်းရဲမွဲတေမှု၊စာတတ်မြောက်မှု၊ ပညာရေး၊လူ့သက်တမ်း၊ကလေးမွေးဖွားနှုန်းနှင့်အခြားအချက်အလက်များကိုတိုင်းတာသည့် ညွှန်ကိန်းတစ်ခုဖြစ်သည်။ အိမ်ချ်ဒီအိုင်က အောက်ပါအချက် (၃) ချက်ကို အသုံးပြု၍ နိုင်ငံတစ်နိုင်ငံ၏ပျမ်းမျှဖွံ့ဖြိုးမှုကိုတိုင်းတာသည်။

- ကျန်းမာကြံ့ခိုင်သောဘ၀– လူ့သက်တမ်းဖြင့် တိုင်းတာသည်။
- အသိပညာ– စာသင်ကျောင်းများတွင် ပညာသင်ကြားနေသောကျောင်းသားအရေအတွက်ဖြင့်တိုင်းတာသည်။
- သင့်တင့်သောလူနေထိုင်မှုအဆင့်အတန်း– လူတစ်ဦးကျဂျီဒီပီ၊ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကို ဝယ်ယူနိုင်မှုစွမ်းအားတို့ဖြင့်တိုင်းတာသည်။

နှစ်စဉ်နှစ်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အထက်ပါညွှန်းကိန်းများကိုပြုစုပြီး အဆင့်သတ်မှတ်ပေးကြသည်။ နိုင်ငံများကို ၀ မှ ၁ အတွင်း စံထားသတ်မှတ်ပေးသည်။ ၀.၈ နှင့်အထက်ရရှိ သောနိုင်ငံများကို ဖွံ့ဖြိုးမှု မြင့်မားသောနိုင်ငံများဟုသတ်မှတ်ပြီး ၀.၅ နှင့်အောက်ကို ဖွံ့ဖြိုးမှုနိမ့်သောနိုင်ငံများဟုသတ်မှတ်သည်။ ၂၀၀၅ ခုနှစ်တွင် အမြင့်ဆုံးနိုင်ငံမှာ နော်ဝေး နိုင်ငံဖြစ်ပြီး အိပ်ချ်ဒီအိုင် ၀.၉၆၃ ရှိသည်။ အနိမ့်ဆုံးမှာနိုတ်ဂျာနိုင်ငံဖြစ်ပြီး ၀.၂၈၁ ရှိသည်။ အောက်တွင်ဖော်ပြထားသောနိုင်ငံများ၏ ၂၀၀၅ ခုနှစ်ရှိ အိပ်ချ် ဒီ အိုင် အဆင့်များကိုကြည့်ပါ။

| နိုင်ငံ | အိပ်ချ်ဒီအိုင် |
|---|---|
| အမေရိကန် | ၀.၉၄၄ |
| ဂျပန် | ၀.၉၄၃ |
| ဂျာမနီ | ၀.၉၃၀ |
| တရုတ် | ၀.၇၅၅ |
| အိန္ဒိယ | ၀.၆၀၂ |
| မြန်မာ | ၀.၅၇၈ |

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** အထက်ပါပေးထားသောအချက်များမှ အဓိကအချက် (၃) ခုကို ရေးသားဖော်ပြပါ။

**ဆွေးနွေးခြင်း**

**၂။** ၂၀၀၄ ခုနှစ် ကမ္ဘာ့အိပ်ချ်ဒီအိုင် ညွှန်ကိန်းများဖော်ပြထားသောမြေပုံကိုကြည့်ပါ။ သင်ဘာကို သတိပြုမိပါသနည်း။




**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၃။** သင့်ပတ်ဝန်းကျင်အခြေအနေအရ မည်သည့်အိပ်ချ်ဒီအိုင်အမှတ်ရမည်ဟုထင်သနည်း။

# အခန်း (၁၄) စီးပွားရေးစနစ်များ

အဖွဲ့လိုက်လေ့ကျင့်ခန်း

၁။ နိုင်ငံများ/ အစိုးရများသည်နိုင်ငံ၏စီးပွားရေးအတွက်အရေးအကြီးဆုံး ဆုံးဖြတ်ချက်များသည်ဘာတွေဖြစ်မည်ဟုသင်ထင်ပါသနည်း။



ဂျော့ဘုရှ် (အမေရိက)၊ ဗလာဒီမာပုတိန်း ( ရုရှား)၊
ဟုရှင်းတောင် (တရုတ်)၊
စီးပွားရေးစနစ် သုံးမျိုး ရဲ့သမ္မတများ

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများသည် တစ်နိုင်ငံမှတစ်မျိုးဖြင့်စီမံလုပ်ဆောင်ကြသည်။ အစိုးရများ၏ ၄င်းတို့ စီးပွားရေးအပေါ်ထိန်းချုပ်မှုအတိုင်းအတာလည်း ကွဲပြားကြသည်။ အမေရိကန်၊ ဗြိတိန်ကဲ့သို့ အချို့နိုင်ငံများတွင်စီးပွားရေးလုပ်ငန်းအများစုမှာ ပုဂ္ဂလိက ပိုင်ဖြစ်သည်။ အစိုးရမှအခြေခံဥပဒေ များချမှတ်ထားသော်လည်း စီးပွားရေးလုပ်ငန်း များတွင် ဝင်ရောက်စွက်ဖက်မှု နည်းပါးသည်။ မြောက်ကိုရီးယားကဲ့သို့ နိုင်ငံများတွင် ပုဂ္ဂလိက လုပ်ငန်းအနည်းငယ်သာ ရှိသည်။

မည်သို့ပင်ဆိုစေ၊ နိုင်ငံတိုင်း စီးပွားရေးဆိုင်ရာ အခြေခံဆုံးဖြတ် ချက်များ ချမှတ်ရမည်သာဖြစ်သည်။

၁။ မည်သည့် (မည်မျှလောက်သော) ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်မည်။ ဥပမာ–လိမ္မော်သီးလား၊ သရက်သီးလား၊ ဝက်လား၊ ၅၀ ဂရမ် သို့ ၅၀၀ ဂရမ်း လား

၂။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို မည်ကဲ့သို့ထုတ်လုပ်မည်။ ဥပမာ–မည်သည့်စက်ပစ္စည်း၊ ကရိယာများအသုံးပြုမည်၊ မည်သည့်နေရာတွင် ထုတ်လုပ်မည်။

၃။ မည်သူတို့က ဝယ်ယူသုံးစွဲမည်၊ မည်မျှသုံးစွဲမည်။ ဥပမာ–အမျိုးသား၊ အမျိုးသမီး၊လူကြီး၊ကလေး၊ မြို့နေလူတန်းစား၊ကျေးလက်နေလူတန်းစား

၄။ ကုန်ပစ္စည်းစရိတ်၊ အလုပ်သမားစရိတ် မည်မျှကုန်ကျမည်။

အထက်ပါဆုံးဖြတ်ချက်များကိုချမှတ်အကောင်အထည်ဖော်ရန် အဓိက စီးပွားရေးစနစ်သုံးမျိုးရှိသည်။

## ၁။ လွတ်လပ်သောဈေးကွက်စီးပွားရေး

စီးပွားရေးလုပ်ငန်းများ (ပုဂ္ဂလိကကဏ္ဍ) ကသာ စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ မည်သူ့တွေအတွက် ထုတ်လုပ်မည်၊ ဘယ်လိုထုတ်လုပ်မည်။ ဘာတွေကိုထုတ်လုပ်မည်ဆိုသည်ကို၄င်းတို့ကသာ ဆုံးဖြတ်သည်။ အရင်းမြစ်များကို အဓိကအားဖြင့် ဝယ်လိုအားနှင့်ရောင်းလိုအားပေါ်မူတည်၍ ခွဲဝေသတ်မှတ်ကြသည်။

## ၂။ စီမံကိန်းစီးပွားရေး


အစိုးရက စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်သည်။ ဘာတွေထုတ်မည်၊ ဘယ်လိုထုတ်မည်၊ ဘယ်သူတွေအတွက် ထုတ်လုပ်မည် ဆိုသည်ကို အစိုးရကပဲ စီမံရေးဆွဲသည်။ အဓိကအားဖြင့် ရင်းမြစ်များကို ချမှတ်ထားသောမူအရ အစိုးရကသာ ခွဲဝေသတ်မှတ်သည်။


## ၃။ ရော၊ ထွေးစီးပွားရေး


အချို့သောစီးပွားရေးဆုံးဖြတ်ချက်များကို စီးပွားရေးလုပ်ငန်းများက ဆုံးဖြတ်ပြီး၊ အချို့ကို အစိုးရက ဆုံးဖြတ်သည်။ အချို့အရင်းမြစ်များကို ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည် ဆုံးဖြတ်ပြီး အချို့ကို အစိုးရ ချမှတ်ထားသော စီမံကိန်းများ အရသာ ခွဲဝေသတ်မှတ်သည်။ လုံးဝလွတ်လပ်သော (သို့) လုံးဝစီမံကိန်းချမှတ်ထားသော စီးပွားရေးမျိုးမှာ အလွန်နည်းပါသည်။ ယနေ့ ကမ္ဘာပေါ်ရှိ စီးပွားရေးအများစုမှာ ရောထွေးစီးပွားရေးပုံစံဖြစ်သည်။ အရင်းအမြစ်များ ခွဲဝေသတ်မှတ်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုလုံးက ခွဲဝေသတ်မှတ်ကြသည်။ စီးပွားရေးတိုင်းတွင် အစိုးရ၏ ဝင်ရောက်ထိန်းချုပ်မှု၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများ၏ ပေါင်းစည်း လုပ်ကိုင်နေမှုများမှာ သူ့နည်းသူ့ဟန်နှင့်သာ ဖြစ်သည်။ အစိုးရများ၏ ထိန်းချုပ်မှု ဒီဂရီများလည်း မတူကြပေ။

အဖွဲ့လိုက်လေ့ကျင့်ခန်း

၂။ အထက်ပါ အချက်အလက်များကိုကြည့်ပါ။ စကားလုံးများမဟုတ်ပဲ သဘောသဘာဝများကို ပြန်စဉ်းစားပါ။ ဆရာက သင့်ကိုမေးခွန်းများပေးပါလိမ့်မည်။




**ကိုယ်ပိုင်နည်းလမ်း**

**၁။** မည်သည့်စီးပွားရေးစနစ်အကြောင်း အထက်ပါလူသုံးယောက်ပြောနေသနည်း။ ၎င်းတို့ဘာ တွေပြောနေသနည်း။ ဖတ်၍ ဆုံးဖြတ်ချက် ချပါ။

**က။**

**ခ။**

**ဂ။**

## စီးပွားရေးလွတ်လပ်မှု

အချို့စီးပွားရေးပညာရှင်များနှင့် နိုင်ငံရေးသမားများက စီးပွားရေးလွတ်လပ်မှုအကြောင်းပြောနေကြတယ်။ လွတ်လပ်သောဈေးကွက် စီးပွားရေးက စီမံကိန်းစီးပွားရေးထက်ပိုပြီး လွတ်လပ်မှုရှိမယ် ထင်ကြတယ်။ အဘယ့်ကြောင့်ဆိုသော် စီးပွားရေး ဆိုင်ရာဆုံးဖြတ်ချက်များကို အစိုးရက မဆုံးဖြတ်ဘဲ ဈေးကွက်ကသာ ဆုံးဖြတ်ပေးလို့ဖြစ်တယ်။ ဒါမှသာ ပိုမိုကောင်းမွန်လွတ်လပ်ပြီး ချမ်းသာတဲ့လူ့အဖွဲ့အစည်း ဖြစ်လာမယ်လို့ ယုံကြည်ကြတယ်။ သို့သော် ထိုအမြင်ကို အပြည့်အဝ သဘောတူလက်ခံခြင်း မရှိတဲ့ လူအများအပြားလည်း ရှိနေပါတယ်။

**ဆွေးနွေးခြင်း**

**၂။** စီးပွားရေးလွတ်လပ်မှုနှင့်ပတ်သက်၍ အောက်ပါမေးခွန်း (၄) ခုကို သင်မည်သို့ထင်မြင်ယူဆပါ သနည်း။ (က) ငွေကြေးအမြတ် ရရှိရန် မည်သည့်လုပ်ဆောင်မှုကိုမဆို ဆောင်ရွက်နိုင်သောစီးပွားရေးလွတ်လပ်မှုရှိသင့် ပါသလား။ (ခ) အစိုးရနှင့် ပြည်သူမည်သူက ပို၍ စီးပွားရေး၌ ဝင်ရောက်ထိန်းချုပ်သင့်သနည်း။ (ဂ) စီးပွားရေး လွတ်လပ်မှု လူ့အခွင့် အရေးများ ပို၍အရေးပါပါသလား (သို့) (ဃ) အရေးပါမှုလျော့နည်းသင့်ပါသလား။ စီးပွားရေးလွတ်လပ်မှုကို မည်သည့်အချိန်တွင် မည်သည့်အတွက် ဝင်ရောက်ကန့်သတ်ထိန်းချုပ် သင့်ပါနည်း ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၃။** အပြည့်အဝလွတ်လပ်သော ဈေးကွက်စီးပွားရေးနှင့် အပြည့်အဝစီမံကိန်း စီးပွားရေး၏ အန္တရာယ်များကို စဉ်းစားပါ။ အုပ်စုဖွဲ့ ဆွေးနွေးပြီး နောက်စနစ် (၂) ခု၏ ဖြစ်နိုင်သောအန္တရာယ်များကို စာရင်းပြုစုပါ။

# ဓနခွဲဝေခြင်းနှင့်စီးပွားရေးလွတ်လပ်မှု

လူအချို့က လွတ်လပ်သောဈေးကွက်ကိုအပြည့်အဝထောက်ခံနေသော်လည်း ၄င်းကိစ္စမှာ အငြင်းပွားစရာများဖြင့် ပြည့်နှက်နေသည်။ လွတ်လပ်သောဈေးကွက်သဘောတရားကို ထောက်ခံကြသူများက စီးပွားရေးလွတ်လပ်မှုကသာ အမျှတဆုံး နည်းလမ်းဖြစ်သည်ကို ယုံကြည်နေကြသည်။ လွတ်လပ်သောဈေးကွက်တွင်ပြိုင်ဆိုင်မှုကအတွေးအခေါ်အသစ်များပေးသည်။ ဈေးနှုန်းများကိုလည်း ကျစေသည်။ ဝယ်သူများကိုပိုမိုရွေးချယ်ပိုင်ခွင့်ကိုလည်း ပေးသည်။ လူတိုင်းကို ဓနဥစ္စာရရှိနိုင်မည့် အခွင့်အလမ်းများကိုလည်း ပေးနိုင်သည်ဟု တင်ပြကြသည်။ လွတ်လပ်သောဈေးကွက်ကသူ့ဘာသာသူထိန်းချုပ်နိုင်စွမ်း ရှိသောကြောင့် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများကိုအနိမ့်ဆုံးလျှော့ချသင့်သည်ဟုဆိုသည်။

သို့သော် အခြားသူများက သဘောမတူကြပေ။ လွတ်လပ်သောဈေးကွက်က ဓနခွဲဝေမှုမညီမှုကို ဖြစ်စေသည်။ အချို့ လူတွေက ဓနဥစ္စာအမြောက်အများရနိုင်သော်လည်း၊ အခြားလူအများစု မှာ အလွန်ဆင်းရဲစွာ နေကြရသည်။ ထိုကဲ့သို့အဖြစ်မျိုး နိုင်ငံတွင်းမှာ ဖြစ်နိုင်ငံသလို၊နိုင်ငံများကြားတွင်လည်း ဖြစ်နိုင်သည်။ အစိုးရ၏ ဝင်ရောက်ထိန်းချုပ်မှုအားနည်းခြင်းသည် ချမ်းသာသောလူများကို ပို၍ချမ်းသာစေနိုင်သလို၊ဆင်းရဲသောလူများကိုလည်း ပို၍ဆင်းရဲစေသည်ဆိုသည်။ ပညာရေး၊ကျန်းမာရေး၊စောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေးတို့သည် ပုဂ္ဂလိကပိုင်လုပ်ငန်းများဖြစ်သဖြင့် လူဆင်းရဲများအတွက်မတတ်နိုင်ဖြစ်လာရသည်။ ဆိုလိုသည်မှာအခကြေးငွေပေးရသောကြောင့်ဖြစ်သည်။

**အုပ်စုလေ့ကျင့်ခန်း**

**၁။** သင်သည် မာဇာလီယား အစိုးရ၏ စီးပွားရေး မဟာဗျူဟာကော်မတီအဖွဲ့ဝင်ဖြစ်သည်။ ဝန်ကြီးချုပ်က သင့်အား နောင်အနှစ် ၅၀ အတွက် စီးပွားရေးဗျူဟာများအကောင်အထည်ဖော်မှုနှင့်ပတ်သက်၍မေးမြန်းလာသည်နောက်တပတ်တွင်သင်၏မဟာဗျူဟာကိုပါလီမန်၌တင်သွင်းလိမ့်မည်။ အကြံဉာဏ်များကို လက်ခံ၊ မခံကို မဲခွဲဆုံးဖြတ်ကြမည်။ သင်ဆုံးဖြတ်ပေးရမည်မှာ –

**က။** မာဇာလီယားနိုင်ငံသည် မည်သည့်စီးပွားရေးစနစ်ကို ကျင့်သုံးသင့်သနည်း။ ဘာကြောင့်နည်း။

**ခ။** အရင်းမြစ်များနှင့် လုပ်ငန်းများကို မည်သို့စီမံအုပ်ချုပ်မည်နည်း။ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတော် (သို့) နှစ်ခုစလုံးကစီမံလုပ်ဆောင်သင့်ပါသလား။ ဘာကြောင့်နည်း။

သဘာဝအရင်းအမြစ်များ
ပညာရေး၊
သယ်ယူပို့ဆောင်ရေး၊
ကုန်ထုတ်လုပ်မှု၊
ကျန်းမာရေးစောင့်ရှောက်မှု၊
စိုက်ပျိုးရေး၊
စွမ်းအင်၊
ဆက်သွယ်ရေး၊

အုပ်စုဖွဲ့၍ အောက်ပါဇယားကို ဖြည့်စွက်ပါ။ သင်ဘာကြောင့် ဤသို့ ရွေးချယ်သလဲ စဉ်းစားဆုံး ဖြတ်ပါ။

| | နိုင်ငံတော်၊ | ပုဂ္ဂလိက | နှစ်ခုစလုံး၊ |
|---|---|---|---|
| သဘာဝသယံဇာတ၊<br>အရင်းအမြစ်များ၊<br>ကုန်ထုတ်လုပ်မှု၊<br>စွမ်းအင်၊<br>ပညာရေး၊<br>ကျန်းမာရေးစောင့်ရှောက်မှု။ | | | |

သင်၏ဗျူဟာကို အတန်းသို့တင်ပြပါ။သင်၏ဗျူဟာနှင့် မည်သည့်အတွက် ထိုမဟာဗျူဟာကို ရွေးချယ်ဆုံးဖြတ်ရသည်ကိုရှင်းပြပါ။

# အခန်း (၁၅) ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများ

**စဥ်းစားခိုင်းခြင်း**

**၁။** ကမ္ဘာဘဏ်၊နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၊ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့တို့သည် မည် သည့်အလုပ်များကိုလုပ်ဆောင်ကြပါသနည်း။ မသိလျှင်၊ စဥ်းစားခန့်မှန်းပါ။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၂။** ဉာဏ်စမ်းပဟေဠိမေးခွန်း။ဆရာကဉာဏ်စမ်းပဟေဠိမေးခွန်းနှင့်ပတ်သက်၍ မည်ကဲ့သို့ပြုလုပ်ရန်လုပ်ဆောင်ရမည်ကိုစီစဉ်ညွှန်ကြားပေးပါလိမ့်မည်။

## ကမ္ဘာ့ဘဏ်

ကမ္ဘာ့ဘဏ်ကို ဒုတိယကမ္ဘာစစ်ပြီးနောက် စီးပွားရေးပြန်လည်တည်ထောင်မှုများတွင်ကူညီရန်အတွက် ၁၉၄၄ တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ဒီနေ့ခေတ် ဘဏ်၏ ရည်မှန်းချက်မှာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ချေးငွေနှင့်ထောက်ပံ့ကြေးများထောက်ပံ့ပေးခြင်းဖြင့် ၄င်းတို့၏ဘဝဖွံ့ဖြိုးလာစေရန်နှင့် ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ရန်ဖြစ်သည်။

လက်ရှိအချိန်တွင်ဖွံ့ဖြိုးမှုစီမံချက်များအတွက်တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ၂၀ဘီလီယံခန့်ထောက်ပံ့ ပေးနေသည်။ကမ္ဘာ့ဘဏ်တွင်အဖွဲ့ဝင်နိုင်ငံ ၁၈၅ နိုင်ငံရှိသည်။အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီတွင် မဲ ၂၅၀ ပိုင်ဆိုင်သည်။

ထို့ပြင် နိုင်ငံ၏စီးပွားရေးအခြေအနေအပေါ်မူတည်ပြီးရှယ်ယာများလည်း ထည့်ဝင်ထားသည်။ ရှယ်ယာတစ်ခုထည့်ဝင်လျှင် မဲတစ်မဲပိုရသည်။ ဆိုလိုသည်မှာ စီးပွား ရေးအင်အားကြီးနိုင်ငံများက ဘဏ်၏ဆုံးဖြတ်ချက်များအပေါ်ပို၍ဩဇာသက်ရောက်သည်။ ရှယ်ယာအများဆုံးပိုင်ဆိုင်သည့်နိုင်ငံမှာအမေရိကန်ဖြစ်ပြီး မဲ၏ ၁၆.၃၉ ကို ပိုင်ဆိုင်ထားသည်။

## ကမ္ဘာ့ဘဏ်အပေါ်ဝေဖန်ချက်များ

ကမ္ဘာ့ဘဏ်သည် ၄င်း၏ကြိုတင်ကန့်သတ်ချက်များကြောင့် မကြာခဏဝေဖန်ခံနေရသည်။ ကမ္ဘာ့ဘဏ်က ချေးငွေထုတ်ချေးသောအခါ၌ချေးငွေရယူသော နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒအခြေအနေများကို ကန့်သတ်ပြဋ္ဌာန်းလေ့ရှိသည်။

ချေးငွေရယူမည့်နိုင်ငံသည်ချေးငွေမရယူမီ ကမ္ဘာဘဏ်၏ ကြိုတင်ကန့်သတ်ချက်များကို သဘောတူလက်ခံရသည်။ အဆိုပါ ကြိုတင်ကန့်သတ်ချက်များမှာပြည်သူပိုင်လုပ်ငန်းများကိုပုဂ္ဂလိက ပိုင်ပြုလုပ်ရခြင်း၊ သွင်းကုန်အပေါ်ကောက်ခံသော အခွန်နှုန်းထားများလျှော့ချပေးရ ခြင်း၊အဆိုပါနိုင်ငံ၏ဈေးကွက်ကို လွတ်လပ်ခွင့်ပေးရခြင်းတို့ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဘဏ်တွင် ရှယ်ယာအများစုပိုင်သူ (ငွေကြေးအများ ဆုံးထည့်ဝင်သူ) ကို ဦးစားပေးသည့်မူဝါဒကြောင့်လည်းဝေဖန်ခံနေရသည်။ ကမ္ဘာ့ဘဏ် ၏ အထောက်အပံ့ကို အများဆုံးလိုအပ်သော ဆင်းရဲသောနိုင်ငံများသည် ကမ္ဘာ့ဘဏ်၏ဆုံးဖြတ်ချက်များအပေါ်လွှမ်းမိုးခွင့်အနည်းငယ်သာရသည်။

**ကိုယ်တိုင်ပြုလုပ်ပါ။**

**၃။** မှန်/မှားရွေးပါ။ အထက်ပါစာပိုဒ် နှင့် ပတ်သက်၍ ဝါကျများကို ဆရာပေးပါ လိမ့်မည်။

## နန်းသွန်း (၂) ရေကာတာစီမံကိန်း၊ လာအို




၂၀၀၅ ဧပြီတွင်၊ ဒေသခံလူထုနှင့် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဝေဖန်မှုများ ရှိ သော်လည်း၊ လာအိုနိုင်ငံနန်းသွန်းမြစ်ပေါ် တွင်ရေကာတာ တစ်ခုတည်ဆောက်ရန်အတွက် ချေးငွေအမေရိကန်ဒေါ်လာ ၂၇၀ မီလီယံကိုကမ္ဘာ့ဘဏ်က အတည်ပြုပေးခဲ့သည်။ ထိုရေကာတာမှလျှပ်စစ်စွမ်းအင် ကို ရရှိမည်ဖြစ်ပြီး၊လျှပ်စစ်စွမ်း ၉၅% ကို ထိုင်းနိုင်ငံသို့ရောင်းချမည်ဖြစ်သည်။ လျှပ်စစ်စွမ်းအား ရောင်းခြင်းမှ အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံခန့်ရရှိ၍ လာအိုနိုင်ငံအတွက်အကျိုးရှိနိုင်မည့်စီမံကိန်း ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကဆိုသည်။ သို့သော်နိုင်ငံတကာ မြစ်ချောင်းများကွန်ယက်အဖွဲ့ (အိုင်အာအန်)အပါအဝင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ ကပြင်းထန်စွာ ဝေဖန်ကြပြီး၊ကမ္ဘာ့ဘဏ် တွက်ချက်တင်ပြမှုများကိုပြစ်တင်ဝေဖန်ကြသည်။ ထိုရေကာတာကသဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ စွာကိုဖြစ်ပေါ်စေနိုင်သည်။ ထိုမြစ်အနီးနားတွင်နေထိုင်သော လာအိုလူမျိုး ၁၀၀,၀၀၀ ဘဝအသက်ရှင်ရပ်တည်မှုကိုပျက်စီး စေနိုင်သည်ဟုထိုအဖွဲ့အစည်းများက ဆိုသည်။

လူပေါင်း ၆,၀၀၀ ခန့် သူတို့မြေများကိုစွန့်ခွာသွားရမည်။ ရွာသား ၄၀,၀၀၀ ပိုင်ဆိုင်သောလယ်မြေများလည်းရေ မြုပ်မှုဒဏ်ကို ခံရမည်။ ငါးကဲ့သို့သော ရေသတ္တဝါနှင့် ရေသဘာဝရင်းမြစ်များကိုလည်းထိခိုက်နိုင်သည်။ လျှပ်စစ်ဓါတ်အားရောင်းချခြင်းမှတစ်နှစ်လျှင်အမေရိကန် ဒေါ်လာသန်း ၃၀ ရရှိမည်ဖြစ်ပြီး၊ ထိုငွေများကိုအဆိုပါဒေသခံ များအတွက် သုံးစွဲမည်ဟူသော အာမခံချက်ပေးထားခြင်းမရှိဟုဆိုသည်။ ဝေဖန်မှုများရှိနေသော်လည်း၊ ရေကာတာ ဆောက်လုပ်ခြင်းကိုစတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဆွေးနွေးခြင်း

**၄။** သင့်ဆရာပေးသောညွှန်ကြားမှုများကို လိုက်နာပါ။

## အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)

အိုင်အမ်အက်ဖ်ကို ၁၉၄၅ ခုနှစ်အပြီးနိုင်ငံများ၏စီးပွားရေးကိုပြန်လည်တည်ဆောက်ရန် အတွက်ပံ့သေနိုင်ငံခြား ငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍အပြည်ပြည်ဆိုင်ရာစနစ်တခုကို တည်ထောင်ရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့ခြင်းဖြစ် သည်။ ယခုအခါ၎င်းအဖွဲ့သည်ငွေကြေးအပူတပြင်းလိုအပ်နေ သောနိုင်ငံများသို့ ငွေချေးငှားခြင်းလုပ်ငန်းများကို ပါတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး (ယေဘူယျဆိုရလျှင်) ကမ္ဘာ့စီးပွားရေးကိုလည်း ကြီးကြပ်ပေးသည်။ အဆိုပါ အဖွဲ့တွင် အဖွဲ့ဝင် ၁၄၈ နိုင်ငံရှိသည်။ နိုင်ငံတစ်နိုင်ငံသည် ငွေချေးယူမည်ဆိုပါက အဆိုပါနိုင်ငံစီးပွား ရေးအရွယ်အစားပေါ်မူတည်၍ထုတ်ချေးမည့် ငွေပမာဏကို ထုတ်ချေးလေ့ရှိသည်။ (အထူးငွေချေးငှားခွင့်ဟု လူသိများသည်)။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့သည်လည်း ကမ္ဘာ့ဘဏ်ကဲ့သို့ပင်အစုရှယ်ယာဝင်စနစ်ကို ကျင့်သုံးသည်။ အဓိပ္ပါယ်မှာ စီးပွားရေးအင်အား ကြီးလေလေရှယ်ယာ ပိုင်ဆိုင်ခွင့်များလေလေ ဆုံးဖြတ်ပိုင်ခွင့် ကြီးမားလေလေဖြစ်သည်။

## အိုင်အမ်အက်ဖ်အပေါ်ဝေဖန်ချက်များ

အိုင်အမ်အက်ဖ်က ၎င်း၏ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ချမ်းသာသောနိုင်ငံများအပေါ်ထိန်းချုပ်ခွင့် အလွန်အမင်းပေးထားမှုကြောင့်ဝေဖန်ခံ နေရသည်။ ဝေဖန်သူများ၏ထောက်ပြ ချက်များအရ ချမ်းသာသော နိုင်ငံများက ၎င်းတို့အကျိုးအမြတ်ရယူရန် ရည်ရွယ်၍ ဆင်းရဲသော နိုင်ငံများ၏ စီးပွားရေးပြုပြင်ပြောင်းလဲရန် (အထူးသဖြင့် လွတ်လပ်စွာကုန်သွယ်ရေး) ပေးရန် အိုင်အမ် အက်ဖ်မှတဆင့် ဖိအားပေးလေ့ရှိသည်။အိုင်အမ်အက်ဖ်၏ မူဝါဒများကြောင့် ဆင်းရဲသောနိုင်ငံများ၏ ဘဏ္ဍာရေးအကျပ်အတည်းမှာ ပိုမိုဆိုးရွားသွားစေပြီး ဆင်းရဲမွဲတေမှုကိုလည်း ပိုမို တိုးပွားသွားစေကြောင်း ဝေဖန်ကြသည်။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

**၁။** စာပိုဒ်နှင့်ပတ်သက်၍ ဆရာပေးထားသောဖော်ပြချက်များကို မှား/မှန်ရွေးပါ။

## အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့်အရှေ့အာရှဘဏ္ဍာရေးအကျပ်အတည်း




၁၉၉၇ ခုနှစ်က အရှေ့အာရှ နိုင်ငံ အများစုသည်ဘာရေးအကြပ်အတည်းဒဏ်ခံခဲ့ရသည်။ထိုင်းနိုင်ငံ၊တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အဓိကဒဏ်ခံခဲ့ရသောနိုင်ငံများဖြစ်သည်။ ညာဖက်တွင်ရေးဆွဲ ထားသောဂရပ်တွင် ၁၉၉၇ ခုနှစ်ကအမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ထိုင်းဘတ်ငွေတန်ဖိုး အကြီးအကျယ်ထိခိုက်ခဲ့ပုံကိုဖော်ပြထားသည်။

အဆိုပါဘာရေးအကြပ်အတည်းနှင့်ပတ်သက်၍အများစုက အိုင်အမ်အက်ဖ် အ ပေါ်အပြစ်တင်ကြ သည်။ အိုင်အမ်အက်ဖ်သည်ဖြစ်နိုင်ခြေရှိသောအကျိုးဆက်များကိုထည့်သွင်းစဉ်းစား ခြင်းမရှိပဲ အဆိုပါနိုင်ငံများ၏စီးပွားရေးကိုလွတ်လပ်ခွင့်ပေးရန်အစောတလျှင်အ ပြင်းအထန် တွန်းအားပေးခဲ့ခြင်းအပေါ်ဝေဖန် ခဲ့ကြသည်။ ထို့ပြင်အိုင်အမ်အက်ဖ်ကအစိုးရနှင့်စီးပွားရေးလုပ်ငန်းများကိုအမေရိကန်ဒေါ်လာဖြင့်သာထုတ်ချေးပေးသည်။ ထိုအခါဒေါ်လာနှင့် လဲလှယ်သောပြည်တွင်းငွေဈေးနှုန်းများကျ သွားသောအခါ ပြန်ဆပ်ရမည့် အကြွေးပမာဏမှာ ပို၍ပို၍ ကြီးမားလာတော့သည်။

အိုင်အမ်အက်ဖ်က ပေးသော ဖြေရှင်းနည်းများလည်း အပြင်းအထန်ဝေဖန်ခံခဲ့ရသည်။ အိုင်အမ်အက်ဖ်၏ဖြေရှင်းနည်းအရစီးပွားရေးပြုပြင်ပြောင်းလဲမှုပြင်းပြင်းထန်ထန် ပြုလုပ်ရန်၊ အစိုးရကအသုံးစရိတ်များလျှော့ချရန်၊ပျက်စီးဆုံးရှုံးသွားသောစီးပွားရေးလုပ်ငန်းများကို အစိုးရမှဝင်ရောက်ကူညီခြင်းမပြုရန် တို့ဖြစ်သည်။ ထိုမူဝါဒများကြောင့် ဘဏ္ဍာရေးအကျပ်အတည်းဒဏ်ခံရသောနိုင်ငံများ၏စီးပွားရေးကိုဆိုးရွားစွာထိခိုက်သွားစေကြောင်းသုံးသပ်ဝေဖန်ကြသည်။

သို့သော်၁၉၉၇ခုနှစ်အကျပ်အတည်းကိုဖြစ်စေသောအကြောင်းအရင်းများစွာရှိကြောင်း၊အိုင်အမ်အက်ဖ်အနေဖြင့်တစ်စိတ်တစ်ပိုင်းသာတာဝန်ရှိကြောင်း တချို့ကသုံးသပ်ပြောကြားသည်။

**ကိုယ်ပိုင်နည်းလမ်း**

၁။ အမှန်ရွေးပါ။ ဆရာကသင့်ကို အရှေ့အာရှဘဏ္ဍာရေးအကျပ်အတည်းနှင့်ဆိုင်သော၏ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ပေးပါ လိမ့်မည်။ သင်၏စာအုပ်ပေါ်တွင် အဖြေများရေးပါ။

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ၁၉၉၅ ခုနှစ်တွင်တည်ထောင်ခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာနိုင်ငံအချင်းချင်း ကုန်သွယ်ရာတွင်ဖြစ်နိုင်သမျှ ချောချောမွေ့မွေ့၊ လွတ်လွတ်လပ်လပ်၊ကုန်သွယ်မှုပြုလုပ်နိုင် ရန်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ် တို့ကဲ့သို့မဟုတ်ပဲ၊အဖွဲ့ဝင်နိုင်ငံအသီးသီးသည်မဲတစ်မဲသာရကြသည်။ အဖွဲ့ဝင်နိုင်ငံများ၏ကုန်သွယ်ရေးမူဝါဒများကိုစောင့်ကြည့်အကဲဖြတ်ခြင်း၊

အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ နိုင်ငံများကို သဘော တူညီချက်များအား လိုက်နာစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစည်းမျဉ်းများချမှတ်ပေးခြင်းတို့ကို ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့က ဆောင်ရွက်ပေးသည်။ အဖွဲ့ဝင် နိုင်ငံများ၏ စီးပွားရေးကိုတဖြည်းဖြည်းလွတ်လပ်ခွင့်ပေးရန် နိုင်ငံအချင်းချင်း ဆွေးနွေးပွဲများကိုမကြာမကြာပြုလုပ်လေ့ရှိ သည်နောက်ဆုံးဆွေးနွေးပွဲကို ၂၀၀၆ ခုနှစ်က ပြုလုပ်ခဲ့ပြီး၊ သဘောတူညီမှုမရရှိခဲ့ပေ။ နောက်ထပ်ပြုလုပ်မည့်ဆွေးနွေးပွဲကိုလည်း ညှိနှိုင်း၍ မရရှိသေးပေ။

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပေါ် ဝေဖန်ချက်များ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဆင်းရဲသားနိုင်ငံများအနေဖြင့် ၄င်းတို့၏စီးပွားရေးကို လွတ်လပ်ခွင့်ပေးရန် ဖိအားပေးနေ သော်လည်းချမ်းသာသောနိုင်ငံများက ၄င်းတို့အကျိုးအမြတ်ရရှိရန် ကာကွယ်ထားခြင်းကို မူခွင့်ပြုနေသည်ဟု ဝေဖန်သူများက စောဒကတက်ကြသည် ထို့ပြင်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များသည် လွန်စွာရှုပ်ထွေးပြီး ဒီမိုကရေစီ နည်းမကျ၊ ပွင့်လင်းမြင်သာမှုလည်းမရှိဟု ဝေဖန်ကြသည်။ အဖွဲ့ဝင်ဦးရေအရ ဆင်းရဲသော နိုင်ငံအရေအတွက်မှာ ချမ်းသာသော နိုင်ငံထက်၄ဆခန့်ရှိသော်လည်း၊ဆင်းရဲသောနိုင်ငံများ၏အကျိုးကိုဖြစ်စေမည့် ကုန်သွယ်ရေး မူဝါဒများနှင့် ပတ်သက်၍ ဆွေးနွေးရာအောင်မြင်မှု ရရှိရန်ခက်ခဲသည်။ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏သဘောတူညီချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းမူဝါဒ များနှင့် ဥပဒေများကို လွှမ်းမိုးနိုင်သည်။အချို့သောသဘောတူညီချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ ဒီမိုကရေစီ လွတ်လပ်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်မှုတို့အပေါ်တွင်ခြိမ်းခြောက်ဟန့်တားမှုဖြစ်စေသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၁။ မှတ်ကစားနည်း။ အထက်တွင်ဖော်ပြထားသော သတင်းအချက်အလက်များကို သင်မည်မျှ မှတ်မိပါသနည်း။

## ဆီအာတယ်တိုက်ပွဲ၊ ၁၉၉၉




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သမိုင်းတွင် အထင်ရှားဆုံး အဖြစ်အပျက်မှာ ၁၉၉၉ ခုနှစ်တွင် အမေရိကန် နိုင်ငံ ဆီအာတယ်မြို့တွင် ကျင်းပသော အဖွဲ့ဝင်ဝန်ကြီးများအဆင့် အစည်းအဝေးကို ဆန္ဒပြခြင်းဖြစ်သည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အဆိုပါ အစည်းအဝေးကျင်းပရာ အဆောက်အဦးရှေ့တွင် လူပေါင်း ၄၀,၀၀၀ ခန့် စုဝေးဆန္ဒပြကြသည်။

၄င်းတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေး မူဝါဒများအပေါ်ဆန္ဒပြခြင်း ဖြစ်သည်။ အစပိုင်းတွင်ငြိမ်းချမ်းစွာဆန္ဒပြကြသော်လည်း နောက်ပိုင်းတွင် ဈေးဆိုင်များ၊ ကားများနှင့် အဆောက်အဦးများကိုဖျက်ဆီးကာအကြမ်းဖက်လာကြသည်။ ရဲကအဆိုပါ ဆန္ဒပြမှုများထဲသို့ မျက်ရည်ယိုဗုံးများ၊ရာဘာကျည်များဖြင့် ပစ်ခတ်နှိမ်နင်းခဲ့သည်။ရက်အနည်းငယ်အတွင်း လူ ၆၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

## ပို၍မျှတသောကမ္ဘာကြီးလော

ကမ္ဘာ့ဘဏ်၊ အိုင်အမ်ဖက်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့သည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးတို့ကိုထိန်းကျောင်းပေးသည်။ အဆိုပါအဖွဲ့တို့သည် အင်အားကြီးမားပြီး အရေးပါသော အဖွဲ့အစည်းများဖြစ်ကြသည်။

သို့သော် ယင်းတို့၏ မမျှတသောအပြုအမူများကြောင့် ဝေဖန်မှုကို ခံနေရသည်။ ယင်းအဖွဲ့များသည် ဆင်းရဲသောနိုင်ငံများစီးပွားရေးအကျိုးစီးပွားများကို လုံလောက် အောင် အကာအကွယ်မပေးနိုင်သော်လည်း ချမ်းသာသောနိုင်ငံများ၏အကျိုးစီးပွားအပေါ်အကာအကွယ်ပေးနေကြောင်း ဝေဖန်ပြောကြား ခံနေရသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**


၂။ သင်ဖတ်ခဲ့ရသည့်အဆိုပါ အဖွဲ့များနှင့် ပတ်သက်သောသတင်းအချက်အလက်များကိုကြည့်၍ အဆိုပါအဖွဲ့အစည်းများကိုပို၍မျှတသော အဖွဲ့များဖြစ်လာရန် သင်မည်ကဲ့သို့ပြုလုပ်မည်နည်း။ ကမ္ဘာ့လုံးဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများဟုလည်းခေါ်သည်။

# အခန်း (၁၆) အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** စာရွက်တစ်ရွက်ပေါ်တွင်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအကြောင်း စိတ်ကူးရေးသားပါ။သင်၏စိတ်ကူးပုံရိပ်ကိုအတန်းတွင်း၌ရှင်းလင်းတင်ပြပါ။

အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်ပို့ တင်သွင်းပြုလုပ်ခြင်းတို့ ပါဝင်သည်။ အခြားနိုင်ငံများသို့ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများရောင်းချခြင်းကို ပို့ကုန်များဟုခေါ်ပြီး၊ အခြားနိုင်ငံများမှ ဝယ်ယူခြင်းကို သွင်းကုန်များဟုခေါ်သည်။




**ဆွေးနွေးခြင်း**

**၂။** ဘာကြောင့်တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုပြုကြသနည်း။

## ၁။ လိုအပ်ချက်နှင့်လိုချင်ခြင်းများကိုထောက်ပံ့ပေးခြင်း

နိုင်ငံများတွင် လူတို့၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ပြည့်ဝစေရန် လုံလောက်သော အရင်းအမြစ်နှင့် နည်း ပညာမရှိပေ။ ဥပမာ – ဩစတြေးလျနိုင်ငံသည် မိမိတို့ လိုအပ်သော လိုချင်သော ကားအရေအတွက် ပြည့်မှီအောင် ထုတ်လုပ်ရန် အခက်အခဲရှိနေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံမှာ ပိုလျှံနေသော ကားများကို ဝယ်သည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း လုံလောက်သော အမဲသား ထုတ်လုပ်ရန်အခက်အခဲရှိသဖြင့်၊ ဩစတြေးလျမှာ အမဲသားကိုဝယ်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**



**၃။** အောက်ပါမေးခွန်းများကို ကြည့်၍ စာရင်းနှစ်ခုပြုစုပါ။

**က။** မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်သည် မည်သည့် အရာဖြစ်မည်နည်း မည်သည့်နိုင်ငံမှလာသနည်း။

**ခ။** မြန်မာနိုင်ငံ၏အဓိကပို့ကုန်သည် မည်သည့်အရာ ဖြစ်မည်နည်းမည်သည့်နိုင်ငံသို့တင်ပို့သနည်း။

## ၂။ ဈေးနှုန်းအာသာချက်

မိမိနိုင်ငံတွင် ဝယ်ယူ၊ ထုတ်လုပ်ခြင်းထက်၊ အခြားနိုင်ငံမှကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများက ပို၍ ဈေးနှုန်း သက်သာသဖြင့်စီးပွားရေးလုပ်ငန်းများသည် အခြားနိုင်ငံမှ တင်သွင်းချင်လာတော့သည်။ အဘယ့်ကြောင့်ဆိုသော် အမြတ်ပိုမိုရရှိသောကြောင့်ဖြစ်သည်။

ဥပမာ–အမေရိကန်နိုင်ငံတွင် ထုတ်လုပ်လျှင်ရှူးဖိနပ်တစ်ရံကုန်ကျစရိတ်မှာ၊ အမေရိကန်ဒေါ်လာ၁၀ကျလျှင်တရုတ်နိုင်ငံတွင်၃ဒေါ်လာသာကုန်ကျသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်အား၊မြေနှင့်ကုန်ကြမ်းပစ္စည်းများသည် တရုတ်နိုင်ငံကပို၍ဈေးသက်သာသောကြောင့်ဖြစ်သည်။ အမေရိကန်သို့ ပို့ဆောင်ခစရိတ်ကို ဖိနပ်တစ်ရံလျှင် ၃ဒေါ်လာကျခဲ့လျှင်သော်မှအမေရိကတွင်ထုတ်လုပ်သောဖိနပ်ထက် တရုတ်ပြည်တွင်ထုတ်၍ တရုတ်ပြည်မှအမေရိကန်သို့တင်ပို့သောဖိနပ်က ၄ ဒေါ်လာ သက်သာသည်။

# ၃။ ကုန်သွယ်မှုအထူးပြုခြင်း



နိုင်ငံများသည် အများအပြား ထုတ်လုပ်နိုင်သောကုန်ပစ္စည်း နှင့်ဝန်ဆောင်မှုအနည်းငယ်အပေါ်တွင်သာ အာရုံစိုက် ထုတ်လုပ်ကြသည်။

အချို့နိုင်ငံများသည်အခြားနိုင်ငံများတွင်မရှိသော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်နိုင်ကြသည်။ဆော်ဒီအာရေဗျနိုင်ငံသည်အခြားနိုင်ငံအတော်များများတွင်မရ နိုင်သောရေနံအမြောက်အမြားကို ထုတ်လုပ်နိုင်သည်။ ထို့ကြောင့် ရေနံထုတ်လုပ်ခြင်းအပေါ်တွင်အာရုံစိုက်၍အထူးပြုထုတ်လုပ်သည်။



အချို့နိုင်ငံများသည် အခြားနိုင်ငံများထက် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကိုပိုမိုဈေးသက်သာစွာ ထုတ်လုပ်နိုင်သည်၊ ထိုင်းနိုင်ငံသည်ဗြိတိန်နိုင်ငံထက်အဝတ်အထည်များကိုဈေးချိုချိုနှင့်ထုတ်လုပ်နိုင်သဖြင့် ဗြိတိန်ထက်ထိုင်းနိုင်ငံတွင်အဝတ်အထည်များပို၍ချုပ်လုပ်သည်။



အချို့နိုင်ငံများသည်အခြားနိုင်ငံများထက်အရည်အသွေး ပိုမိုကောင်းသောသဘာဝအရင်းအမြစ်များ ကျွမ်းကျင်လုပ်သားများ၊ နည်းပညာကောင်းများရှိသဖြင့်အရည်အသွေးကောင်းသောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်နိုင်သည်။ ဥပမာ–ပြင်သစ်နိုင်ငံသည် ကျွမ်းကျင်ပညာရှင်၊ရာသီဥတုမြေဆီမြေသြဇာကောင်းမွန်မှု တို့ကြောင့်အရည်အသွေးကောင်းမွန်သောဝိုင်ကိုထုတ်လုပ်နိုင်သည်။


**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** သင်၏ပတ်ဝန်းကျင် (သို့) မြန်မာနိုင်ငံတွင်မည်သည့်ကုန်သွယ်မှု အားသာချက်များ ရှိသနည်း။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၂။** သင်တို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကော်မရှင်၏အဖွဲ့ဝင်များဖြစ်သည်။ မြန်မာနိုင်ငံမှအခြားနိုင်ငံများသို့ တင်ပို့ ထုတ်လုပ်နိုင်ရန် အာရုံစိုက်သင့်သော ကုန်ပစ္စည်း (၅) မျိုး၏စာရင်းတစ်ခုကို ပြုစုပါ။ ထိုကုန်ပစ္စည်းများပိုမိုတင်ပို့ရန်မည်သည့်နည်းဗျူဟာများသင်ပေးနိုင်မည်နည်းသင်အကြံဉာဏ်များကို အတန်းသို့တင်ပြပါ။

# ကုန်သွယ်ရေးရှင်းတမ်း/ ငွေပေးငွေယူရှင်းတမ်း




အကောင်းဆုံးငွေပေးငွေယူရှင်းတမ်း–ပို့ကုန်တန်ဖိုး=သွင်းကုန်တန်ဖိုး

နိုင်ငံအများစုတွင် အကောင်းဆုံးငွေပေးငွေယူ ရှင်းတမ်း မရှိကြချေ။ အများစုသည် ပို့ကုန်မှရရှိသော ငွေထက်သွင်းကုန်တန်ဖိုးကပိုများနေသည်။ ၎င်းကိုကုန် သွယ်မှုလိုငွေပြခြင်းဟုခေါ်သည်အချို့နိုင်ငံများသည် သွင်းကုန်မှရရှိသော ငွေကပို့ကုန်တန်ဖိုးထက်ပိုများနေလျှင်၎င်းကိုကုန်သွယ်မှု ပိုငွေပြသည်ဟုဆိုသည်။

**ကိုယ်တိုင်ပြုလုပ်ပါ။**

**၃။** ဆရာက ၂၀၀၅ ခုနှစ်ရှိ တိုင်းပြည်တစ်ချို့၏ ပို့ကုန်၊သွင်းကုန်တန်ဖိုးပြသောဇယား တစ်ခုကိုဆွဲပြလိမ့်မည်။ သင်စာအုပ်ထဲသို့ ထိုဇယားကို ကူးယူပါ။ နိုင်ငံအသီးသီး၏ကုန်သွယ်မှုလိုငွေ၊ပိုငွေတန်ဖိုးများကို တွက်ချက်ပါ။

# ၄။ ကုန်သွယ်မှုလိုငွေပြခြင်း

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကုန်သွယ်မှုလိုငွေပြမှုအမြင့်မားဆုံးနိုင်ငံဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင်စုစုပေါင်းဒေါ်လာ ၇၂၆ ဘီလီယံရှိသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများသို့ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်ပို့ရောင်းချခြင်းထက်အခြားနိုင်ငံမှဝယ်ယူတင်သွင်းခြင်း ၇၂၆ ဘီလီယံဒေါ်လာပိုများသည်။၂၀၀၅ ခုနှစ်ရှိအောက်ဖော်ပြပါ အခြားနိုင်ငံများ၏ ကုန်သွယ်မှုလိုငွေပြကိန်းဂဏာန်းများဖြင့် နှိုင်းယှဉ်ပါ။

စပိန်–ဒေါ်လာ၆၄.၆ ဘီလီယံ၊ပြင်သစ်ဒေါ်လာ၃၀.၁ဘီလီယံ၊ဗီယက်နမ်–ဒေါ်လာ၁.၇ဘီလီယံ၊ဩစတြေးလျ–ဒေါ်လာ၄၁ဘီလီယံ၊အိန္ဒိယ–ဒေါ်လာ ၁၃.၂ ဘီလီယံ၊ပါကစ္စတန်–ဒေါ်လာ ၁.၄၃ဘီလီယံ၊ဗြိတိန်–ဒေါ်လာ ၃၈.၄ ဘီလီယံ၊ထိုင်း–ဒေါ်လာ ၈.၆ ဘီလီယံ၊မြန်မာ–ဒေါ်လာ ၂၁၅ ဘီလီယံတို့ဖြစ်သည်။


အမေရိကန်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်ရာ အမေရိကန်၏လိုငွေပမာဏမှာ ၂၀၀၅ ခုနှစ်တွင် ဒေါ်လာ ၂၀၀ ဘီလံကျော်ရှိသည်။ တရုတ်နိုင်ငံ၏ လူဦးရေ (၁.၃ ဘီလီယံ) သည် အမေရိကန်လူဦးရေ (၃၀၀ မီလီယံ) ထက် လေးဆပို၍ များပြားသော်လည်းအမေရိကန်မှ  တရုတ်ကို တင်ပို့ရောင်းချခြင်းထက်၊ တရုတ်နိုင်ငံမှဝယ်ယူတင်သွင်းခြင်းက ဒေါ်လာ ၂၀၀ ဘီလီယံခန့်ပိုသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၁။ အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေး၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ ဝယ်ယူတင်သွင်းသော အဓိက ကုန်ပစ္စည်း အမျိုးအစားများကိုဖော်ပြထားသော အောက်ပါဇယားကိုကြည့်ပါ။ ၎င်းတို့နှစ်နိုင်ငံ၏ ကွဲပြားခြားနားချက်များကို သင်သတိပြုမိပါသလား။၎င်းတို့နှစ် နိုင်ငံအခြား မည်သည့်စီးပွား ကွဲပြားခြားနားမှုများတွေ့သနည်း။ ဆရာကသင့်ကို အထောက်ကူပြုသတင်းအချက်အလက်အချို့ပေးပါလိမ့်မည်။ အတန်းတွင်းဆွေးနွေးပွဲအတွက် သင်တို့အုပ်စု၏အကြံပြုချက်များကို ပြင်ဆင်ပါ။

အောက်ပါအချက်များ–

လုပ်အား၊နည်းပညာ၊စနေအင်အား၊ထုတ်လုပ်ခြင်း/ စားသုံးခြင်းလိုအပ်ချက်များ

| အမေရိက | တရုတ် |
|---|---|
|  |  |
| **အမေရိကမှတရုတ်သို့တင်ပို့သောကုန်ပစ္စည်းများ၊** | **တရုတ်မှအမေရိကသို့တင်ပို့သောကုန်ပစ္စည်းများ** |
| လေယာဉ်၊ပဲပိစပ် ဝါဂွမ်းကုန်ကြမ်း၊ဓာတ်သတ္တုပစ္စည်းများ၊ သစ်၊ဓာတုပစ္စည်းများ၊စက်မှုသုံးပစ္စည်းများ၊ပလပ်စတစ်နှင့် သံမဏိသုံးကုန်ကြမ်းပစ္စည်းများ | အိမ်အသုံးအဆောင်ပစ္စည်းများကွန်ပျူတာနှင့်ကွန်ပျူတာ ဆက်စပ်ပစ္စည်းများလျှပ်စစ်ပစ္စည်းများနှင့်အပိုပစ္စည်းများ အထည်အလိပ်များနှင့်အဝတ်အထည်များ၊ဖိနပ်၊တီဗီနှင့်ဗီဒီယို ကက်စက် ပစ္စည်းများ၊ကလေးကစားစရာပစ္စည်းများ အားကစားပစ္စည်းများစားပစ္စည်းများ |

**ဆွေးနွေးခြင်း**

၂။ တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာတွင် အမေရိကန်ကုန်သွယ်မှုလိုငွေသည် မည်သည့်အတွက်ကြောင့်အလွန်ကြီးမား (မြင့်မား) နေရပါ သနည်း။

## ကုန်သွယ်မှုလိုငွေပြခြင်း၊ကောင်းသလား၊ဆိုးသလား။

**ဆွေးနွေးခြင်**




၁။ ကုန်သွယ်မှု လိုငွေကြီးမားခြင်းကြောင့် အောက်ဖော်ပြပါ၏ ပြဿနာများဖြစ်လာသည်ဟု ဘာကြောင့် သင်ထင်ပါသနည်းအတန်းတွင်းဆွေးနွေးရန် ပွဲအတွက် ဖြစ်နိုင်သောအကြောင်းပြချက်များကို နှစ်ယောက်တစ်တွဲ စဉ်းစားပါ။

- ♦ နိုင်ငံတွင် အလုပ်လက်မဲ့များ များပြားလာခြင်း။
- ♦ တိုင်းပြည်၏လွတ်လပ်မှုများပျောက်ဆုံးသွားခြင်း။
- ♦ နိုင်ငံခြားချေးငွေပေါ်တွင်မှီခိုနေရခြင်း။

ကုန်သွယ်မှုလိုငွေမြင့်မားနေသော်လည်း၊ အမေရိက၏စီးပွားရေးမှာအောင်မြင်မှုမြင့်မားနေဆဲဖြစ်သည်။ နိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အများအပြား ဝင်ရောက်ခြင်းနှင့် တရုတ်ကဲ့သို့သောပြည်ပဈေးကွက်များတွင်အမေရိကန်ကုမ္ပဏီများအမြောက်အများရင်းနှီးမြှုပ်နှံထားခြင်း တို့ကြောင့် ယင်းကဲ့သို့အောင်မြင်နေခြင်းဖြစ်ကြောင်း စီးပွားရေး ပညာရှင်တချို့က ဆိုသည်။ တရုတ်နိုင်ငံနှင့်တခြားပြည်ပဈေးကွက်များဖွံ့ဖြိုးတိုးတက်လာခြင်း သည် အမေရိကန်ကုမ္ပဏီ များအတွက် အကျိုးဖြစ်စေသည်ဟုဆိုလိုသည်။ထို့ကြောင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပသို့ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဖွံ့ဖြိုးနေသမျှကုန်သွယ်ရေးလိုငွေပြမှုသည်ပြဿနာတစ်ခု မဟုတ်ဟု ပညာရှင်တို့က ဆိုသည်။ ကုန်သွယ်မှုလိုငွေပြခြင်းကို ကောင်းသည်/ ဆိုးသည်ဟု သေချာပေါက်ပြောမရပါ။ နိုင်ငံ၏စီးပွားရေး အခြေအ နေများပေါ်တွင်သာမူတည်သည်ဆိုခြင်းကိုယခုအခါစီးပွားရေး ပညာရှင်များ လက်ခံလာကြသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၂။ သင်သည် မြန်မာနိုင်ငံကုန်သွယ်ရေး ဝန်ကြီးဌာနတွင်အလုပ်လုပ်ကိုင်သည်။ မြန် မာနိုင်ငံတွင်ထုတ်လုပ်ရန်ခက်ခဲသောနိုင်ငံအတွက် အရေးအကြီးသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကိုအခြားနိုင်ငံများမှ တင်သွင်းမှုကို အားပေးရန်အစီအစဉ်တစ်ခုကိုမကြာသေးမီက အစိုးရက ကြေငြာခဲ့သည်။ ဝန်ကြီးချုပ်က သင့်အား ထိုကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏အမည် ၅–မျိုးကို စာရင်းပြုစုပေးရန် ပြောဆို လာသည်။ ဘာကြောင့်သင်တို့အုပ်စုက ထိုပစ္စည်းများကိုရွေးခြယ်ရကြောင်းရှင်းလင်းပြီး၊ အတန်းသို့ တင်ပြပါ။

# ကုန်သွယ်ရေးဆိုင်ရာကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (အခွန်အကောက်နှင့် အမတော်ကြေး)

နိုင်ငံများသည် အပြည့်အဝ လွတ်လပ်သောအပြည်အပြည်ဆိုင်ရာဈေးကွက်ကို ကြောက်ရွံ့ကြသည်။အခြားနိုင်ငံများမှ ပြိုင်ဆိုင်မှုများကြောင့် မိမိနိုင်ငံ၏စီးပွားရေးပျက်စီးဆုံးရှုံးမှာကို ကြောက်ကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့စီးပွားရေးကိုအကာအကွယ်ပေးရန်ကြိုးစားလာကြသည်။ ၎င်းကို ကုန်သွယ်ရေးဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟုခေါ်သည်။

**ဆွေးနွေးခြင်း**

**၃။** မိမိတို့နိုင်ငံ၏စီးပွားရေးကို မည်ကဲ့သို့ ကာကွယ်ကြမည်နည်း။


## ၁။ သွင်းကုန်ခွန်များ

အစိုးရများသည် သွင်းကုန်ခွန်များကောက်ခံခြင်းဖြင့်ဈေးသက်သာသော ပြည်ပမှ တင်ပို့လာသည့်ကုန်ပစ္စည်း များ၏ ပြိုင်ဆိုင်မှုကိုကာကွယ်ရန် ကြိုးစားခြင်းဖြစ်သည်။ နိုင်ငံတွင်းသို့ ထိုကုန်ပစ္စည်းကိုတင်သွင်းလာသောအခါ ယင်းကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုပေါ်တွင်အခွန်ကောက်ခြင်းဖြစ်သည်။ အစိုးရက ထိုသွင်းကုန်တန်ဖိုးပေါ်တွင် ရာခိုင်နှုန်းဖြင့် ကောက်ခံခြင်း ဖြစ်သည်။

**ဆွေးနွေးခြင်း**

**၁။** သွင်းကုန်ခွန်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ဘာကြောင့်အသုံးဝင်ပါသနည်း။

## သွင်းကုန်ခွန်များနှင့် ဖွံ့ ဖြိုးဆဲနိုင်ငံများ




သွင်းကုန်များသည် ဖွံ့ဖြိုးဆဲ (ဆင်းရဲသော) နိုင်ငံများ၏ စီးပွားရေးကို အကာအကွယ်ပေးရန် အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ်ယူဆကြသည်။ လွတ်လပ်သောဈေးကွက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည်မိမိတို့ထက်ပို၍စီးပွားရေးအင်အားကြီးသောနည်းပညာပိုမိုကောင်းမွန်သောဖွံ့ဖြိုးပြီး(ချမ်းသာသော) နိုင်ငံများ (သို့မဟုတ်) မိမိတို့နိုင်ငံတွင်းသို့ဈေးနှုန်းသက်သာစွာဖြင့်ကုန်ပစ္စည်းများတင်သွင်းလာသော အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ယှဉ်ပြိုင်ရာတွင်အခက်အခဲများနှင့်ရင်ဆိုင်နေရသည်။သွင်းကုန်များ ကောက်ခံခြင်းဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများသည်တခြားနိုင်ငံမှတင်သွင်းလာသောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ဈေးနှုန်းကို မြင့်မားသွားစေသည်။ ဤနည်းလမ်းဖြင့်ပြည်တွင်းဈေးကွက်တွင်းကို အကာအကွယ်ပေးနိုင်သည်။ ထို့ကြောင့်ပြည်တွင်းစီးပွားရေးလုပ်ငန်းများပြည်ပဈေးကွက်ကိုယှဉ်ပြိုင်နိုင်ရန်လုံလောက်သောအင်အားရှိလာသည်အထိ မိမိတို့ လုပ်ငန်းကိုပိုမိုဖွံ့ဖြိုးအောင်မြင်လာစေနိုင်သည်။ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံ သည်ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်ထားသောဗြိတိန်နှင့်အမေရိကန် ကားထုတ်လုပ်သူများနှင့်ယှဉ်ပြိုင်ရာတွင်ပြည်တွင်းကားကုမ္ပဏီများကို အကာအကွယ်ပေးနိုင်ရန်သွင်းကုန်ခွန်များကောက်ခံခြင်းဖြင့် ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များ တွင်ပြည်တွင်းကားစက်ရုံများကိုအောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ပျမ်းမျှသွင်းကုန်ခွန် ၃၀% ကောက်ခံခြင်းဖြင့် ၁၉၉၀ ခုနှစ်များတွင်တရုတ်နိုင်ငံကိုဖွံ့ဖြိုးမှု မြင့်မားလာစေရန်အထောက်အကူ ဖြစ်စေခဲ့သည်။ ၁၉၅၀ နှင့် ၁၉၇၃ အကြား စီးပွားရေးဖွံ့ဖြိုးမှုလျင်မြန်ဆုံး ၆–နိုင်ငံတွင်ပါဝင်သည့် (ဂျပန်၊ အီတလီ၊ ဩစတြေးလျ၊ ဖင်လန်၊ ပြင်သစ်) နိုင်ငံများတွင်မြင့်မားသောသွင်းကုန်ခွန်များ ပြဋ္ဌာန်းခဲ့ကြသည်။

သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့၊ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကဲ့သို့သောအဖွဲ့ အစည်းများက ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အခွန်များကို ဖယ်ရှားရန် (သို့) လျော့ချပေးရန်ဖိအားများမကြာခဏပေးလေ့ရှိသည်။သို့မှသာဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်နိုင်မည်ဟု ဆိုသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကသွင်းကုန်များကို ၃၀% မှ ၁၀% သို့လျော့ချပေးခဲ့သော အရှေ့အာရှစီးပွားရေးအောင်မြင်မှုများကို ထောက်ပြပြောဆိုသည်။အထက်ပါဂရပ်မျဉ်းသည်အိုင်အမ်အက်ဖ်နှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖိအားများ အောင်မြင်မှုရရှိခဲ့ခြင်းကို ပြသသည်။ဖွံ့ဖြိုးဆဲနိုင်ငံများသွင်း ကုန်ခွန်နှုန်းထားများ နှစ်ပေါင်းများစွာတဖြည်းဖြည်းလျော့ကျခြင်း ဖြစ်သည်။

သို့သော် သွင်းကုန်ခွန်လျော့ချပေးသော (သို့) ဖယ်ရှားပေးသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေ အနေမှာ ပိုမိုဆိုးဝါးလာနေကြောင်း အခြားလူများက ထောက်ပြကြသည်။ ဆီနီဂေါ (အာဖရိက) နိုင်ငံတွင် ၁၉၈၅ ရှိ ကုန်သွယ်ရေး လွတ်လပ်ခွင့်ပေးလိုက်ပြီးနောက်၊ စက်ရုံများတွင် လုပ်ကိုင်နေသော အလုပ်သမားသုံးပုံ တစ်ပုံခန့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့သည်။ ယူကိုဒါ (အာဖရိက) နိုင်ငံတွင်သွင်းကုန်ပမာဏများပြားလာမှုကြောင့် ပြည်တွင်း ထုတ်ကုန်ပစ္စည်းများ၏ဝယ်လိုအား လျော့ကျသွားခဲ့သည်။ မက္ကဆီကို (တောင်အမေရိက) နိုင်ငံ တွင်အစိုးရကကုန်သွယ်ရေးကို လွတ်လပ်ခွင့်ပြုပြီး နောက် စီးပွားရေး ဖွံ့ဖြိုးမှု နှေးကွေးသွားခဲ့သည်။

နှစ်ယောက်တွဲလေ့ကျင့်ခန်း

၂။ အမှန်ကို ရွေးခြယ်ပါ။ ဆရာပေးသောလေ့ကျင့်ခန်းများကိုဖြည့်စွက်ပါ။

ကိုယ်တိုင်ပြုလုပ်ပါ

၃။ အထက်ပါစာပိုဒ်ကို ဖတ်၍ အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ အချို့လူများက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်သွင်းကုန်ခွန်ထားခြင်းက ကောင်းမွန်သည်ဟု ဘာကြောင့်ဆိုသနည်း။

၂။ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အီတလီ၊ ဩစတြေးလျ၊ ဖင်လန်နှင့် ပြင်သစ်နိုင်ငံတို့၏ တူညီချက်မှာ အဘယ် နည်း။

၃။ အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့က သွင်းကုန်ခွန်ကို ဖယ်ရှားပေးရန် ဘာကြောင့်တွန်းအားပေးသနည်း။

၄။ ဆီနီဂေါနိုင်ငံတွင် ကုန်သွယ်မှုလွတ်လပ်ခွင့်ပြုပြီးနောက် မည်သို့ဖြစ်ပျက်ခဲ့သနည်း။

အဖွဲ့လိုက်လေ့ကျင့်ခန်း

၄။ မြန်မာနိုင်ငံသည် သွင်းကုန်ခွန်ကောက်ခံသင့်သည်ဟုထင်ပါသလား။ ဘာကြောင့်နည်း။

## ၂။ အမတော်ကြေး




အစိုးရအနေဖြင့် မိမိတို့၏ စီးပွားရေးကို အကာအကွယ်ပေးရန်အခြားနည်းလမ်းတစ်ခုမှာ မတော်ကြေးများထောက်ပံ့ပေးခြင်း ဖြစ်သည်။ အမတော်ကြေးဆိုသည်မှာကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်မှုတွင် အထောက်အပံ့ဖြစ်စေရန်နှင့်နိုင်ငံတကာဈေးကွက်တွင်ဈေးနှုန်းသက်သာစွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်အစိုးရမှ နိုင်ငံတွင်းရှိ ထုတ်လုပ်သူများကိုထောက်ပံ့သောငွေကြေးဖြစ်သည်။ အမေတော်ကြေးကို မည်သည့် စီးပွားရေးကဏ္ဍ၌မဆိုအသုံးပြုနိုင်သည် သို့သော်စိုက်ပျိုးကဏ္ဍတွင် အများဆုံး အသုံးပြုကြသည်။ ဥပမာ– ဥရောပသမဂ္ဂတွင်ဘုံစိုက်ပျိုးရေးမူဝါဒဟုခေါ်သောစနစ်တစ်ခုရှိသည်။ ၂၀၀၅ ခုနှစ်တွင် ထိုစနစ်အရ လယ်သမားများကို သကြား၊ နို့၊အသား၊ ဝါဂွမ်း၊ ဆေးရွက်ကြီး၊ သံလွင်ဆီ၊ အသီးအနှံ၊ဟင်းသီးဟင်းရွက်နှင့် ဆန်စပါးကဲ့သို့ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက်ယူရိုငွေ ၄၃ ဘီလီယံခန့် ထောက်ပံ့ပေးခဲ့သည်။

ဆွေးနွေးခြင်

၁။ ဥရောပသမဂ္ဂက ၄င်းတို့၏ လုပ်သားများကို ငွေကြေးအမြောက်အများ ဘာအတွက်ပေးသနည်း။ လယ်သမား များကို မည်သူတို့ထံမှ အကာအကွယ်ပေးနေပါသနည်း။ အခြားမည်သူတို့က သကြား၊ နို့၊ ဝါဂွမ်း၊ ဆန်စပါး စသည်တို့ကို ထုတ်လုပ်ပါသနည်း။

## အမတော်ကြေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ

ဖွံ့ဖြိုးပြီးနိုင်ငံများမှ အမတော်ကြေးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရာတွင် အကာအကွယ်ပြုနိုင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက်ဆိုလျှင်မှန်ပါသည်။ စိုက်ပျိုးရေးကသည်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအတွက်အရေးပါဆုံးဖြစ်သည်။ မြေယာနှင့်လုပ်အား ဈေးသက်သာမှုကြောင့်စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများကိုဈေးသက်သာစွာထုတ်လုပ်နိုင်သည်။ထို့ကြောင့်ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း မိမိတို့၏ထွက်ကုန်ပစ္စည်း ဈေးနှုန်းများကို ဈေးလျှော့ချနိုင်စေရန်အတွက် လယ်သမားများကိုအမတော်ကြေး ငွေများ အမတော်ကြေးနှင့် သွင်းကုန်အခွန်များကြောင့်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်ဖွံ့ဖြိုးပြီးနိုင်ငံများ၏စိုက်ပျိုးရေးထွက် ကုန်ပစ္စည်းများနှင့်ဈေးနှုန်းယှဉ်ပြိုင်ရောင်းချရာတွင် အလွန်အခက်တွေ့နေကြသည်။ သို့သော်အချို့ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း အခြားဖွံ့ ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရာတွင် အကာအကွယ်ပြုနိုင်ရန်မိမိတို့၏ ထုတ်လုပ်သူများကိုအမတော်ကြေးငွေများ ထုတ်ပေးခြင်းများပြုလုပ်ဆောင်ရွက်ကြသည်။

ကိုယ်ပိုင်နည်းလမ်း

၂။ မှား/မှန်ရွေးပါ။

၁။ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏စီးပွားရေးကို ကာကွယ်ပေးရန်အတွက် အမတော်ကြေးငွေများ ထုတ်ပေးခြင်း ဖြစ်သည်။


၂။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမတော်ကြေးငွေနှင့် သွင်းကုန်ခွန်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်ပစ္စည်းများကို မိမိတို့နိုင်ငံ တွင် ရောင်းချနိုင်ရန် ကူညီပေးခြင်းဖြစ်သည်။

၃။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ လယ်သမားသို့ပေးသော အမတော်ကြေးငွေများသည် ၄င်းတို့၏ ကုန်ပစ္စည်းဈေးနှုန်းများလျှော့ကျသွားစေရန်ဖြစ်သည်။ (ဖွံ့ဖြိုးဆဲနိုင်ငံများသည်မိမိတို့ထုတ်လုပ်သူများကို အကာအကွယ်ပေးနိုင်ရန်အမတော်ကြေးငွေများထုတ်ပေးခြင်းမရှိပါ။)

၄။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၄င်းတို့၏ထုတ်လုပ်သူများကို ကာကွယ်ပေးရန် အမတော်ကြေးငွေများထုတ်မပေးပါ။

၃။ ညာဘက်ရှိ ပုံကိုကြည့်ပါ။ ပုံကသင့်ကို ပြောနေသော အရာမှာ အဘယ်နည်းချမ်းသာသောနိုင်ငံများအနေဖြင့် မိမိတို့၏စီးပွားရေးကို ကာကွယ်ရန် အမတော်ကြေးငွေများထုတ်ပေးနေခြင်းသည် မှန်ကန်သည်ဟုသင်ထင်ပါသလားဘာကြောင့်နည်း။

ဝေဖန်သူများက အမတော်ကြေးငွေများထောက်ပံ့ပေးခြင်းသည်ဖွံ့ဖြိုးဆဲ နိုင်ငံများမှ လယ်သမားများကိုထိခိုက်စေသည်ဟူသောအချက်တစ်ခုတည်းကြောင့်ဝေဖန်ကြခြင်းမဟုတ်ပေ။ အမေရိကားနှင့်ဥရောပတို့တွင် မကြာသေးမီကအစီရင်ခံစာများအရတွေ့ရှိရသည်မှာ အမတော်ကြေးငွေအများစုသည် ကုမ္ပဏီကြီးများကပိုင်ဆိုင်သောလယ်ယာမြေအနည်းကသာရရှိနေကြခြင်းဖြစ်သည်လယ်သမားများကအနည်းငယ်သာရရှိကြသည်။အမတော်ကြေးငွေများကြောင့်ကုန်ပစ္စည်းများဈေးကိုလည်းမြင့်မားစေသည်။ ဥရောပသမဂ္ဂ၏အမတော်ကြေးငွေများကြောင့်ဥရောပတွင်စားသောက်ကုန်များ၂၅%ပို၍ဈေးကြီးလာနေသည်ဟုအချို့ကခန့်မှန်းကြသည်။





## ဥရောပသမဂ္ဂ၏သကြားအမတော်ကြေးငွေနှင့် ဖွံ့ဖြိုးဆဲကမ္ဘာ




၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလထိတိုင်အောင် ဥရောပသမဂ္ဂသည် ဘုံစိုက်ပျိုးရေးမူဝါဒ (CAP) ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် နှစ်စဉ်ယူရို ၁.၅ ဘီလီယံခန့်ကို ဥရောပသကြားထုတ်လုပ် တင်ပို့ သူများကိုထောက်ပံ့ပေးသည်သွင်းကုန်ခွန်မြင့်မားနေမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေ ဖြင့်ဥရောပသမဂ္ဂသို့သကြားတင်ပို့ရာတွင် အခက်အခဲများတွေ့ကြရသည်။ ဥရောပသမဂ္ဂရှိ သကြားဈေးနှုန်းသည်အခြားနိုင်ငံတကာဈေးကွက်နှင့် နှိုင်းယှဉ်လျှင်သုံးဆပို၍မြင့်မား နေသည်။

တစ်ချိန်တည်းမှာပင်၊ ဥရောပသမဂ္ဂရှိ လယ်သမားများသည် နှစ်စဉ်သကြားတန်ချိန် ၅ သန်းခန့် ပိုမိုထုတ်လုပ်နေသည်။ ပိုလျှံသောသကြားများကို နိုင်ငံတကာဈေးကွက်၌ဈေးနှုန်းသက်သာစွာ ပုံအောရောင်းချခြင်းဖြင့်ဥရောပသမဂ္ဂသည်ကမ္ဘာ့ဒုတိယအများဆုံး သကြားတင်ပို့ရောင်းချသူဖြစ်လာသည်။သကြားတင်ပို့ရောင်းချခြင်းမှ ရရှိသောတစ်ယူရိုအတွက် ဥရောပသမဂ္ဂသည် အမတော်ကြေးငွေ ၃.၃ ယူရိုသုံးစွဲရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲသောလယ်သမားများသည် မြေဧက အနည်းငယ်ပေါ်တွင်သာသကြားစိုက်ပျိုးကြ ရသည်။သွင်းကုန်ခွန်မြင့်မားခြင်းနှင့်အမတော်ကြေးငွေ ကဲ့သို့ ဥရောပသမဂ္ဂမူဝါဒများကြောင့်ဥရောပနိုင်ငံများသို့ မိမိတို့သကြားကိုရောင်းချရန်မဖြစ်နိုင်တော့ပေ။၎င်းတို့၏ ပိုလျှံနေသောသကြားတန်ပေါင်းများစွာကိုနိုင်ငံတကာ ဈေးကွက်တွင် လျှော့ဈေးဖြင့်ရောင်းချခြင်းဖြင့်ကမ္ဘာ့သကြား ဈေးကွက်ကိုလျှော့ကျရန်ဖိအားပေးနေသည်။




၂၀၀၄ ခုနှစ်တွင် ဩစတြေးလျ၊ ဘရာဇီးနှင့်ထိုင်းနိုင်ငံတို့ကဥရောပသမဂ္ဂသကြားမူဝါဒကို ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့သို့တိုင်ကြား ကြသည်။ ကမ္ဘာ့ ကုန်သွယ်မှုအဖွဲ့ကစုံစမ်းမှုများပြုလုပ်ပြီးနောက် ၂၀၀၅ ခုနှစ်တွင် ဥရောပသမဂ္ဂ၏ လုပ်ဆောင်ချက်များသည်ကမ္ဘာ့ကုန်သွယ်မှုစည်းမျဉ်းများကိုဆန့်ကျင်နေသည်ဟုထုတ်ပြန်ကြေငြာခဲ့သည်။၂၀၀၆ ဖေဖော်ဝါရီတွင်ဥရောပသမဂ္ဂက သကြားတင်ပို့ရောင်းချသူများသို့ပေးနေသောအမတော်ကြေးငွေ ၃၆% ကိုဖြတ်တောက်ပေးမည်ဟုသဘောတူ ခဲ့သည်ထို့ပြင်သကြားထုတ်လုပ်မှု၃၃.၆% လျော့ချပေးမည်ဟုလည်းသဘောတူခဲ့သည်။ ယခုအခါဥရောပသမဂ္ဂကတင်ပို့ရောင်းချသောသကြားဈေးနှုန်းသည်အခြား ဖွံ့ဖြိုးဆဲနိုင်ငံများမှတင်ပို့ရောင်းချသောသကြားဈေးနှုန်းနှင့်အတူတူထုတ်ပေးခြင်းဖြင့်ကာကွယ်ပေးကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်နိုင်ငံတကာသကြားဈေးကွက်တွင် ညီတူညီမျှယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာ သကြားဈေးကွက်တွင် ညီတူညီမျှအယှဉ်ပြိုင်နိုင်တော့မည်ဖြစ်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** အထက်ပါစာပိုဒ်ကိုဖတ်ပါ။ အထက်ပါစာပိုဒ်နှင့်ပတ်သပ်၍ ဆရာပေးသောလေ့ကျင့်ခန်းများကို ဖြေဆိုပါ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၂။** သင်တို့သည် မြန်မာ့စီးပွားရေးဗျူဟာကော်မတီ၏အဖွဲ့ဝင်များဖြစ်ကြသည်၊မြန်မာနိုင်ငံအနေဖြင့်သွင်းကုန် ခွန်နှင့်အမတော်ကြေးငွေထုတ်ပေးခြင်းဖြင့် အကာကွယ်ပေးရမည်။ မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းငါးမျိုး၏ အမည်ကိုသင်တို့ရွေးခြယ်ရမည်ဖြစ်သည်။ဘာကြောင့်ထိုကုန်ပစ္စည်း ၅ – မျိုးကို ရွေးခြယ်ရကြောင်းကို အတန်းသို့ ၅–မိနစ်ခန့် ရှင်းလင်းတင်ပြနိုင်ရန် ပြင်ဆင်ပါ။

# လွတ်လပ်သောကုန်သွယ်ရေး

အတားအဆီးများ (ကိုယ်ကျိုးစီးပွားကာကွယ်ခြင်း) မရှိသောကုန်သွယ်ရေးကို လွတ်လပ်သော ကုန်သွယ်ရေးဟုခေါ်သည်။ အခွန်အခများ၊ အမတော်ကြေးများ၊ ကန့်သတ်ခွဲတမ်းများနှင့် အခြားနိုင်ငံမှ ထုတ်လုပ်တင်ပို့သူများထက် မိမိတို့၏ ထုတ်လုပ်တင်ပို့သူများကိုပို၍ဦးစားပေးခြင်းကဲ့သို့ အခြားကုန်သွယ်ရေးဆိုင်ရာမူဝါဒများသည် အတားအဆီးများဖြစ်သည်။ အောက်ပါဇာတ်လမ်းလေးကို ဖတ်ကြည့်ပါ။

## လွတ်လပ်သောကုန်သွယ်ရေးသည်မျှတမှုရှိပါသလား။



ဇာဒီးသည် မာဇလီးယားနိုင်ငံမှ လိမ္မော်သီးစိုက် တောင်သူတစ်ဦး ဖြစ်သည်။ တစ်နှစ်လျှင် လိမ္မော်သီးအလုံး ၁၀,၀၀၀ သူမခြံမှထွက်သည်။ လိမ္မော်သီးတစ်လုံး၏ စိုက်ပျိုး စရိတ်မှာ ဒေါ်လာ ၀.၁၂ ကုန်ကျပြီး၊ သူမက တစ်လုံးလျှင် ဒေါ်လာ ၀.၂၀ ဖြင့် ပြန်ရောင်းသည်။ ထို့ကြောင့် သူမ၏ တစ်နှစ်အမြတ်ငွေမှာ ဒေါ်လာ ၈၀၀ ( ဒေါ်လာ ၀.၀၈ ၁၀,၀၀၀ ) ဖြစ်သည်။ လိမ္မော်သီးတစ်လုံး၏ ကမ္ဘာ့ဈေးနှုန်းမှာဒေါ်လာ ၀.၁၀ ဖြစ်သည်အခြားနိုင်ငံမှ မာဇလီးယားသို့ လိမ္မော် သီးတင်သွင်းလျှင်ဒေါ်လာ ၀.၂၀အခွန်ပေးရသည် ထို့ကြောင့်တင်သွင်းလာသော လိမ္မော်၏ ကုန်ကျစရိတ်မှာ ဒေါ်လာ ၀.၃၀ (ဒေါ်လာ ၀.၁၀ ဒေါ်လာ ၀.၂၀) ဖြစ် သည်။ သို့သော် ဇာဒီး၏ လိမ္မော်သီး ရောင်းဈေးမှာဒေါ်လာ ၀.၂၀ သာဖြစ်သည်။ အခြားနိုင်ငံမှ ဈေးချိုသောလိမ္မော်သီး များကိုအခွန်ကောက်ခံခြင်းဖြင့်သူမကိုကာကွယ်ပေးထားသည်။ အခု သွင်းကုန်ခွန်ကိုဖယ်ရှားလိုက်ပြီဆိုပါစို့၊ ဇာဒီးလုပ်ငန်းမှာဒုက္ခတွေနေပြီဖြစ် သည်။ ကမ္ဘာ့လိမ္မော်သီးဈေး (ဒေါ်လာ ၀.၁၀)သည်သူမစိုက်ပျိုးထုတ်လုပ်စရိတ် (ဒေါ်လာ ၀.၁၂) အောက်လျော့နည်းနေသည်။သူမလိမ္မော်သီးများရောင်းချရန် မဖြစ်တော့ပေ။ သူမ၏အမြတ်ငွေဒေါ်လာ ၈၀၀ လည်းမရနိုင်တော့ပေ။ အခြားတဖက်တွင် မာဇလီးယားနိုင်ငံမှ လိမ္မော်သီးဝယ်ယူစားသုံးသူများအတွက် ဒေါ်လာ ၈၀၀ ဆိုသော ကိစ္စထက် ပို၍ ကောင်းမွန်သောအခြေအနေကိုဖြစ်စေ သည်။ ယခင်က စားသုံး သူများအနေဖြင့် လိမ္မော်သီးတစ်လုံး ၀.၂ ဒေါ်လာဖြင့် အလုံး ၂၀ ဝယ်လျှင်စုစုပေါင်း၄ဒေါ်လာကုန်ကျမည်ဖြစ်သည်အခွန်ကိုဖယ်ရှား လိုက်ပြီးနောက်လိမ္မော်သီးအလုံး ၂၀ ဝယ်ရန် ၂ ဒေါ်လာသာကုန်ကျတော့မည်။ အနိမ့်ဆုံးအားဖြင့်စားသုံးသူများအနေဖြင့် လိမ္မော်သီးဈေးထက်ဝက်မျှ လျော့ကျ သွားသဖြင့်ယခုအခါအလုံး၂၀ ထက်မက ပိုဝယ်လာတော့မည်ဖြစ်သဖြင့် စားသုံးသူများအတွက်ပို၍ အကျိုးများလာမည်ဖြစ်သည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** မျှတမှုရှိသည်ဟု သင်ထင်ပါသလား။

**က။** သွင်းကုန်ခွန်သည် ဇာဒီးကို အခြားနိုင်ငံမှ လိမ္မော်သီးထုတ်လုပ်သူများ၏ ယှဉ်ပြိုင်မှုမှ ကာကွယ်ပေးလျက် ရှိသည်။ သို့သော် မာဇလီးယားနိုင်ငံရှိ လိမ္မော်သီးစားသုံးသူများအတွက်တော့ ဈေးပို၍ကြီးစေသည်။

**ခ။** သွင်းကုန်ခွန်ဖယ်ရှားလိုက်ပြီးနောက်မာဇလီးယားနိုင်ငံတွင်လိမ္မော်သီးဈေးမှာအလွန်လျော့ကျသွားသော်လည်းဇာဒီးအတွက်တော့သူမ လိမ္မော်သီးများမရောင်းရတော့ပေ။ မည်သည့်အဆိုကိုသင်ထောက်ခံပါသနည်း။အကြောင်းပြဖြေဆိုပါသင်ယူဆချက်ကိုအတန်းသို့တင်ပြပါ။

အထက်ပါအဖြစ်အပျက်ကိုကြည့်၍ လွတ်လပ်သောကုန်သွယ်ရေးသည် ကောင်းသည်၊ ဆိုးသည်ဟု လုံးလုံးလျားလျားပြောရန်ခက်ခဲသောသဘောရှိသည်။ အချို့လူများအတွက် အကျိုးရှိသော်လည်း၊ အချို့အတွက် အကျိုးယုတ်စေသည်။ ဒီနေ့ကမ္ဘာတွင်လွတ်လပ်သောကုန်သွယ်ရေးနှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးတို့ကို ထောက်ခံသူများအကြား အငြင်းပွားနေဆဲဖြစ်သည်။

**ကိုယ်ပိုင်နည်းလမ်း**

**၂။** လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးတို့အကြောင်း သင့်အမြင်ကို စာစီစာကုံးအတိုတစ်ပုဒ် ရေးပါ။ (စာလုံး ၅၀၀) ခန့်၊ ခေါင်းစဉ်မှာ 'လွတ်လပ်စွာကုန်သွယ်ရေးသည် အမျှတဆုံးသော နိုင်ငံတကာ ကုန်သွယ်ရေးပုံစံတစ်ခုဖြစ်သည်။'

# မျှတသောကုန်သွယ်ရေး

ကောင်းမွန်သော အလုပ်သမားခစံနှုန်းများ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကာကွယ်ထားမှုများနှင့်ကုန်သွယ်မှုမှရရှိသောအကျိုးရလဒ်များကိုမျှတစွာခွဲဝေပေးခြင်းတို့ရှိသောကုန်သွယ်ရေးသည်မျှတသောကုန်သွယ်ရေးဖြစ်သည်။ မျှတသောကုန်သွယ်ရေးကဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သူ ဆင်းရဲသားများကိုအကူအညီများပေးရန်လည်းရည်ရွယ်သည်။ ၄င်းတို့သည် နိုင်ငံတကာနှင့်ကုန်သွယ်မှုပြုရာတွင်အစိုးရများနှင့်ကုမ္ပဏီများအပေါ်တွင်အမြဲမှီခိုနေရပြီးအင်အားလည်းနည်းပါးကြသည်။ ထိုကုမ္ပဏီများနှင့် အစိုးရတို့ကငင်းဆင်းရဲသားတို့အတွက်ရသင့်ရထိုက်သောလုပ်အားခ၊ပစ္စည်းဈေးနှုန်းမှန်မပေးခြင်းဈေးနှိမ်ခြင်း၊အလုပ်အကိုင်အခြေအနေများမှာလည်းဆိုးရွားလွန်းခြင်းတို့ဖြင့်ခေါင်းပုံဖြတ်လေ့ရှိကြသည်အလုပ်သမားများအနေနှင့်အဆိုပါစနစ် အတွင်းမှရုန်းထွက်နိုင်ရန်ခက်ခဲသည်။မျှတသောကုန်သွယ်ရေးကအမျိုးသမီးများလုပ်အားကိုလည်းတန်ဖိုးထား၊အသိအမှတ်ပြုပေးသည်။

မျှတသော ကုန်သွယ်ရေးက ဆင်းရဲသားများကို စီးပွားရေး လွတ်လပ်မှုရှိလာစေရန်။ ၄င်းတို့၏ လုပ်အားနှင့်ကုန်ပစ္စည်းများအတွက် ထိုက်သင့်သောဈေးနှုန်းရရှိစေရန်ကူညီပေးသည်။ မျှတသောကုန်သွယ်ရေး အဖွဲ့အစည်းများကို အစိုးရမဟုတ်သောအဖွဲ့အစည်းများအဖြစ် ဆင်းရဲသားများကစုပေါင်း၍ဖွဲ့စည်းထားကြပြီး ၂၀၀၅ခုနှစ်တွင်ထိုအဖွဲ့များမှတဆင့် အမေရိကန်ဒေါ်လာ ၁ဘီလီယံနီးပါးကုန်သွယ်မှုပြုနေကြသည်။

လွတ်လပ်သော ကုန်သွယ်ရေး အဖွဲ့အစည်းများက ပုံမှန်စစ်ဆေးမှုများပြုလုပ်၍၊မှန်ကန်ကြောင်း တရားဝင် အထောက်အထားများ ပေးအပ်သည်။ ကြီးကြပ်စစ်ဆေးခြင်းနှင့်အထောက်အထား ထုတ်ပေးခြင်းဆိုင်ရာ အကြီးဆုံးအဖွဲ့မှာ အပြည်ပြည်ဆိုင်ရာ မျှတသောကုန်သွယ်ရေး အမှတ်အသားတံဆိပ်တပ်ပေးသောအဖွဲ့ (အက်ဖ်အယ်လ်အို) ဖြစ်သည်။ ထိုအဖွဲ့မှအာဖရိက၊ အာရှနှင့်လက်တင်အမေရိကရှိ နိုင်ငံပေါင်း၅၀ကျော်မှထုတ်လုပ်သူများကိုစစ်ဆေးအသိအမှတ် ပြုပေးသည်။ အသိအမှတ်ပြုခံရသော ထုတ်လုပ်သူသည်၄င်းတို့၏ကုန်ပစ္စည်းပေါ်တွင် တရားဝင်မျှတသောကုန်သွယ်မှုတံဆိပ်ကို အသုံးပြုနိုင်သည်။

၁။ မျှတသောကုန်သွယ်ရေးအကြောင်း သင်မည်မျှမှတ်မိသနည်း။

## ထိုင်းနိုင်ငံရှိမျှတသောလယ်ယာစိုက်ပျိုးခြင်း။

'ကန်ရ' သည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း တွင်နေထိုင်သောစပါးစိုက်တောင်သူတစ်ဦး ဖြစ်သည်။ သူမသည်ထိုဒေသရှိလယ်သမား၄၅ဦးဖြင့်ဖွဲ့စည်းထားသောဆူရင်ဆန်စပါးရန်ပုံငွေအဖွဲ့ ဟုခေါ်သော မျှတသော ကုန်သွယ်ရေး သမဝါယမအသင်းအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထိုအဖွဲ့သို့ မဝင်ရောက်ခင်က၊ သူမ၏ ၇.၂ ဧကရှိ မြေပေါ်တွင် ဆန်စပါးစိုက်ပျိုးရာ တစ်နှစ် ဘတ်၂၀,၀၀၀ ခန့်သာ ဝင်ငွေရရှိသည်။ ထိုငွေ ပမာဏသည် သူမမိသားစုစားဝတ်နေရေးအတွက်မလုံလောက်ခဲ့ပေ။ထိုအဖွဲ့သို့ဝင်ရောက်ခဲ့ပြီးနောက်မျှတသောကုန်သွယ်ရေးစနစ်ဖြင့်နိုင်ငံ တကာသို့သူမ၏ဆန်များရောင်းချသဖြင့်ဈေးပိုမိုရရှိခဲ့သည်။



ထို့ကြောင့် သူမမြေပေါ်တွင်ဆန်စပါးအနည်းငယ်လျှော့ စိုက်ပျိုး ပြီးထိုကျန်မြေပေါ်တွင်ပြည်တွင်းဈေးကွက်တွင်ရောင်းချနိုင်သောမြေပဲ၊သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များကိုစိုက်ပျိုးနိုင်သည်။ ယခုအခါသူမ၏နှစ်စဉ်ဝင်ငွေမှာဘတ်၄၃,၀၀၀ ရှိလာပြီ ဖြစ်သည်။ သူမ၏သမီးနှစ်ယောက်ကိုအထက်တန်းကျောင်းထား ရန်နှင့်အနာဂါတ်အစီအစဉ်များတွင်အသုံးပြုရန်တစ်နှစ်လျှင်ဘတ်၄၅၀၀စုဆောင်းနိုင်ပြီဖြစ်သည်။ ယခင်ကဆိုလျှင် မိသားစုများစွာသည်အပိုဝင်ငွေရရှိရန် ခြောက်သွေ့သောရာသီတွင် ထိုင်းနိုင်ငံရှိမြို့ကြီးများသို့သွင်းရောက် အလုပ်လုပ်ကြရသည်။ ယခုအခါမျှတသောကုန်သွယ်ရေးကြောင့်တစ်နှစ်ပတ်လုံးမိမိတို့ရွာ၌ပင်ဝင်ငွေရှာနိုင်ပြီဖြစ်သည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၁။ ကန်ရ၏အဖြစ်အပျက်မှနေ၍ မေးခွန်း (၂) ခုကို နှစ်ယောက်တွဲပြီးရေးချပါ။အခြားအတွဲပြုလုပ်ထားသောမေးခွန်းများနှင့် လဲလှယ်ပြီးမေးခွန်းများကိုဖြေဆိုပါ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၂။ သင်၏ပတ်ဝန်းကျင်ရှိလူများသည် မျှတသောကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်လိုကြသည်။ မျှတသော ကုန်သွယ်ရေးက ထိုသူတို့အတွက်ဘာကြောင့် ဘယ်လိုအသုံးဝင်မည်ဆိုသည်ကိုထိုအဖွဲ့အစည်းအား အတိုချုပ်တင်ပြပေးပါ။ မည်သည့် ကုန်ပစ္စည်းနှင့် ထုတ်ကုန်များပါဝင်သနည်းမည်သူများအတွက်အကျိုးရှိစေမည်နည်း။

# အခန်း (၁၇) ကုန်သွယ်ရေးဆိုင်ရာအဖွဲ့အစည်းများ

ကုန်သွယ်ရေး ဆိုင်ရာအဖွဲ့အစည်းများဆိုသည်မှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု ရယူထားသောနိုင်ငံများအစုအဖွဲ့ကိုခေါ်သည်။ ထိုကဲ့သို့ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများဖွဲ့ စည်းထားခြင်းကြောင့်အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်ပိုမိုလွယ်ကူစေသည်။ တစ်ခါတစ်ရံ၊ အဖွဲ့ဝင်မဟုတ်သော တခြားနိုင်ငံများနှင့် ၎င်းအဖွဲ့ဝင် နိုင်ငံတို့ကြား ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်ပို၍ခက်ခဲသွားတတ်သည်။ ထိုကဲ့သို့ကုန်သွယ်ရေးအဖွဲ့များဖွဲ့ စည်းထားခြင်းဖြင့် ၎င်းအဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးအင်အား ပိုမိုကြီးမားခြင်းဟူသောအကျိုးကျေးဇူးကို ရရှိစေသည်။ ဒဗလျူတီအိုကဲ့သို့ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများ၊ အခြားကုန်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ (သို့)အခြားနိုင်ငံများနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စ ရပ်များဆွေးနွေး ညှိနှိုင်းရာတွင် အားသာချက်များရရှိစေသည်။ ကမ္ဘာပေါ်တွင် ကုန်သွယ်ရေးဆိုင်ရာအဖွဲ့အစည်းအမျိုးမျိုးရှိ၍ ၎င်းတို့၏ စီးပွားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များမှာ မတူညီကြပေ။ အဆိုပါရည်မှန်းချက်များမှာလွတ်လပ်သောကုန်သွယ် ရေးဇုံဖြစ်ရေး၊ အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းနှုန်းထားစသည်တို့တပြေးညီပေါင်းစည်းနိုင်ရေးစသည်တို့ဖြစ်သည်။

**စဉ်းစားခိုင်းခြင်း**

၁။ ယနေ့ကမ္ဘာပေါ်တွင်ရှိသော ကုန်သွယ်ရေးအဖွဲ့အစည်းများ၏အမည်ကို သင်ပြောပြနိုင်မည်လား။ ထိုအဖွဲ့များနှင့် ပတ် သက်၍ သင်ဘာများသိပါသနည်း။ ထိုအဖွဲ့များတွင်ပါဝင်သောအဖွဲ့ဝင်နိုင် ငံများကို သင်သိပါသလား။

အောက်တွင် အာဆီယံ၊ အီးယူ၊ အီကိုဝတ်စ်နှင့် မာကိုဆားဟူသည့် မတူညီသော ကုန်သွယ်ရေး အဖွဲ့အစည်း (၄) ခု အကြောင်း လေ့လာကြည့်မည်။

## ၁။ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)




အာဆီယံသည် အရှေ့တောင်အာရှရှိ နိုင်ငံပေါင်း (၁၀)နိုင်ငံပါဝင်သော နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာကိစ္စများအတွက် ဖွဲ့စည်းထားသောဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူးနိုင်း၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊လာအိုနှင့်မြန်မာတို့ဖြစ်သည်အာဆီယံအဖွဲ့၏အဓိကရည်ရွယ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည်။ သို့သော်လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု၊ ဒေသတွင်းငြိမ်းချမ်းမှုတို့ကိုမြှင့်တင်ရန်အတွက်လည်း ရည်ရွယ်သည်။ အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ်တွင် အင်ဒိုနီးရှား၊မလေးရှား၊ဖိလစ်ပိုင်၊စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့က စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ် သည်။ အဆိုပါ (၅) နိုင်ငံက ဗီယက်နမ်ရှိ ကွန်မြူနစ်ဝါဒကြီးထွားလာခြင်းနှင့် ဒေသတွင်း၌သောင်းကျန်းသူများ ကြီးထွားလာခြင်းကို စိုးရိမ်ပူပန်၍ ဖွဲ့စည်းခဲ့ခြင်း ဖြစ် သည်။ ယနေ့ကာလတွင်အာဆီယံနိုင်ငံများ၏အရေးကြီးဆုံးသောကဏ္ဍတစ်ခုမှာ ဒေသတွင်းရှိ အင်အားအကြီးဆုံးနိုင်ငံနှစ်ငံ ဖြစ်သောတရုတ်နှင့်အိန္ဒိယတို့၏ လွှမ်းမိုးမှုကိုချိန်ခွင်လျှာညှိရန်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ စုစုပေါင်းလူဦးရေမှာ သန်း ၅၆၀ ရှိပြီး၊ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂.၇၅ ထရီလီယံရှိသည်။ ၁၉၉၀ နှောင်းပိုင်း နှစ်များတွင် အာဆီယံအဖွဲ့သည်ဒေသတွင်းရှိအခြားနိုင်ငံများ နှင့်လည်း စီးပွားရေးချိတ်ဆက်မှုတိုးတက်အောင် စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင်တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား သုံးနိုင်ငံနှင့်ပူးပေါင်း၍ အာဆီယံအပေါင်းသုံးနိုင်ငံဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့သည်။ ထိုမှတဆင့်တက်၍ အိန္ဒိယ၊ ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံများ ထပ်မံပါဝင်သော အရှေ့အာရှထိပ်သီးဆွေးနွေးပွဲများကိုကျင်းပနိုင်ခဲ့သည်။


**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ မှား/မှန်ရွေးပါ။ ဆရာပေးသောလေ့ကျင့်ခန်းများကိုပြုလုပ်ပါ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၃။ ဉာဏ်စမ်းပဟေဠိ၊ အုပ်စုဖွဲ့၍အထက်ပါစာပိုဒ်နှင့် ပတ်သက်သော ဉာဏ်စမ်းပဟေဠိ (၃) ခုပြုလုပ်ပါ။ ထိုပဟေဠိများကို အခြားအုပ်စုတစ်စုမေးခွန်းနှင့် ဖလှယ်ပါ။ မေးခွန်းများကို သင်တို့ဖြေနိုင်ကြပါသလား။

## ၂။ ဥရောပသမဂ္ဂ




ဥရောပသမဂ္ဂသည် အဖွဲ့ဝင် (၂၇) နိုင်ငံပါဝင်သော စီးပွားရေးနှင့် နိုင်ငံ ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုဖြစ်သည် မူလကဥရောပစီးပွားရေးအဖွဲ့အဖြစ် ၁၉၅၇ တွင် စတင်တည်ထောင်ခဲ့သည်။ အီးယူ၏ လူဦးရေမှာ သန်း ၄၉၄ ရှိပြီး၊ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၅ ထရီလီယံ  ရှိသည်။ ယူရိုဟုခေါ်သောငွေကြေးကိုအဖွဲ့ ဝင် ၁၃ နိုင်ငံက အသုံးပြုကြသည်။ ၎င်းအဖွဲ့၏ လုပ်ရှားမှုများမှာ စီးပွားရေး၊ နိုင်ငံတကာအရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးစသည့် မူဝါဒများအထိ ကျယ်ကျယ် ပြန့်ပြန့်ပါဝင်သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားများကို အီးယူနိုင်ငံသားများဟုလည်း ခေါ်သည်။ ၎င်းနိုင်ငံသားများက ငါးနှစ်တစ်ကြိမ် ဥရောပပါလီမန်ကိုတိုက်ရိုက်မဲပေးရွေးချယ်ကြသည်။ ထိုပါလီမန် တွင် အဖွဲ့ဝင် ၇၈၅ ဦးရှိသည်။ လူဦးရေပိုများသောအဖွဲ့ဝင်နိုင်ငံကပါလီမန် အဖွဲ့ဝင်ဦးရေပိုများလေဖြစ်သည်။

ဥရောပသမဂ္ဂသည်ဘုံဈေးကွက်တစ်ခုဖြစ်သည်။ အဓိပ္ပါယ်မှာ အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ မြေယာပိုင်ဆိုင်မှု၊ လုပ်အားနှင့် အရင်းအနှီးများကိုလွတ်လပ်စွာရွှေ့ပြောင်းနိုင် သည်။ အီးယူယူနိုင်ငံသားများသည်အခြားအီးယူအဖွဲ့ဝင် နိုင်ငံတစ်ခုတွင်   လွတ်လပ်စွာနေထိုင်နိုင်၊ခရီးသွားနိုင်၊ အလုပ်လုပ်နိုင်၊ အိမ်ခြံမြေစသည့် ပစ္စည်းများကို ပိုင်ဆိုင်နိုင်၊ ရင်းနှီး မြှုပ်နှံမှုပြုလုပ်နိုင်သည်။ (အဖွဲ့ဝင် သစ်နိုင်ငံများအပေါ်တွင်မူစည်းမျဉ်းတချို့သတ်မှတ် ထားသည်။) ထိုဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဧရိယာများအတွင်း၌ နိုင်ငံကူးလက်မှတ်နှင့် အကောက်ခွန်စစ်ဆေးမှုများမရှိပေ၊ဥရောပသမဂ္ဂသည် ဥရောပ စီးပွားရေးဇုံအဖွဲ့၏အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်ထိုဥရောပစီးပွားရေးဇုံအဖွဲ့တွင် အိုက်စလန်၊  လက်ချင်စတိန်းနှင့်နော်ဝေနိုင်ငံတို့ ပါဝင်သည်။

ဥရောပသမဂ္ဂ (ဥရောပစီးပွားရေးအဖွဲ့အစည်းဖြတ်သန်းခဲ့ရာသမိုင်းတ လျှောက်တွင်အခက်အခဲအတားအဆီးများစွာကို ကျော်ဖြတ်ခဲ့ရသည် ဥရောပတိုက်သည်ဘာသာစကားနှင့်ယဉ်ကျေးမှုများစွာရှိသာတိုက်တစ်တိုက်ဖြစ်သည်။ သမိုင်းကြောင်းအရ ဥရောပတိုက်သည် ပဋိပက္ခများဖြစ်ပွားခဲ့ရာဒေသဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်သည် ဥရောပတိုက် တွင် စတင်ဖြစ်ပွားခဲ့သည်။ နိုင်ငံအများစုသည် ဥရောပသမဂ္ဂနှင့် မည်မျှအတိုင်းအတာအထိပူးပေါင်းပါဝင်ပတ်သက်မည်ဆို သည့်ကိစ္စအပေါ်သဘောထားကွဲလွဲမှုများစွာ ရှိသည်။ ဗြိတိန်နိုင်ငံ၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့သည် ၎င်းတို့နိုင်ငံများ၏ စီးပွားရေးအပေါ်ထိန်းချုပ်နိုင်စွမ်း လျော့ကျသွားမည်ကို စိုးရိမ်ပူပန်ကာ ယူရိုငွေကြေးကိုသုံးစွဲခြင်းမပြုတော့ပေ။

နိုင်ငံအသစ်များကိုဥရောပသမဂ္ဂသို့ဝင်ခွင့်ပြုရာတွင်လည်းအငြင်းပွား ဖွယ်ရာများစွာရှိသည်။ အရှေ့ဥရောပနိုင်ငံများဖြစ်သော ဘူဂေးရီးယားနှင့် ရိုမေးနီးယား နိုင်ငံတို့သည် ၂၀၀၇ ခုနှစ်၊ဇန်နဝါရီလ မှစတင်၍အဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့သည်။ အဆိုပါနှစ်နိုင်ငံနိုင်ငံရေးနှင့် စီးပွားရေးအခြေအနေအပေါ်စိုးရိမ်ပူပန်ခြင်းကြောင့်ယင်းနိုင်ငံများ  ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်လာရန်နှစ်ပေါင်းများစွာကြန့်ကြာခဲ့ရသည်။ အဖွဲ့ဝင်ဖြစ်လာသော်လည်း ၎င်းတို့နိုင်ငံသားများသည်အခြားအဖွဲ့ဝင်နိုင်ငံများသို့လွတ်လပ်စွာ သွားလာခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော လွတ်လပ်စွာသွားလာ   ခွင့်ပြုလိုက်ပါကအရှေ့ဥရောပမှလူအများအပြား သည်အနောက်ဥရောပသို့ပြောင်းရွှေ့လာလိမ့် မည်ဟုအနောက်နိုင်ငံများကစိုးရိမ်သောကြောင့်ဖြစ်သည်။



ဥရောပသမဂ္ဂအလံ

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** နားလည်မှုစစ်ဆေးခြင်းအောက်ပါမေးခွန်းများကိုဖြေပါ။


**က။** ဥရောပသမဂ္ဂတွင် အဖွဲ့ဝင်ဘယ်နှစ်နိုင်ငံရှိပါသနည်း။

**ခ။** ဥရောပသမဂ္ဂ၏ လုပ်ရှားဆောင်ရွက်မှုများသည် မည်သည့်မူဝါဒနယ်ပယ်အထိအောင် အကျုံးဝင် သက်ရောက်မှု ရှိပါသနည်း။

**ဂ။** မည်သည့်အတွက်ကြောင့် ဗြိတိန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့သည် ယူရိုငွေကြေးသုံးစွဲရန် ငြင်းဆန်ပါသနည်း။

**ဃ။** မည်သည့်အတွက်ကြောင့် ဘူဂေးရီးယားနှင့် ရိုမေရီးယားနိုင်ငံသားများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့လွတ်လပ်စွာသွားလာခွင့်မပေးပါသနည်း။

## ၃။ အနောက်အာဖရိကနိုင်ငံများစီးပွားရေးအဖွဲ့ (အီကိုဝတ်စ်)




အီကိုဝက်စ်အဖွဲ့သည် အနောက်အာဖရိကနိုင်ငံ (၁၅) နိုင်ငံဖြင့် စုပေါင်း၍ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဒေသဆိုင်ရာအဖွဲ့အစည်း တစ်ခုဖြစ်သည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းစီးပွားရေးပူးပေါင်းမှုကို မြှင့်တင်ရန်နှင့် စီးပွားရေးတည်ငြိမ်တိုးတက်စေ ရန်ဖြစ်သည်။ အဆိုပါအဖွဲ့သည် ကုန်သွယ်ရေး အဖွဲ့ (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အာဖရိ က စီးပွားရေး ဆိုင်ရာအဖွဲ့တွင် ပါဝင်သော အဖွဲ့တစ်ခုဖြစ်သည်။ အီကိုဝက်စ်အဖွဲ့ဝင်နိုင်ငံများမှာ ဘီနင်၊ ဘာကီ နဖာဆို၊ ကိတ်ဗာဒီ၊ ကိုတေဒါအီဗာရား၊ သည် ဂမ်ဘီယာ၊ဂါနာ၊ဂီနီ၊ဂီနီဘစ်ဆူး၊လစ်ဘရီးယား၊ မာလီ၊ နိုင်ဂျာ၊ နိုက်ဂျီးရီးယား၊ ဆီနီဂေါ၊ ဆီအာရာလီယွန်နှင့် တိုဂိုနိုင်ငံတို့ဖြစ်သည်။

အီကိုဝက်စ်အဖွဲ့တွင် စုစုပေါင်းလူဦးရေ ၂၅၂ သန်းရှိပြီး၊ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၃ ဘီလီယံရှိသည်။ ၎င်းကို မူလကဘုံငွေကြေးတစ်ခုနှင့်အတူဘုံဈေးကွက် တစ်ခုဖြစ်ထွန်းရန်ရည်ရွယ်ဖွဲ့စည်းခဲ့ ခြင်းဖြစ် သည်။ပြည်တွင်းစစ်များနှင့်ဒေသတွင်းနိုင်ငံရေး ပြဿနာများကြောင့်တိုးတက်မှုနှေးကွေးခဲ့ရ သည်သို့သော်အီကိုဟုခေါ်သောဘုံငွေကြေးတစ်ခုကို ၂၀၀၉တွင်စတင်သုံးစွဲရန်ရည်မှန်းထား သည်တချို့ နိုင်ငံများ၌အီကိုဝက်စ်နိုင်ငံကူးလက်မှတ် (သို့) ခရီးသွားလက်မှတ်ကို အသုံးပြုပြီးနိုင်ငံသားများ၊နယ်စပ်များကိုလွတ်လပ်စွာဖြတ်သန်းသွားလာနိုင် သောသဘောတူညီမှုများ ရှိကြ သည်။ အီကိုဝက်စ်အဖွဲ့တွင်အီကို မော့ဟုခေါ် သောငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့တစ်ခု လည်းရှိသည်။ ထိုအဖွဲ့ ကလစ်ဘရီးယား၊ဆီအာရာလီယွန်နှင့် ဂီနီဘစ်ဆူးနိုင်ငံများရှိပြည် တွင်း စစ်ကဲ့သို့ ဒေသဆိုင်ရာ အကြပ်အတည်းများ တွင်ကြားဝင်ဖျန်ဖြေပေးလျက် ရှိသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

**၁။** မှန်/မှားရွေးပါ။ ဆရာပေးသောလေ့ကျင့်ခန်းများကို ဖြည့်စွက်ပါ။

## ၄။ မာကိုဆား




မာကိုဆားအဖွဲ့သည် တောင်အမေရိက (၅) နိုင်ငံဖြစ်သော ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ဗင်နီဇွဲလားနှင့် ပါရာဂွေးနိုင်ငံများပေါင်းစုဖွဲ့စည်းထား သောဒေသဆိုင်ရာကုန်သွယ်ရေး သဘော တူညီချက်ဖြင့်ဖွဲ့စည်းထားသောအဖွဲ့ အစည်းတစ်ခု ဖြစ်သည်။ ၎င်းအဖွဲ့ကို၁၉၉၁ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည်။ အဖွဲ့ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာကုန်သွယ်ရေးလွတ်လပ်မှုကို မြှင့်တင်ရန်နှင့် ကုန်စည်များ၊လူများ၊ငွေကြေးများ လွယ်ကူစွာ ရွေ့လျားသွား လာနိုင်ရန်ဖြစ်သည် မာကိုဆားနိုင်ငံများ၏စုစုပေါင်းလူဦးရေမှာ ၂၆၃ သန်းရှိ၍စုစုပေါင်းပြည်တွင်း ထုတ်ကုန်မှာအမေရိကန်ဒေါ်လာ ၂.၄၂ ထရီလီယံရှိသည်။ မာကိုဆားအဖွဲ့သည် အခြားကုန်သွယ်ရေး အဖွဲ့များဖြစ်သောဥရောပသမဂ္ဂနှင့်မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေး အဖွဲ့တို့၏ စီးပွားရေး လွှမ်းမိုးမှုကိုတန်ပြန်ဖွဲ့စည်း ထား ခြင်း ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင်မာကိုဆားအဖွဲ့သည်အခြားဒေသဆိုင်ရာ အဖွဲ့ အစည်း တစ်ခုဖြစ်သော ဘိုလီဗီးယား၊ ချီလီ၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ပီရူးနိုင်ငံတို့ဖြင့် ပူး ပေါင်း ဖွဲ့စည်းထားသည့် အန်ဒီယန်အဖွဲ့နှင့်ပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့သည်။ မာကိုဆာ အဖွဲ့သည် ၂၀၀၁ ခုနှစ်တွင် ဖြစ်ပွားသော အာဂျင်တီးနား စီးပွားရေးအကျပ် အ တည်းနှင့်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး အငြင်းပွားမှုများကြောင့် အားနည်းလာသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၂။** ပဟေဠိ၊ ဆရာပေးသောလေ့ကျင့်ခန်းများကိုဖြည့်စွက်ပါ။

# အခန်း (၁၈) စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း

**စဉ်းစားခိုင်းခြင်း**

၁။ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်ကို သင်မည်သို့ ထင်ပါသနည်း။ မည်သည့် အကြောင်း အရာဖြစ်ပါသနည်း။



စီးပွားရေး ပညာရှုထောင့်အရ၊ ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ တိုင်းပြည်များကြားရှိ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ငွေကြေးများ၊ နည်းပညာများ၊သတင်းအချက်အလက်များနှင့် လူများရွှေ့လျား စီးဆင်းနေခြင်းကိုခေါ်သည်။ အဓိပ္ပါယ်မှာ တစ်ကမ္ဘာလုံးရှိ စီးပွားရေးများ ပေါင်း စည်းသွားခြင်းကို ဆိုလိုသည်နိုင်ငံများသည် ၎င်းတို့စီးပွားရေးကိုသီးခြားကင်းလွတ်သောစီးပွားရေးတစ်ခု အဖြစ် မမြင်ပဲ၊ ကမ္ဘာစီးပွားရေးကြီး၏အဖွဲ့ဝင်အဖြစ်ရှုမြင်လာကြသည်။ နိုင်ငံ များ အချင်းချင်းတစ်နိုင်ငံနှင့်တစ်နိုင်ငံပို၍မှီခိုလာရသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၂။ သင့်အနီးအနားတွင်ရှိသောသင်မြင်ရသော အဝတ်အထည်၊ ဖိနပ်၊ ဘောပင် စသည့်ပစ္စည်းများကိုမြင်ကြည့် ပါ။ ၎င်းတို့ကိုဘယ်ကထုတ်လုပ်သည်ဆိုသည် ကို သိပါသလား။ သင်မသေချာပါက တံဆိပ်ကိုရှာပါ။ စာရင်းပြုစုပြီးနောက် အတန်းရှိကျန်သောလူများကိုပြပါ။

စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် နှစ်ပေါင်းရာချီသက်တမ်းရှိသောအပြည်ပြည်ဆိုင်ရာကုန်သွယ် ရေး ဖွံ့ဖြိုးတိုးတက်လာခြင် း၏ အကျိုးဆက်တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထို့ပြင်မကြာမီကာလက အောက်ဖော်ပြပါ ဖွံ့ဖြိုးမှု လေးရပ်က စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကိုအားဖြည့်ကူညီပေးသည်။

## ၁။ အင်တာနက်နှင့်ခေတ်မီဆက်သွယ်ရေးကွန်ယက်များ

အင်တာနက်က ကမ္ဘာပေါ်ရှိကွန်ပျူတာများတစ်ခုနှင့်တစ်ခုအတူတကွချိတ်ဆက်ပေးခြင်းဖြစ်သည်။ အင်တာနက်ဆိုသည်မှာထူးကဲသော ဆက်သွယ်ရေး ကိရိယာတစ်ခု၊သတင်းအရင်းအမြစ်အစုအဝေးကြီးတစ်ခု အလွန်ကြီးမားသော ကမ္ဘာလုံးဆိုင်ရာဈေးကွက်ကြီးတစ်ခုပင်ဖြစ်သည်။ အင်တာနက်ပေါ်တွင် အကွာအဝေးဟူသည်မရှိ။ ကမ္ဘာကြီးပေါ်ရှိ လူသားတိုင်းသည် ကွန်ပျူတာတစ်လုံးအတွင်းနေထိုင်သကဲ့သို့ပင်ဖြစ်သည်။

### အမေဇုံဒေါ့ကွမ်း

အမေဇုံဒေါ့ကွမ်းဆိုသည်မှာ ၁၉၉၅ခုနှစ်တွင်အမေရိကန်နိုင်ငံဆီအာတယ် မြို့နေ ဂျက်မ်ဘတ်ဇိုကသူ၏ ကားဂိုဒေါင်လေးမှ စတင်ခဲ့သော စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည်။ သူ၏အကြံမှာ အင်တာနက်ကို အသုံးပြုပြီး စာအုပ်များ ရောင်းချရန် ဖြစ်သည်။ ဝယ်ယူသူများအနေဖြင့် မိမိတို့အိမ်ရှိ ကွန်ပျူတာများမှနေ၍ သူ၏အင်တာနက်စာအုပ်ဆိုင်ရှိစာအုပ် များကို ကြည့်ရှုနိုင်ပြီး၊ မိမိတို့လို ချင်သောစာအုပ်ကိုလျှပ်စစ်ငွေကြေး အသုံးပြုပြီး ဝယ်ယူနိုင်သည်။ ပြီးလျှင်သူကစာတိုက်မှနေ၍စာအုပ်များကိုဝယ်သူဆီရောက်အောင် ပို့ဆောင်ပေးသည်ပထမတစ်လအတွင်း၌ပင်အမေဇုံမှ ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၄၅နိုင်ငံရှိဝယ်သူများဆီသို့ စာအုပ်များ ရောင်းချနိုင်ခဲ့သည်။

ယခုအခါ အမေဇုံဒေါ့ကွမ်းမှ သီချင်းခွေ၊ ကျောက်မျက်ရတနာ၊ လျှပ်စစ် ပစ္စည်း၊ အာကစားပစ္စည်း၊ ကွန်ပျူတာ ဆော့ဖ်ဝဲနှင့် ဂဏန်းကောင်များအထိပင် အင်တာနက်ပေါ်မှ ရောင်းချနေပြီးဖြစ်သည်အမေရိကန်တွင်သာမက ယခုအခါ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်၊ ကနေဒါနှင့်တရုတ်နိုင်ငံများအတွက်လည်း အင်တာနက်ဝက်ဆိုက် လွှတ်တင်ထားသည်။

၂၀၀၆ ခုနှစ်တွင် အမေဇုံဒေါကွမ်းမှ အင်တာနက်ကိုအသုံးပြုပြီး ကမ္ဘာတစ်ဝှမ်းသို့ အမေရိကန်ဒေါ်လာ ၁၀.၇၁ ဘီလီယံဖိုး၊ ရောင်းချခဲ့ပြီးဖြစ်သည်။ အမေဇုံဒေါ့ကွမ်း အောင်မြင်မှုရရှိခဲ့ခြင်းမှာ အင်တာနက်ကကမ္ဘာတစ်ဝှမ်းရှိ လူသန်းပေါင်းများ စွာကို၎င်း ကုန်ပစ္စည်းများလွယ်လွယ်ကူကူကြည့်ရှုဝယ်ယူနိုင်အောင် စွမ်းဆောင်ပေးနိုင်သောကြောင့် ဖြစ်သည်အင်တာနက် မပေါ်ပေါက်ခင်ကာလကဈေးဆိုင်များအနေနှင့်အလွန်ဝေးကွာသော နေရာဒေသရှိဝယ်ယူသူများထံသို့ကုန်ပစ္စည်းရောင်းချရန် အလွန်ခက်ခဲသည်။

**နှစ်ယောက်တွဲလေ့ကျင့်ခန်း**

၃။ မှန်/မှားရွေးပါ။ ဆရာပေးသောလေ့ကျင့်ခန်းများကို ဖြည့်စွက်ပါ။

## ၂။ အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးကွန်ယက်များဖွံ့ဖြိုးလာခြင်း

### လေကြောင်းခရီးသွားလာခြင်း



လွန်ခဲ့သောနှစ်ပေါင်း ၃၀အတွင်းလေကြောင်းခရီးသွားလာခြင်း လုပ်ငန်းသည်အကြီးအကျယ်တိုးတက်လာခဲ့သည်။ ၁၉၇၅ ခုနှစ်အတွင်းခရီးသည်ပေါင်း သန်း ၄၀ ခန့်သည်လေကြောင်းခရီးဖြင့်ခရီးသွားလာခဲ့ကြသည်။ ၂၀၀၁ တစ်ခု ပြည့်နှစ်တွင်ခရီးသည်ပေါင်း ၁ဒသမ ၆ ဘီလီယံအထိတိုးတက်လာသည်။ လေကြောင်းခရီးသွားလာရေးကုန်ကျစရိတ်များမှာ အချိန်နှင့်အမျှလျှော့နည်းလာသဖြင့်လူများပိုမိုအသုံးပြုလာကြသည်။ နှစ်စဉ်ကုန်တန်ချိန် သန်း ၃၀ ကျော်မျှလေကြောင်းလိုင်းဖြင့်သယ်ယူကြ သည်။ ဤကဲ့သို့ လေကြောင်းဆက်သွယ်ရေးကွန်ယက်လမ်းကြောင်းများဖွံ့ဖြိုးလာခြင်းသည်ကမ္ဘာပေါ်ရှိလူသားအချင်းချင်းကို ပိုမိုနီးကပ်စေပါသည်။

## ၃။ အစိုးရများမှ၄င်းတို့၏စီးပွားရေးအပေါ်ထိန်းချုပ်မှုများလျော့ချလာခြင်း

### တရုတ်

လွန်ခဲ့သော ၁၅ နှစ်အတွင်း တရုတ်နိုင်ငံသည်အစိုးရကစီမံထိန်းချုပ်သောတခါးပိတ်စီးပွားရေးစနစ်မှ ကမ္ဘာ့ဖွံ့ဖြိုးမှုအမြန်ဆုံးဈေးကွက်စီးပွားရေးစနစ်သို့ကူးပြောင်းခဲ့သည်။ စီးပွားရေးဆိုင်ရာစည်းမျဉ်းဥပဒေများလျှော့ပေါ့ ပေးမှုကြောင့် ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့်တရုတ်နိုင်ငံ၏ ဈေးပေါသော လုပ်သားအင်အားနှင့်များပြားသောလူဦးရေအားသာချက်ကို အသုံးချ ခွင့်ရရှိခဲ့ပါသည်။ ယခုအချိန်တွင်တရုတ်နိုင်ငံသည်ကမ္ဘာ့ဆဋ္ဌမမြောက်စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာပြီး၊ (မကြာမီတွင် စတုတ္ထနေရာသို့ပင်ရောက်ရှိမည်ဟုမျှော်မှန်းကြသည်၊) သစ်၊သံမဏိ၊ကျောက်မီးသွေး၊ အသားနှင့် ဂျုံစပါးတို့ကိုအခြားနိုင်ငံများထက်ပိုမိုသုံးစွဲနေပြီဖြစ်သည်။ ၄င်းသည်ကမ္ဘာ့ပဉ္စမမြောက် ကုန်ပစ္စည်းအများဆုံးတင်ပို့သည့်နိုင်ငံလည်းဖြစ်လာသည်။



ရှမ်းဟိုင်း ကမ္ဘာ့ဖွံ့ဖြိုးမှုအမြန်ဆုံးမြို့တခု

## ၄။ နည်းပညာက ကျွမ်းကျင်မှုမရှိသောအလုပ်သမားများကိုခေတ်မီထုတ်လုပ်ရေးတွင်ပါဝင်အလုပ်လုပ်နိုင်ရန်ပြုလုပ်ပေးခြင်း။

### နိုကီရာစက်ရုံ၊ ဒေါင်ဂန်၊ တရုတ်နိုင်ငံ



ဒေါင်ဂန်မြို့၊ နိုကီရာမိုဘိုင်းဖုန်းထုတ်လုပ်သောအတန်း


နိုကီရာသည် မိုဘိုင်းဖုန်းများထုတ်လုပ်သောနိုင်ငံတကာကုမ္ပဏီတစ်ခုဖြစ်သည်။ ၄င်း၏အကြီးဆုံး စက်ရုံများထဲမှ တစ်ခုသည်တရုတ်နိုင်ငံဒေါင်ဂန်မြို့တွင်တည်ရှိသည်။ ထိုစက်ရုံအလုပ်သမား (၄) သန်းအနက် အများစုမှာ တရုတ်နိုင်ငံတဝှမ်းကျေးလက်ဒေသမှရွှေ့ပြောင်းလာကြသောကျွမ်းကျင်မှုမရှိသောအလုပ်သမားများဖြစ်ကြသည်ရွှေ့ပြောင်းလုပ်သားများ၏ ၇၂% မှာအမျိုးသမီးငယ်များဖြစ်ကြပြီး၊၄င်းတို့အနက်အများစုမှာနှစ်အနည်းငယ်ကြာအလုပ်လုပ်ပြီးနောက်အိမ်ထောင်ပြုကြရန်အိမ်ပြန်သွားကြသူများဖြစ်သည်။

ခေတ်မီထုတ်လုပ်ရေး နည်းပညာများကြောင့် နိုကီရာသည်မကျွမ်းကျင်သောလုပ်သားများကို နည်းပညာမြင့်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ၄င်းတို့သည် ထုတ်လုပ်ရေးလိုင်းရှိ မိုဘိုင်းလ်ဖုန်းအစိတ်အပိုင်းများကိုတပ်ဆင်၍ သေတ္တာထဲသို့ထည့်ပေးရသည်။အလုပ်သမားများ၏တာဝန်မှာ အလွန်လွယ်ကူပြီး ထိုအလုပ်တစ်ခုတည်းကိုပင်ထပ်ခါထပ်ခါပြုလုပ်ရခြင်းဖြစ်သည်။ ရှုပ်ထွေးသောအခြားအစိတ်အပိုင်းများကိုကွန်ပျူတာများ၊စက်ရုပ်များနှင့်အခြားစက်ပစ္စည်းများအသုံးပြုပြီးအခြားစက်ရုံများတွင်ထုတ်လုပ်ကြသည်။ ဒေါင်ဂန်သည်နိုကီရာအတွက်အလွန်အကျိုးများသည်စက်ရုံမြေငှားခနှင့်အလုပ်သမားခမှာ အလွန်ဈေးချိုပြီး၊ပေါပေါများများရရှိနိုင်သည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

ပဟေဠိ၊အထက်ပါအကြောင်းအရာပါအချက်အလက်များကိုဖတ်ပါ။ မှတ်နိုင်သလောက် မှတ်မိအောင်ကြိုးစားပါ။

## နိုင်ငံစုံကော်ပိုရေးရှင်းများ





ဂလိုဘယ်လိုက်ဇေးရှင်းက နိုင်ငံစုံကော်ပိုရေးရှင်းများပေါ်ပေါက်လာစေသည်။ ၎င်းတို့မှာနိုင်ငံအများအပြားတွင် လုပ်ကိုင်သောကြီးမားသော စီးပွားရေးလုပ်ငန်းကြီးများဖြစ်ကြသည်။ ကမ္ဘာ့ အကြီးဆုံးစီးပွားရေးလုပ်ငန်း ၁၀၀ ထဲမှ ၃၇ ခုကိုအဆိုပါကော်ပိုရေးရှင်းများက ပိုင်ဆိုင်ကြပြီး။ ကျန် ၆၃ မှာ နိုင်ငံ ပိုင်ဖြစ်သည် ကမ္ဘာ့ထိပ်တန်းကော်ပိုရေးရှင်း ၂၀၀ သည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏၂၉ % ကိုထိန်းချုပ်ထားသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး ကော်ပိုရေးရှင်းမှာအမေရိကန်စူပါမားကတ် ကုမ္ပဏီဝေါလ်မတ်ဖြစ်သည်။ ဝေါလ်မတ်က နိုင်ငံပေါင်း၁၅နိုင်ငံတွင်စတိုးဆိုင်ပေါင်း ၂၆၆၀ ဆိုင်ဖွင့်လှစ်ထားပြီး၏ဝန်ထမ်းပေါင်း ၄၅၀,၀၀၀ ဝန်းကျင်ရှိသည်။ ၂၀၀၅ ခုနှစ်တွင်ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၂.၅ ဘီလီယံခန့် ရောင်းချ နိုင်ခဲ့သည်။ ထိုပမာဏမှာ ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးအဆင့်တွင် အဆင့် (၂၀) ရှိသည်။ နော်ဝေ၊ ဆော်ဒီအာရေဗျ၊ ထိုင်းနှင့်အခြားနိုင်ငံများစုစုပေါင်း ပြည်တွင်းထုတ် ကုန်တန်ဖိုးထက်ပိုမိုများပြားနေသည်။ အောင်မြင်မှုရရှိနေသော်လည်း၊၎င်းစီးပွားရေးလုပ်ကိုင်ပုံ နည်းလမ်းများကြောင့်ဝေါလ်မတ်ကိုမကြာခဏ ဝေဖန်မှုများရှိနေသည်။

**စဉ်းစားခိုင်းခြင်း**

၁။ ဤကဲ့သို့ ကြီးမားပြီး အားကောင်းသည့်နိုင်ငံစုံကော်ပိုရေးရှင်းများကြောင့် ကမ္ဘာပေါ်တွင် မည်သည့်ပြဿနာများနှင့်အကျိုးကျေးဇူးများ ရှိနိုင်မည်ဟု သင်ထင်ပါသနည်း။

## ဂလိုဘယ်လိုက်ဇေးရှင်းသည်ကောင်းသလော (သို့) ဆိုးသလော။




ဂလိုဘယ်လိုက်ဇေးရှင်းဆိုသောစကားလုံးသည် လွန်ခဲ့သော နှစ်အနည်း အတွင်းအလွန်နိုင်ငံရေးဆန်လာခဲ့သည်။ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ယခုအခါအင်တီဂလိုဘယ်လိုက်ဇေးရှင်းလှုပ်ရှားမှုများပြုလုပ်လာကြသည်။ ထိုလှုပ်ရှားမှုများက အစိုးရများ၊ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အိုင်အမ်အက်ဖ်နှင့်ဒဗလျူတီအို) နှင့် နိုင်ငံစုံကော်ပိုရေးရှင်းများကို ကမ္ဘာစီးပွားရေးကို အတူတကွပူးပေါင်းထိန်းချုပ်ထားကြသည်ဟုမကြခဏစွပ်စွဲကြသည်။ ချမ်းသာသောနိုင်ငံအနည်းငယ်၏အကျိုး စီးပွားအတွက်ဆင်းရဲသားများနှင့်ဆင်း ရဲသောနိုင်ငံ များကိုခေါင်းပုံဖြတ်နေကြသည်ဟုလည်းထိုလှုပ်ရှားမှုများကဆိုကြသည်။ အန်တီဂလိုဘယ်လိုက်ဇေးရှင်းဆို သည်မှာဂလိုဘယ်လိုက်ဇေးရှင်းကိုဆန့်ကျင်ခြင် ဟုဆိုလိုသည်။ သို့သော်ထိုလှုပ်ရှားမှု တွင်ပါဝင်သူများကမိမိတို့သည် ဂလိုဘယ်လိုက်ဇေးရှင်းကိုဆန့်ကျင်ခြင်းမဟုတ်ပါဟုဆိုကြသည်။ တရားမျှတမှုမရှိခြင်း၊နိုင်ငံစုံ ကော်ပိုရေးရှင်း အနည်းငယ်စီးပွားရေးအရ လက်ဝါးအုပ်ထားမှုကိုစိုးရိမ်ခြင်းနှင့်ဆင်းရဲသားများအပေါ်ခေါင်းပုံဖြတ်ခြင်းတို့ကိုသာဆန့်ကျင်ခြင်းဖြစ် ကြောင်း ဆိုကြသည်။

ထို့ကြောင့်ဂလိုဘယ်လိုက်ဇေးရှင်းကို ကောင်းသည်၊ဆိုးသည်ပြောရန်ခက်ခဲပါသည်။ စီးပွားရေး ဂလိုဘယ်လိုက် ဇေးရှင်း အမျိုးအစားများစွာရှိပြီး၊၎င်းကလူအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့်အကျိုးသက်ရောက်မှုဖြစ်စေသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

၂။ ယနေ့ကမ္ဘာပေါ်ရှိ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း၏ အားနည်းချက်၊ အားသာချက်များကို သင်မည်သို့ ထင်မြင်မိပါသနည်း။ အလုပ်သမား၊ အလုပ်သမားအခွင့်အရေး၊ဆင်းရဲမွဲတေမှု၊ကုန်သွယ်ရေး၊ နိုင်ငံများအချုပ်အခြာအာဏာ၊သဘာဝပတ်ဝန်းကျင်၊ပုဂ္ဂလိကလွတ်လပ်ပိုင်ခွင့်၊ ဆက်သွယ်ရေး၊ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအပေါ် ရွေးခြယ်ပိုင်ခွင့်စသည်တို့ကိုထည့်သွင်းစဉ်းစားစေလိုပါသည်။

# စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း၏အကျိုးကျေးဇူးအချို့

## ၁။ စီးပွားရေးလုပ်ငန်းများအတွက်အလုပ်သမားစရိတ်များလျော့နည်းစေသည်။

အချို့သောနိုင်ငံများသည် အခြားနိုင်ငံများထက်အလုပ်သမားစရိတ်ပိုမိုသက်သာသည်။ ထို့ကြောင့် ကုမ္ပဏီများသည် လုပ်အားဈေးသက်သာသောနိုင်ငံများသို့ ကုန်ပစ္စည်းထုတ်လုပ်ရေးအပိုင်းကိုပြောင်းရွှေ့နိုင်သည်။ အမေရိကန်အားကစား အဝတ်အထည်ထုတ်လုပ်သည့်နိုက်ကီကော်ပိုရေးရှင်းသည် ၄င်း၏ ကုန်ပစ္စည်းအများစု ကိုတရုတ်၊အင်ဒိုနီးရှား၊ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့တွင် ထုတ်လုပ်သည်၊အမေရိကားမှာထက်လုပ်အားခသက်သာသည်။ ထို့ကြောင့် ၄င်းတို့၏ ကုန်ပစ္စည်းများကိုဈေးသက်သက်သာသာဖြင့် ထုတ်လုပ်နိုင်သည်။နိုက်ကီ ကုမ္ပဏီသည်ကျွမ်းကျင်မှုမြင့်မားသောလုပ်သားအများအပြားမလိုအပ်ပေ၊ သို့သော် (သာမန်) အလုပ်သမားအများအပြား လိုအပ်သည်။

## ၂။ သဘာဝသယံဇာတများ ရရှိနိုင်မှုအခွင့်အလမ်းတိုးပွားလာခြင်း

အချို့နိုင်ငံများသည် သဘာဝသယံဇာတပစ္စည်း အများအပြားမရှိပေ။ (ဥပမာ – စင်္ကာပူ၊ ထိုင်ဝမ်၊ ဂျပန်၊ ဆွစ်ဇာလန်) ကုမ္ပဏီများအနေဖြင့် မိမိတို့နိုင်ငံတွင် မရရှိနိုင်သော သဘာဝသယံဇာတ ပစ္စည်းများကိုအများအပြားလိုအပ်လေ့ရှိသည်။ ဂလို ဘယ်စီးပွားရေးစနစ်ကြောင့်ပြည်ပမှ သယံဇာတပစ္စည်းများကို နိုင်ငံများနှင့် ကုမ္ပဏီများအနေဖြင့်လွယ်လွယ်ကူကူရရှိနိုင်ကြ သည်။ ထိုသယံဇာတပစ္စည်းများတွင်ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရေချို၊ သစ်၊ဓါတ်သတ္တုပစ္စည်းနှင့်စိုက်ပျိုးရေးထွက်ကုန်များပါဝင်သည်။

## ၃။ စီးပွားရေးလုပ်ငန်းများအတွက်အကျိုးများစေသောအစိုးရ၏မူဝါဒများကြောင့်စီးပွားရေးလုပ်ငန်းများခေါင်းပုံဖြတ်ခွင့်ပိုမိုရရှိနိုင်ခြင်း။

အချို့နိုင်ငံများတွင် အခွန်နှုန်းနည်းနည်း၊ စွမ်းအင်နှင့်ကုန်ကြမ်းဈေးပေါပေါနှင့် အားနည်းသောသဘာဝပတ်ဝန်းကျင်နှင့်အလုပ်သမားဥပဒေများရှိနေတတ်သည်။ နိုင်ငံစုံကော်ပိုရေးရှင်းများသည် ယင်းနိုင်ငံများတွင် လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် အထက်ပါ အားသာချက်များကို ရယူနိုင်သည်။

## ၄။ စီးပွားရေးလုပ်ငန်းများကိုသယ်ယူပို့ဆောင်ရေးစရိတ်များသက်သာစေခြင်း။

ကုမ္ပဏီတစ်ခုသည် နိုင်ငံများစွာတွင် လုပ်ငန်းများကိုနေရာချလုပ်ကိုင်နိုင်လျှင် သယ်ယူပို့ဆောင်ရေးခရီးစရိတ်ကို လျှော့ချနိုင်သည်အဘယ့်ကြောင့်ဆိုသော် လိုအပ်သော သယံဇာတပစ္စည်းများနှင့် ကုန်ပစ္စည်းကို ဝယ်ယူမည့် လူများနှင့် ပိုမိုနီးကပ်လာသောကြောင့်ဖြစ်သည်။

## ၅။ ဆင်းရဲသောနိုင်ငံများလုပ်သားအင်အားအားသာချက်ကို အသုံးချနိုင်ရန် ကူညီရာရောက်ခြင်း

ဆင်းရဲသောနိုင်ငံများတွင် မြင်သာသောအားသာချက်မှာ လုပ်အားခဈေးချိုခြင်းပင်ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းက ကမ္ဘာ့စီးပွားရေးကို ပိုမိုပေါင်းစည်းပေးလိုက်သဖြင့်ဆင်းရဲသောနိုင်ငံများအနေဖြင့်ထုတ်လုပ်မှုလုပ်အားခစရိတ်များကို လျှော့ချလိုသော ကုမ္ပဏီများကိုဆွဲဆောင်နိုင် သည်။ ဥပမာ – တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့်ထိုင်ဝမ်တို့ပါဝင်သည်။

## ၆။ လူများအနေဖြင့်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကိုပိုမိုရွေးခြယ် နိုင်ခွင့်ရရှိနိုင်ခြင်း

ယခုအခါ ကမ္ဘာတဝှမ်းရှိဈေးကွက်အတော်များများတွင် တူညီသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကိုဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ အင်တာနက်ပေါ်ပေါက်လာခြင်းကလည်းအရေးကြီးသော အခန်းကဏ္ဍအနေဖြင့် ပါဝင်သည်။

## ၇။ ကမ္ဘာတဝှမ်းသို့သတင်းအချက်အလက်များဖြန့်ဝေနိုင်ခြင်း

ဈေးနှုန်းချိုသာပြီး၊ ပိုမိုကျယ်ပြန့်သောဆက်သွယ်ရေးစနစ်ကိုရရှိစေခြင်း (တီဗီ၊ မိုဘိုင်း၊ တယ်လီဖုန်း၊ အင်တာနက် စသည်) ဖြင့်အစိုးရများ၊စီးပွားရေးလုပ်ငန်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုပိုမိုနားလည်လွယ်ကူသော သတင်း အချက်အလက်များရရှိစေရန်အထောက်အကူဖြစ်စေသည်။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** မှတ်ဉာဏ်ကစားနည်း၊ဆရာပေးသောလေ့ကျင့်ခန်းများကိုဖြည့်စွက်ပါ။

ကော်ပိုရေးရှင်းများအနေဖြင့်ဂလိုဘယ်လိုက်ဇေးရှင်းမှမည်သို့သောအကျိုးကျေးဇူးများရရှိသည်ဆိုသည်ကို ဥပမာပေးရန် အကောင်းဆုံးများထဲမှတစ်ခုမှာကိုကာကိုလာကုမ္ပဏီပင်ဖြစ်သည်။ကိုကာကိုလာကို၁၈၈၆ခုနှစ်တွင်အမေရိကန်နိုင်ငံ၌တုပ်ကွေးပျောက်ဆေးအဖြစ်စတင်တီထွင်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ်ကတစ်နေ့လျှင် ၉ခွက်ခန့်သာရောင်းရသည်။ ယခုအခါကမ္ဘာပေါ်တွင်လူကြိုက်များသောတံဆိပ်တခုဖြစ်နေပေပြီ၊ နိုင်ငံပေါင်း ၂၀၀ကျော်တွင်တစ်နေ့လျှင်ပုလင်းနှင့် ဗူးပေါင်း သန်း ၂၀၀ ကျော် ရောင်းချနေရပြီ ဖြစ်သည်။ ကမ္ဘာ့ နေရာဒေသအတော်များများတွင်ကိုကာကိုလာတံဆိပ်ကိုမမြင်တွေ့ရပဲ နေ့တစ်နေ့ကိုဖြတ် သန်းကုန်ဆုံးရန်မဖြစ်နိုင်သလောက်အောင်ပင်ဖြစ်နေသည်။ ကိုကာကိုလာသည် အားဖြည့်အချိုရည်၊သစ်သီးအချိုရည်၊အအေးဗူးနှင့်ရေသန့်အပါအဝင်အခြားကုန်ပစ္စည်းအမျိုးအစား ၄၀၀ ခန့်ကိုကမ္ဘာတစ်ဝှမ်းတွင်ရောင်းချနေပြီဖြစ်သည်။



**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** ဂလိုဘယ်လိုက်ဇေးရှင်းက သင့်ပတ်ဝန်းကျင်ကို ကောင်းကျိုးဖြစ်စေနိုင်မည်ဟုထင်ပါသလား။မည်သို့ယူဆပါသနည်း။

## စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း၏အကျိုးမဲ့မှုအချို့

ဂလိုဘယ်လိုက်ဇေးရှင်း ၏ ကောင်းကျိုးအများအပြားရှိသလို အပြင်းအထန်ဝေဖန် စရာများလည်း ရှိနေပါသည် ။


### ၁။ မည်သူက ထိန်းချုပ်သနည်း ။

ချမ်းသာကြွယ်ဝသူများ ၊ အာဏာရှိနိုင်ငံများ ၊ နှင့် ကော်ပိုရေးရှင်းကြီးများက ဂလိုဘယ်လိုက်ဇေးရှင်း ကို ကိုယ်ကျိုး အတွက် ချုပ်ကိုင်ထားသည် ဟုလူအများ အနေဖြင့်စောဒကတက် ကြပါသည် ။ ဆင်းရဲသော နိုင်ငံတို့ အတွက် အရှုံးသာရှိသည် ၊ သူတို့အနေဖြင့်ပါဝင်ခွင့်အနည်းအကျဉ်းသာ ရှိကြ၍ဖြစ်သည် ဟု ဆို သည် ။

### ဆင်းရဲသားများက ကြွယ်ဝချမ်းသာသူများအား ကျွေးမွေးခြင်း

ဂလိုဘယ်လိုက်ဇေးရှင်း ကြီးထွားခြင်းသည်ချမ်းသာသောနိုင်ငံများ၏ စားသုံးမှုနှုန်း မြင့်တက်လာခြင်းနှင့်တိုက်ရိုက်ဆက်စပ်မှုရှိသည် ။ ကုလသမဂ္ဂ စာရင်းအင်းစစ်တမ်းအရ ချမ်းသာဆုံး နိုင်ငံများတွင်နေထိုင်သည့် ကမ္ဘာ့လူဦးရေ ၂၀ ရာနှုန်း၏သုံးစွဲမှုမှာ–

- ♦ ကမ္ဘာ့ စွမ်းအင် စုစုပေါင်း ၏ ၅၈ ရာနှုန်း
- ♦ အသား ငါး စုစုပေါင်း ၏ ၄၅ ရာနှုန်း
- ♦ မော်တော်ယာဉ် စုစုပေါင်း ၏ ၈၇ ရာနှုန်း
- ♦ စက္ကူ စုစုပေါင်း၏ ၈၄ ရာနှုန်း



နှိုင်းယှဉ်မှုအရ ၊ အဆင်းရဲဆုံး နိုင်ငံများတွင်နေထိုင်သည့် ကမ္ဘာ့လူဦးရေ ၂၀ ရာနှုန်းဖြစ်သောလူထု ၏ သုံးစွဲမှုမှာ–

- ♦ ကမ္ဘာ့ စွမ်းအင် စုစုပေါင်း ၏ ၄ ရာနှုန်း
- ♦ အသား ငါး စုစုပေါင်း ၏ ၅ ရာနှုန်း
- ♦ မော်တော်ယာဉ် စုစုပေါင်း ၏ ၁ ရာနှုန်း
- ♦ စက္ကူ စုစုပေါင်း၏ ၁.၁ ရာနှုန်း

ဤစားသုံးမှု အတွက် လိုအပ်သည့် မြောက်မြားစွာသော သယံဇာတပစ္စည်းများ ၊ အလုပ်သမားများသည် ဆင်းရဲသော နိုင်ငံများမှလာခြင်းဖြစ်သည် ။ သို့ဖြစ်ငြားလည်း နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ နှင့် အစိုးရ သီးသန့်လူစု ကသာ ထိုတိုင်းပြည်များ၏ သယံဇာတများကို ထိန်းချုပ်ထားသည် ၊ ဆင်းရဲသားတို့နှင့် မဆိုင်ပေ။ ဆင်းရဲသားတို့က လုပ်အားသာ စိုက်ထုတ်နိုင်သည် ၊ သို့သော် လုပ်အားခမှာ အနိမ့်ဆုံးဖြစ်ပြီး ၊ အလုပ်သမား အခွင့်အရေး အနည်းငယ်မျှသာခံစားရသည် ။ အလုပ်သမားတို့သည် လုပ်ငန်း ကြီးထွားရေးတွင် အရေးပါကြသော်လည်း အကျိုးခံစားခွင့်မှ နည်းပါးလှသည်။

ဖွံ့ဖြိုးသည့်ကမ္ဘာရှိ နိုင်ငံအများအပြားတွင် ဆင်းရဲသားများသည် သူတို့ပိုင်မြေမှ ဖယ်ရှားခံရလေ့ရှိသည် ။ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများက ထိုမြေတွင်ပါဝင်သော သယံဇာတများအတွက် အကျိုးအမြတ်ကို ရရှိသည်။ ယင်းနိုင်ငံများ၏ အစိုးရများသည် မဲ့တေလေ့ရှိပြီး အဂတိလိုက်စားမှုများ ပြည့်လျက်ရှိတတ်သည် ။ ထိုအစိုးရ များသည် နိုင်ငံသားတို့၏ အခွင့် အရေး နှင့် စားဝတ်နေရေး ကိုကာကွယ်ဖို့ထက်၊ ရမည့်ငွေ အပေါ်တွင်သာ စိတ်ဝင်စားကြသည် ။

**အတွဲလိုက်လေ့ကျင့်ခန်း**

ပုံစံတခုထုတ်၍ ဇယားတခု ( သို့မဟုတ် ) ၂ ခု ဆွဲပါ ။ အချမ်းသာဆုံး  ကမ္ဘာ့လူဦးရေ ၂၀ ရာနှုန်း နှင့် အဆင်းရဲဆုံး  ကမ္ဘာ့လူဦးရေ ၂၀ ရာနှုန်းဖြစ်သောလူထု တို့၏ စားသုံးမှု ကွာဟမှုအဆင့်တို့ ကိုပြပါ။ မည်သည့်ဇယားမျိုး ကိုသင်အသင်းပြုမည်နည်း။

## ၂။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း နှင့် လူ့အခွင့်အရေး

တခါတရံတွင် သဘာဝသယံဇာတပစ္စည်းများ နှင့် ဈေးချိုသော အလုပ်သမားများသည် လူ့ အခွင့် အရေးမှတ်တမ်း ညံ့သောနိုင်ငံများ (သို့)၊ လူ့အခွင့်အရေး ကာကွယ်သည့်ဥပဒေ အားနည်းသော နိုင်ငံများတွင် ရှိနေတတ်သည် ။ မည်သို့ဖြစ်စေ သယံဇာတ နှင့် ဈေးချိုသည့်လုပ်အားသာ အလိုရှိသော ကုမ္ပဏီများ ၊ နိုင်ငံခြားအစိုးရများ သည် ထိုပြဿနာကို လစ်လျူရှု ကြသည်။ (သို့မဟုတ်) ကိုယ်ကျိုးအတွက် အသုံးချကြသည် ။

### ဗိုပါးလ်၏ ကြေကွဲဘွယ် အဖြစ်ပျက်ကြီး



ဇနီးသည် အလောင်းကို သယ်၍စက်ရုံကိုဖြတ်သန်း သွားသူတစ်ယောက်

၁၉၈၄ ခုနှစ် ဒီဇင်ဘာလ (၃) ရက် ၊ အိန္ဒိယ နိုင်ငံ ဗိုပါးလ် တွင် လူပေါင်း ၅၀၀၀၀၀ ခန့် ဓါတုဗေဒ အဆိပ်ငွေ့ ဒါဏ်ခံကြရသည်။ ဤကြီးမားလှသော ဓါတ်ငွေ့ယိုစိမ့်မှုသည် အမေရိကန် နိုင်ငံစုံ ကုန်သွယ်ရေး ကော်ပိုရေးရှင်း ၊ ယူနီယံ ကာဗိုက် ပိုင် ပိုးသတ်ဆေး အလုပ်ရုံမှ အခင်းဖြစ်ခဲ့သည်။ ရက်အနည်းငယ်အတွင်း လူ ၇၀၀၀ ကျော်သေဆုံးခဲ့သည်။ နောက်ဆက်တွဲ နှစ်များတွင် နောက်ထပ် ၁၅၀၀၀ သေဆုံးရသည် ။ လူ ဦးရေ ၁၂၀၀၀၀ ဝန်းကျင်သည် ထိုဓါတ်ငွေ့ အဆိပ် ၏ သက်ရောက်မှုကြောင့် ဝေဒနာ ခံစားနေရလျက်ရှိသည် ။ ထိုအဆိပ်သင့် သားကောင်များသည် တရားမျှတမှုများ ဆောင်ရွက်ပေးရန် စောင့်စား နေကြဆဲဖြစ်သည် ။

ဤကပ်ဘေးကြီးကြောင့် ကမ္ဘာတခုလုံး တုန်လှုပ်ခြောက်ခြားသွားသည် လူသားတို့၏ အသက် များစွာနှင့် သဘာဝပါတ်ဝန်းကျင် ကိုဖျက်ချေ ခဲ့ သော စက်မှုလက်မှုလုပ်ငန်း မတော်တဆမှု အတွက် ကော်ပိုရေးရှင်းကြီးများ နှင့် အစိုးရ ၏တာဝန်ရှိမှု အပေါ် စောဒကများ ပြုံတက်ခဲ့ကြသည် ။ သို့ဖြစ်ငြားလည်း ၊ အသက်ရှင်နေသည့် ဝေဒနာသည်များမှာ နစ်နာကြေး နှင့် လုံလောက်သောဆေးကုသမှု ၊ လူမှုရေး နှင့် စီးပွားရေး အထောက်အကူ ရဖို့ကို အနှစ် ၂၀ ကြာသည့်တိုင်အောင် စောင့်စားလျက်ရှိ နေရဆဲပင်ဖြစ်သည် ။ ထိုအလုပ်ရုံ ဧရိယာမှာ သန့်စင်ခြင်းမပြုရသေးပေ ၊ ထိုကြောင့် အဆိပ်များပြန့်နှံ့ဆဲဖြစ်ပြီး သဘာဝဝန်းကျင်မှာလေထုညစ်ညမ်း နေဆဲဖြစ်သည် ။ ဘီဘီစီ ရှေ့ဆောင်သည့်စုံစမ်းစစ်ဆေးမှုအရထိုဧရိယာအတွင်း ရေများတွင် ဓါတုဗေဒပစ္စည်းများရှိနေဆဲဖြစ်ကြောင်း ၊ ၂၀၀၄ နိုဝင်ဘာလ တီဗွီ အစီအစဉ်တွင် အတည်ပြုခဲ့သည် အခြားစုံစမ်းစစ်ဆေးမှုများက ၊ ထို နယူးကလီးယားစက်ရုံ သည် ရှုံးနေကြောင်း ၊ ယူနီယံကာဗိုက် ကုမ္ပဏီသည်စက်ရုံလုံခြုံစိတ်ချရေး ထက် အသုံးစရိတ်များကို လျှော့ချရန်ကိုသာ စိတ်ဝင်စားကြောင်း ဆိုကြသည် ။ အလုပ်ရုံ၏ စက်ပစ္စည်းများမှာ ဟောင်းနွမ်းနေပြီး ပြုပြင်ထိန်းသိမ်းရေးမှာလည်း ညံ့ဖျင်းကြောင်း ယူနိယံကာဗိုက် က အလုပ်ရုံကိုဤမြို့မှ အဝေးသို့ပြောင်းရွှေ့ရန်ငြင်းဆိုသည် ၊ ပြောင်းရွှေ့စရိတ် ကြီးမြင့်မည်ဖြစ်ကြောင်း အကြောင်းပြသည် ၊ ဝန်ထမ်းများထံမှ လုံခြုံရေး သတိပေးမှုကိုလည်း လစ်လျူရှုခဲ့သည် ။ ဘေးဥပါဒ် ဖြစ်ခဲ့သည့်အတွက် တရားမျှတမှုများဆောင်ရွက်ပေးခြင်း
လည်း မရှိသေးပေ ။ ယူနီယံကာဗိုက်နှင့် ဒီအေဒဗလျူ ဓါတုကုမ္ပဏီ တို့သည် လေထုညစ်ညမ်းမှု ကပ်ဘေး အတွက် တာဝန် မရှိကြောင်း ငြင်းဆိုနေကြသည် ။ အလုပ်ရုံ ဝန်ထမ်း အဖျက်သမားတဦးကြောင့် ဤသို့ မတော်တဆမှု ဖြစ်ပွားခဲ့ရကြောင်း ဆင်ခြေပေးသည် ။ အမှု ကို တရားရုံးတွင်ရင်ဆိုင်ရန်လည်း ကော်ပိုရေးရှင်း ကငြင်းဆိုသည် ။



၁၉၈၉ တွင် အိန္ဒိယ အမြင့်ဆုံးတရားရုံးက ယူနီကာဗိုက် အနေဖြင့် ဝေဒနာသင့်ခံရသူများ အတွက် အမေရိကန်ဒေါ်လာ သန်း၄၇၀ ပေးရမည်ဟု အမိန့်ချသည် ။ဤ အမိန့်ကို လုံလောက်မှုမရှိဟု အပြည်ပြည် ဆိုင်ရာ အင်ဂျီအို များစွာက ဝေဖန်ကန့်ကွက်ကြသည် ။ နစ်နာကြေး လျှောက်ထားသူ ၃၀ရာနှုန်း မှာအပယ်ခံရပြီး လူဦးရေ ၁၆၀၀၀ ခန့် လျှောက်လွှာတင် ထားကြောင်းတွေ့ရသည်။ ထိုအထဲမှ အောင်မြင်သူ များသည်ပင် နစ်နာကြေး အနည်းငယ်သာရဘွယ်ရှိသည်။ ၂၀၀၅ နှစ်ဦး တွင် ၊ အမေရိကန်ဒေါ်လာ သန်း ၄၇၀ အနက် သန်း၃၃၀ ကို အိန္ဒိယ နိုင်ငံ အရံဘဏ် တွင်သိမ်းဆည်းထားကြောင်းသိရသည်။

**ကိုယ်တိုင်လုပ်ဆောင်ရန်**

သဘောပေါက်နားလည်ရေး ။ ဆရာ ပေးသောမေးခွန်းများကိုဖြေပါ ။

**အပြန်အလှန် ဆွေးနွေးခြင်း**

အခြား တိုင်းပြည်များအတွင်း လူ့အခွင့်အရေး ချိုးဖေါက်၍ အကျိုးအမြတ်ထုတ်နေသော အစိုးရများ နှင့် စီးပွားရေး လုပ်ငန်းများကို ရပ်တန့်စေရန် တားဆီးသည့် အကောင်းဆုံး နည်းလမ်းများကို စဉ်းစားမိပါသလား ။

## ၃။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း နှင့် သဘာဝပတ်ဝန်းကျင်

ဂလိုဘယ်လိုက်ဇေးရှင်း၏ အကျပ်အတည်း အချို့မှာ သဘာဝပတ်ဝန်းကျင်အကျိုး နှင့်ဆက်စပ် နေသည့် အချက်များဖြစ်သည် ။ အချို့ ကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေ အားနည်းသည့် နိုင်ငံများကို တမင်ရှာ၍ အလုပ်ရုံများ တည်ဆောက်ကြသည် ။ စရိတ်စကသက်သာ၍ အမြတ်များများ ရသော ကြောင့်ဖြစ်သည်။ အိမ်ရှင် နိုင်ငံများကလည်း ကုမ္ပဏီ ထွက်သွားမည်ကို စိုးရိမ်သဖြင့် မိမိတို့ ဥပဒေများကို အပြောင်းလဲမလုပ်လိုကြခြေ။ ကမ္ဘာ့ လူအများ စိုးရိမ်နေသည်မှာ ဆင်းရသော်နိုင်ငံများက ချမ်းသာသောနိုင်ငံများ နှင့် နိုင်ငံစုံ ကုန်သွယ်ရေးကော်ပိုရေးရှင်း များအား သဘာဝသယံဇာတပစ္စည်းများ ရောင်းချနေခြင်း ဖြင့် လေထု ညစ်ညမ်းမှု နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြုံရမည်ကိုဖြစ်သည် ။

### ဗိဇပ်ပဲနှင့်အမဇုံမိုးသစ်တော



ဗိဇပ်ပဲ သည်စားသောက်ကုန်အမျိုးမျိုးပြုလုပ်ရာတွင်သုံးသည် ။ တိုဟူး ၊ ပဲနို့ ဆော့များ နှင့် တိရိစ္ဆာန် အစားအစာ ပါ ပြုလုပ်နိုင်သည် ။ လွန်ခဲ့သော ၁၀ နှစ်အတွင်း ဗိဇပ်ပဲ လိုအပ်မှု မြင့်တက်လာသည် ၊ အထူးသဖြင့် တရုတ်ပြည်နှင့် ဥရောပတွင်ဖြစ်သည် ။လိုအပ်မှု မြင့်တက်လာသည်နှင့်အမျှ ဗိဇပ်ပဲ ဈေးနှုန်းကလည်း ချက်ချင်း မြင့်တက်လာသည် ထိုကြောင်း တောင်သူများက အဓိကထား စိုက်လာကြသည် ။

၁၉၉၇ တွင်ဘရာဇီး သိပ္ပံပညာရှင်များက ဘရာဇီး နိုင်ငံ ရာသီဥတုတွင် စိုက်ပျိုး ကြီးထွားနိုင်သည့် ဗိဇပ်ပဲမျိုးစိတ်သစ် တခုမွေးထုတ်နိုင်ခဲ့သည် ။ ၁၉၉၉ ခုနှစ်မှစ၍ ဘရာဇီးတွင် ဗိဇပ်ပဲ ထုတ်လုပ်မှု ၁၅ ရာနှုန်းမြင့်တက်လာခဲ့သည် ။ ယခုအခါ ဘရာဇီးတွင် များစွာသော နိုင်ငံစုံ စားသောက်ကုန် ကော်ပိုရေးရှင်းများသည် ဗိဇပ်ပဲ ထုတ်လုပ်ရေး လုပ်ငန်း လုပ်ကိုင်နေကြသည် ။

ဤအချက်သည် ဘရာဇီး တောင်သူများအတွက် ကောင်းနေသည့်တိုင် အရေးကြီးသော ပြဿနာတရပ်က ရှိနေသည် ။ ဗိဇပ်ပဲ စိုက်ရန် လုံလောက်သော မြေများရရန်အတွက်ဘရာဇီးတောင်သူများ သည် အမဇုံမိုးသစ်တောကြီး၏ သစ်တောဧကများစွာအားခုတ်ထွင်ဖြတ်တောက်ကြခြင်းဖြစ်သည်။ အမေဇုံသစ်တော ပြုန်းတီးမှု ဖြစ်နေသည်မှာ နှစ်ကာလ ကြာပြီဖြစ်သော်လည်း ၊ ပဲစိုက်ပျိုးမှုကြောင့် ဖြစ်သည့် သစ်တောပြုန်းတီး သည့် နှုန်းမှာ သိသာထင်ရှားလှသည် ။




အမေဇုံ သည် ကမ္ဘာ့အကြီးဆုံးမိုးသစ်တောဖြစ်သည် ။ တောင်အမေရိက၏ ၄၀ ရာနှုန်းကိုဖုံးလွှမ်းထားသည် ၊ ရှားပါးသော တိရိစ္ဆာန်မျိုးစုများ ၊ သစ်ပင်မျိုးစိတ်များ မှီခိုရာဖြစ်သည် ။ အမေဇုံတော၏ အပင်များက ကမ္ဘာ့ ၂၀ ရာနှုန်းသော အောက်စီဂျင်ဓါတ်ငွေ့ကို ထုတ်ပေးပြီး များစွာသော အပင်များသည် ဆေးဘက်ဝင်အပင်များဖြစ်ကြသည် ။

ခန့်မှန်းခြေအားဖြင့် တနှစ် တနှစ်တွင် သစ်တောခုတ် ဧကပေါင်း ၃၂၀၀၀ ရှိသည် ။ (ကရင်ပြည်နယ်နှင့် အကျယ်ဝန်း တူဖြစ်သည် ) ။ လက်ရှိနှုန်း အရဆိုလျင် အမေဇုံမိုးသစ်တောသည် နှစ်၅၀ အတွင်း လုံးဝပြုန်းတီး ပျောက်ပျက်သွားပါလိမ့်မည်။ မျိုးစု ၁၃၇ ခုခန့်ရှိ အပင်များ ၊ တိရိစ္ဆာန်များ ၊ အင်းဆက်များသည် နေ့စဉ်နှင့် အမျှ သတ်ဖြတ် ဖျက်စီးခြင်းကို ခံနေကြရသည် ။

**အတွဲလိုက်လေ့ကျင့်ခန်း**

သဘောပေါက်နားလည်ရေး ။ အထက်အကြောင်းအရာနှင့်ပါတ်သက်၍ သင့်လျော်သော မေးခွန်း ၃ ခု ကိုစဉ်းစားပါ ။ မေးခွန်းကို အခြားအတွဲများနှင့် ဖလှယ်ပါ။ ဖြေကြည့်ကြပါ ။

**ပြန်လှန်ဆွေးနွေးခြင်း**

ဂလိုဘယ်လိုက်ဇေးရှင်းသည် အာရှတိုက် အပေါ် မည်သို့ အကျိုးထိခိုက် စေသနည်း ။ အခြားနမူနာ များကိုဖော် ပြပါ ။

## ၄။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း နှင့် မြေ အခွင့်အရေးများ

ဇရိယာ နယ်မြေ တခု တွင် သဘာဝသယံဇာတပစ္စည်းများ အမှန်တကယ် တန်ဖိုး ရှိလာပြီ ဆိုပါလျှင် ၊ ထိုနယ်တွင်နေထိုင်သူများအဖို့ မိမိမြေ၏ အခွင့်အရေးကို ကာကွယ်ရန် ခက်ခဲလာသည် ။ အမျိုးသား အစိုးရ နှင့် နိုင်ငံစုံ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ အတူပေါင်း၍ လူ့အသိုင်းအဝန်းတခုကို သူတို့အခွင့်အရေး ရှိသောမြေမှ ဖယ်ထုတ်ခြင်းမျိုး အဖြစ်အပျက်များ အများအပြားရှိခဲ့ဖူးသည် ။ ဥပဒေ အားပျော့ပြီး အဂတိလိုက်စားမှု ကျယ်ပြန့်သော တိုင်းပြည်များတွင် ဤပြဿနာများ ထင်ရှားစွာတွေ့ရသည် ။ ဒေသဆိုင်ရာလူထုသည် ဈေးချိုသော အလုပ်သမား အဖြစ်ထက် အနည်းငယ်ပို၍သာမျှော်လင့် နိုင်ပြီး ၊ အကျိုး အနည်းငယ်သို့မဟုတ် အကျိုးအမြတ်မရှိပဲ မိမိ၏ သဘာဝပတ်ဝန်းကျင်ကို ဖျက်စီးမှုတွင် ပါဝင်လိုက်ရသည် ။

### ဖရီးပို့ မိုင်းတွင်း ၊ အနောက်ပါပူဝါ ၊ အင်ဒိုနီးရှား ။




အနောက်ပါပူဝါ ရှိ အကြီးဆုံး သတ္တုတွင်း ကုမ္ပဏီ မှာ အမေရိကန်အခြေစိုက် ဖရီးပို့ မက် မော်ရန် ကြေးနီ နှင့် ရွှေ တူးဖော်ရေးဖြစ်သည် ။ ကုမ္ပဏီသည် ၁၉၆၇ တွင် ပါပူဝါ သို့ဝင်ရောက်သည် ။ ဖရီးပို့ သည် ယခုအခါတွင် ကမ္ဘာ့ အကြီးဆုံး ရွှေ တွင်းဖြစ်ပြီး ၊ ကမ္ဘာ့ တတိယ အကြီး ဆုံး ကြေးနီ တွင်းဖြစ်သည် ။ မိုင်းတွင်းကို ရာဂဏန်း ရှိသော အင်ဒိုနီးရှား စစ်သား နှင့် ပုလိပ် များကစောင့်ရှောက်သည်။ ကုမ္ပဏီက လစာ များစွာပေးထားသည် ။ ယင်းသတ္တုတွင်း တည်ရှိသည့် ထိုနယ်မြေသည် အမောန်း လူမျိုးစုတို့ ပိုင်ဆိုင်ရာ ၊ နေထိုင်ရာဖြစ်သည် ။ သို့ဖြစ်ငြားလည်း သတ္တုတွင်း ကုမ္ပဏီ နှင့် အင်ဒိုနီးရှား အစိုးရတို့က သူတို့၏ မြေအခွင့် အရေး ကိုလစ်လျူရှုထားကြသည် ။

မိုင်းတွင်းဆောက်လုပ်ရာတွင် မိုင်းတွင်းအနီးရှိ ဇယဝိဇယ တောင်ထိပ်မှ မြေ တန်ချိန် သန်းပေါင်း များစွာကို ဖြိုချဖယ်ထုတ်ရန် လိုအပ်သည် ။ အမောန်း လူမျိုးစုများသည် ထိုကိစ္စ အတွက် အလွန် စိတ် မချမ်းမသာ ထိခိုက်ခံစားခဲ့ကြရသည် ။ အမောန်းတို့၏ ယုံကြည်မှုမှာ ဇယဝိဇယ တောင်သည် သူတို့ကိုးကွယ်ရာ မိခင်ကြီး၏ ဦးခေါင်း ဖြစ်သည် ။ သူတို့အဖို့ ဖရီးပို့သည် တောင်ထိပ်ကိုဖြို၍ မိခင်ကြီး၏ ခေါင်းအား ဖြတ်ခဲ့ ပြီးပြီ ၊ နောက်ထပ် မိခင်ကြီး၏ နှလုံးသားအား တူးယူနေပြန်ခြင်းဖြစ်သည် ။ မိုင်းတွင်းနှင့် ဆိပ်ကမ်းဆောက် ရန် အတွက် ၊ အမောန်း လူမျိုးတို့၏ ခွင့်ပြုချက်မရှိပဲ မိုးသစ်တော၏ အလွန်ကြီးသော ဇရိယာ နှင့် မင်းဂွတ်ပင် များ ကို ခုတ်ထွင်ရှင်းလင်းပစ်ခဲ့သည်။ အဓိကမြစ်ကြီးများသည် မိုင်းတွင်း၏ ဘေးထွက်ပစ္စည်း များကြောင့် ရေထု ညစ်ညမ်းမှုရှိနေသည် ။ မြစ်တွင်း သတ္တဝါများ နှင့် သန္တာကျောက်တန်း တို့မှာ အတူဖျက်စီး ခံကြရသည် ။ မိုင်းတွင်းမှ ထုတ်လိုက်သည့် မြောက်မြားစွာသော သဲများကြောင့် စိုးရိမ်ဘွယ် ရေလွှမ်းမိုးမှုများနှင့် ရေတိုက်စားမှု ကြုံတွေ့နေရသည် ။



အနောက် ပါပူဝါဆန္ဒပြသူများ နှင့်ရဲများအချင်းချင်းတိုက်နေသည်

၁၉၇၇ ခုမှစ၍ အမောန်းလူမျိုးများသည် မိုင်းတွင်းကြောင့်ဖြစ်သည့် ပျက်စီးမှုများအား ခုခံကာကွယ်ရန် ကြိုးစားခဲ့ကြသည်။ စီတန်းလှည့်လည်ဆန္ဒပြပွဲများသည် အမြဲတမ်းလိုလို အင်ဒိုနီးရှား ပုလိပ် နှင့် စစ်တပ်၏ အကြမ်းဖက်ဖြိုခွဲခံရသည် ။ ခုခံရေး ခေါင်းဆောင်များ မှာ အနှိပ်စက် ခံ ထောင်ချခံရသည်။ သို့သော်လည်းအမောန်းများအတွက် အောင်မြင်မှုတခုတော့ ရပါသည် ။ ၁၉၉၆ တွင်ကြီးမားသော ဆန္ဒပြပွဲကြီး တခု အပြီး ၊ မိုင်းတွင်းကြောင့် ထိခိုက်ခံရသည့် မြေပေါ်ရှိသူများ အတွက် အထောက်အကူပြုရန် ၊ ဖရီးပို့ ကုမ္ပဏီက မြေပိုင်ဆိုင်မှု ယုံကြည်ချက်စာချွန် ပြုလုပ်ဖို့ သဘောတူခဲ့သည် ။ သဘောတူညီချက် ၏ စည်းကမ်းများ နှင့်တန်ဘိုး ကိုယခုတိုင်သဘောတူညီမှုမရသေးခြေ။ အကြမ်းဖက်မှုများကား ယနေ့တိုင်ဆက် လက်ရှိနေဆဲပင်ဖြစ်ပါသည်။

#### အတွဲလိုက်လေ့ကျင့်ခန်း

အမှန် ၊ အမှား ရွေးပါ ။ ဆရာပေးသော သင်ခန်းစာကို လုပ်ပါ ။

#### အပြန်လှန်ဆွေးနွေးခြင်း

သင့်အား အမောန်း လူမျိုးစုများနှင့် အင်ဒိုနီးရှားအစိုးရ အကြား စေ့စပ်ရေး ဆောင်ရွက်ရန် စေခိုင်းခံရ လျှင် ၊ မည်သည့် (အမျိုးအစား) သဘောတူညီချက်မျိုး ရအောင် သင်ကြိုးစားမည်နည်း ။အငြင်းပွားမှုကို မည်သို့ ဖြေရှင်းမည်နည်း ။ မြေနှင့်ပါတ်သက်၍ မည်သူက အခွင့်အရေး ပိုမို ရထိုက်သနည်း ။

## ၅။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း နှင့် နိုင်ငံတော် အချုပ် အချာအာဏာ

အချုပ်အချာ အာဏာဆိုသည်မှာ မိမိကိုယ်ပိုင်နယ်နိမိတ် အတွင်း ၊ နိုင်ငံတော် ( အစိုးရနှင့် လူထု) ၏ လွတ်လပ်ရေး နှင့် အမြင့်ဆုံးလုပ်ပိုင်ခွင့် ဖြစ်သည် ။ ဂလိုဘယ်လိုက်ဇေးရှင်း နှင့်အတူ အမျိုးသားစီးပွားရေးသည် ဂလိုဘယ်စီးပွားရေး နှင့် ပေါင်းစည်းသွားမှုမှာ ပို၍တိုးလာနေသည် ။ နိုင်ငံတော်အစိုးရသည် မိမိ စီးပွားရေးကို ထိန်းချုပ်နိုင်မှု လျော့နည်းလာသည် ၊ မိမိ၏ စီးပွားရေးလှုပ်ရှားမှု များစွာသည် မိမိပိုင်နက် နှင့် တရားစီရင်ခွင့်၏ အပြင်ဘက်တွင် လုပ်လာရသောကြောင့်ဖြစ်သည် ။ အမျိုးသား စီးပွါးရေးဥပဒေများ ပြဋ္ဌာန်းနိုင်သော်လည်း ဩဇာလွှမ်းနိုင်စွမ်းမှာ အကန့်အသတ် နှင့်ဖြစ်သည် ။ ကမ္ဘာ့ဘဏ် ၊ ဒဗလျူတီအို ၊ အိုင်အမ်အက်ဖ် ( အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေ အဖွဲ့) တို့က ယင်းဥပဒေတို့ကိုကျော်လွန်၍ ဆုံးဖြတ်ချက်ချခွင့်ရှိနေသည် ။ အာဏာ အပြည့်ရှိသော နိုင်ငံစုံ ကုန်သွယ်ရေး ကော်ပိုရေးရှင်းကြီးများ ကြီးထွားနေကြပြီး ၊ ပိုမြင့်သော အမြတ်အစွန်း ၊ သယံဇာတပစ္စည်းများ၊ စားသုံးသူများကို ကမ္ဘာတဝှမ်း လှည့်လည်ရှာဖွေယူနေကြသည် ။ များစွာသော ဆင်းရဲ သောနိုင်ငံတို့၏ စီးပွရေးကို မိမိအစိုးရ သဘောတူညီချက်ဖြင့် ဤကော်ပိုရေးရှင်းကြီးများက အုပ်စီးထားသည်ကို တွေ့နေရသည် ။ ဤသို့ဖြင့် (စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းက) နိုင်ငံသားတို့၏ အခွင့်အရေး နှင့် နိုင်ငံတော် အချုပ်အချာအာဏာကို ခြိမ်းခြောက်လျက်ရှိသည် ။

### ကိုလံဘီယာ ၊ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း၏ သားကောင် တကောင်




ကိုလံဘီယာသည် လူဦးရေ သန်း၄၀ ရှိ တောင်အမေရိက နိုင်ငံတခုဖြစ်သည် ။ သူ့နိုင်ငံ၏ အနီးကပ် သမိုင်း တွင်ပင် ကိုလံဘီယာ နိုင်ငံသည် ပြည်တွင်းစစ်များနှင့် အာဏာသိမ်းမှုများကို ခံစားခဲ့ရသည်။ လွန်ခဲ့သောနှစ် ၄၀ အတွင်း ယင်းနိုင်ငံကို တရားမဝင်ကိုကင်း အစုအပြုံလိုက်ထုတ်သောနိုင်ငံအဖြစ် သိကြသည်။ သို့ဖြစ်ငြားလည်း ကိုလံဘီယာသည် ရေနံ ၊ သဘာဝဓါတ်ငွေ့ ၊ ကျောက်မီးသွေး ၊သံ ၊ နိကယ် ၊ ရွှေ ၊ ကြေးနီ ၊ မြ ၊ နှင့် သစ်တော စသည့် သဘာဝသယံဇာတ ကြွယ်ဝသည် ။ နှစ်အနည်းငယ်အတွင်းကပင် နိုင်ငံစုံကုန်သွယ်ရေးကော်ပိုရေးရှင်း ကြီးများ ဝင်ရောက်မှု တိုးပွားလာသည် ၊ အထူးသဖြင့် အမေရိကန်နိုင်ငံက ဤသယံဇာတများကို အမြတ်ထုတ် လျက်ရှိသည် ။ တိုက်ဖျက်ရေး ၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု အတွက် ၊ကိုလံဘီယာ အစိုးရအား စစ်ရေးနှင့် စီးပွားရေး အကူအညီပေးရန်ဖြစ်သည် ။မည်သို့ပင်ဖြစ်စေ လူအများဝေဖန် သည့်အချက်မှာ ကိုလံဘီယာ၏ စီးပွားရေးအား အမေရိကန် ထိန်းချုပ်မှု ချွင်းချက်ဖြစ်သည် ။ အမေရိကန် နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများသည် ကိုလံဘီယာ အစိုးရ အုပ်ချုပ် သည့်နယ်မြေမှ သဘာဝ သယံဇာတ ပစ္စည်းများကို အဆက်မပြတ် ရရှိနေဆဲဖြစ်သည် ဟုပြောဆိုကြသည်။ ကော်ပိုရေးရှင်း ကြီးများသည် မိမိအကျိုးကို ကာကွယ်ရန်နှင့် ဆန့်ကျင် ဘက်ကို ဖြိုခွဲရန် အရံစစ်တပ် ကို အသုံးပြုကြောင်းလည်း စွပ်စွဲနေကြသည် ။

လူ့အခွင့်အရေး ချိုးဖေါက်မှု မှတ်တမ်း များစွာလည်းရှိသည် ။ အောက်စီဒင်တယ် ပက်ထရိုလျံ ကုမ္ပဏီ အား ၁၉၉၈ ခုနှစ် စန်တီယာကို ကျေးရွာသားများအား သတ်ဖြတ်မှုတွင် ငွေကြေး အကူအညီပေးကြောင်း စွပ်စွဲ ချက်ရှိခဲ့ဖူးသည် ။ ၂၀၀၁ ခုတွင် ကိုကာ ကိုလာ အချိုရည်ဗူး ကုမ္ပဏီ နှင့် ဒရမ်မောင်း အမေရိက မိုင်းကုမ္ပဏီ နှစ်ခုသည် အရံစစ်တပ် ငှါးရမ်း၍ အလုပ်သမားသမဂ္ဂ အဆင့်မြင့်ခေါင်းဆောင်များကို သတ်ဖြတ်ကြောင်း စွဲဆိုချက် လည်းရှိပါသည် ။ လူပေါင်း ၃ သန်းသည် ၁၉၈၅ ကတည်းက အစမ္ပနေရာ ပြောင်းရွှေ့ခံခဲ့ရသည် ၊ ထိုနေရာရှိ သဘာဝ သယံဇာတ ပစ္စည်းများမှာလည်း စုတ်ယူခံရသည်သာ ဖြစ်သည် ။ သို့ဖြစ်ငြားသော် လည်း နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများသည် ၊ ကိုလံဘီယာ အစိုးရ၏ထောက်ခံမှုဖြင့် ကိုလံဘီယာ နိုင်ငံတွင် ဆက်လက်တိုးချဲ့ နေကြဆဲပင်ဖြစ်သည် ။

**ကိုယ်တိုင်လုပ်ရန်**

နားလည်သဘောပေါက်စေခြင်း ။ ဆရာပေးသည့် သင်ခန်းစာကို လုပ်ပါ။

**အပြန်လှန် ဆွေးနွေးခြင်း**

ကိုလံဘီယာပြဿနာကို သင်မည်သို့ဖြေရှင်းမည်နည်း ။ နိုင်ငံတော် အချုပ်အချာအာဏာကို မည်သို့ကာကွယ်မည်နည်း ။

# ၁၉ ။ ဘဏ္ဍာရေး အကြပ်အတည်း

**အတွဲလိုက်လေ့ကျင့်ခန်း**

**၁။** ဘဏ္ဍာရေး အကြပ်အတည်း ဆိုသည်မှာ အဘယ်နည်း ။ ဘဏ္ဍာရေး အကြပ်အတည်း တခုကို ဖြစ်စေသော အကြောင်းတရား နှင့် ဖြစ်ပေါ်သော အကျိုးတရား သည် အဘယ်နည်း ။

ဘဏ္ဍာရေး အကြပ်အတည်း ဆိုသည်မှာ ကြီးမားသောငွေကြေးပမာဏ (သို့တည်းမဟုတ်) ဘဏ္ဍာရေး အဆောက်အအုံ တို့၏ တန်ဘိုးများ အချိန်တိုအတွင်း ဆုံးရှုံးခံရသည့် ကာလ ကိုဆိုသည် ။ လက်ရှိ ကာလ (၂၀၁၁ နှောင်းပိုင်း ) ကမ္ဘာကြီးသည် ကြီးစွာသော ဘဏ္ဍာရေး အကြပ်အတည်း ဖြစ်နေသည် ။ ဤ အကြပ် အတည်းသည် ၂၀၀၀ ကျော်နှစ်များက စတင်ခဲ့ပြီး ၊ စီးပွါးရေးပညာရှင်တို့က ၁၉၂၉ ခုနှစ် နောက်ပိုင်း အဆိုးဝါး ဆုံး အကြပ်အတည်း ဟုဆိုကြသည် ။ ဂလိုဘယ်လိုက်ဇေးရှင်း သည် ဘဏ္ဍာရေး အဆောက်အအုံတို့ နှင့် ဆက်စပ်နီးနွယ် နေသည့်အပြင် ၊လူတို့သည် နိုင်ငံတကာ စီးပွါးရေး လုပ်ငန်း များကို ပို၍ ပို၍ လုပ်ကိုင်နေ သဖြင့် ၊ လက်ရှိ အကြပ်အတည်းသည် ကမ္ဘာကြီး တခုလုံးကို ထိခိုက်စေသည် ။ နယူးယောက်မြို့ တွင် ဖြစ်ပွါး သည့် ဘဏ္ဍာရေး အကြပ်အတည်းသည် မည်မျှသေးငယ်သည်ဖြစ်စေ ရန်ကုန်မြို့ကိုပါ ထိခိုက်ပေလိမ့်မည် ။

ဘဏ္ဍာရေး အကြပ်အတည်း အမျိုးအစား များစွာ ရှိပြီး၄င်းတို့သည် အမြဲတမ်း ဆက်နွယ်နေတတ်သည် ။ အဓိက အကြပ်အတည်း (၄) မျိုး ရှိပါသည် ။

**၁။** ဘဏ် အကြပ်အတည်း ။

**၂။** လှောင်ထားသောပစ္စည်း၏ တန်ဘိုးများ လေဘူဘောင်း (ဈေးဖေါင်းပွမှု) ဖြစ်ခြင်း နှင့်ဈေးပြိုကွဲခြင်း။

**၃။** ငွေကြေး အကြပ်အတည်းဖြစ်ခြင်း ။

**၄။** စီးပွားရေး အကြပ်အတည်း ပြန့်ပွားခြင်း ။




အင်္ဂလန်နိုင်ငံ နော်တန်ရော့ ဘဏ်မှာ မတ်တတ်ရပ်စောင့်နေသည် လူအုပ်

### ၁။ ဘဏ် အကြပ်အတည်း ။

ဘဏ် တို့သည် ချေးယူသူ များကို ငွေချေးငှါးပေးသည် ။ ထိုချေးငှါးပေးသော ငွေများသည် ဘဏ်တွင် ငွေစုထားသူများပိုင်သည့် ငွေကြေးများ သာဖြစ်သည် ။ အမြဲလိုလိုပင် ဘဏ်တို့သည် ငွေချေးသူများ အား ချေးငှါးရန် ငွေကြေးအလုံအလောက် မရှိကြပေ ။ သို့သော် သည်အတွက် ပြဿနာ မဖြစ်ပါ အဘယ်ကြောင့်ဆိုသော ငွေစုသူများက မိမိတို့ပိုင်ငွေများကို တပြိုင်တည်းတွင် ထုတ်ယူလိုခြင်းမျိုး သာမန်အားဖြင့် မရှိသောကြောင့်ဖြစ်သည် ။ သို့ရာတွင် ငွေစုသူတို့ က မိမိတို့၏ ဘဏ် အပေါ် စိုးရိမ်စိတ် ရှိလာလျှင် ၊ အများအားဖြင့် မိမိတို့ပိုင် စုငွေကို ပြန်လည်ထုတ်ပေးရန် ဘဏ်တွင် ငွေမလုံလောက်ဟု ထင်မြင်လာသော အခါမျိုးတွင် ၊ လူအစု အပြုံအလိုက် တပြိုင်တည်း ဘဏ်မှ ငွေထုတ်ယူကြရန် ကြိုးစား ကြသည် ။ ဤ သည်ကို ဘဏ်ပြေး ဟု ခေါ်ကြသည် ။ ဘဏ်ပြေး မှု ကြီးမားလာလျှင် ဘဏ်ပိတ်၍ လူမွဲစာရင်းဝင် (ဒေဝါလီ ) ခံ ရတော့၏ ။

### ၂။ လှောင်သောပစ္စည်းတန်ဘိုးများလေဘူဘောင်း (ဈေးဖေါင်းပွမှု) ဖြစ်ခြင်း နှင့် ဈေးပြိုကွဲခြင်း ။

ရင်းနှီးမြှုပ်နှံသူများ သည် ပိုင်ဆိုင်ပစ္စည်းများ ကုန် ၊ စာချုပ်စာတမ်း၊ ပုံသေပိုင်ပစ္စည်း၊ မူပိုင် ခွင့် ၊ စတော့ရှယ်ရာ – စသည့် အက်ဆက် များကို ဝယ်ယူ၍ နောင်တချိန်တွင် အမြတ်ဖြင့်ရောင်းရန် စု ဆောင်း ထားတက်(လှောင်ခြင်း – အောင်းခြင်း) ကြသည် ။ ဤသည်ကို ဈေးမျှော် မြှုပ်နှံခြင်း (ဈေးက စားခြင်း) ဟုခေါ်သည် ။ ‘လေဘူဘောင်း’ (ဈေးဖေါင်းပွမှု) ဖြစ်ခြင်းသည် စုဆောင်းထားသော ပိုင်ဆိုင်ပစ္စည်း ၏ ဈေးနှုန်းများ အမှန်တကယ်တန်ဘိုးထက် ကြီးမားမြင့်တက်လာသည့် ကာလကို ဆိုလိုသည်။ ‘ဈေးပြိုကွဲခြင်း’ သည် လှောင်ထားသော ပိုင်ဆိုင်ပစ္စည်း ၏ ဈေးနှုန်းများ အမှန်တကယ် တန်ဘိုးထက် လျော့နည်း ကျဆင်းခြင်း ကိုခေါ်သည် ။ (ထိုသို့များ ဖြစ်လာလျှင်) နောင်ကာလတွင် ဈေးကျ တော့ မည်ဖြစ်သဖြင့် ပိုင်ဆိုင် ပစ္စည်းများကို တတ်နိုင်သမျှ အမြန်ဆုံး ရောင်းထုတ်ရန် ကြိုးစားကြ သည် ။

## ၃။ ငွေကြေး အကြပ်အတည်း ဖြစ်ခြင်း ။





ငွေကြေးတရပ်၏ တန်ဘိုး တဟုန်ထိုး မြင့်တက်မှု (သို့မဟုတ်) ကျဆင်းမှု ရှိလာလျှင် ငွေကြေး အကြပ်အတည်းဖြစ်ခြင်း ဟုခေါ်သည် ။ အများအားဖြင့် ငွေလဲနှုန်းကို ပုံသေသတ်မှတ် (ချိတ်ဆက်) ထားသော နိုင်ငံများတွင် ဖြစ်ပွါးတတ်သည် ။ ထိုနိုင်ငံ တို့သည် မိမိ၏ ငွေကြေး (အေ) နှင့် နိုင်ငံခြား ငွေကြေး (ဘီ) ကို ငွေလဲနှုန်း ပုံသေ သတ်မှတ်ထားကြသည် ။ ဥပမာ အားဖြင့် ဟောင်ကောင် ဒေါ်လာ (၇.၈ ) ကို အမေရိကန် (တစ်) ဒေါ်လာနှင့် ငွေလဲနှုန်း ပုံသေသတ်မှတ်ခြင်းမျိုး ဖြစ်သည် ။

အကယ်၍ငွေကြေး (အေ) ၏ တန်ဘိုးကို တည်ငြိမ်အောင် ထိန်းသိမ်းရန်အတွက် ၊ ထိုနိုင်ငံပိုင် ဗဟိုဘဏ်တွင် အရန် ရံပုံငွေအဖြစ် ငွေကြေး (ဘီ) လုံလုံလောက်လောက် ရှိပြီး ၊ ငွေကြေး (ဘီ) ကို ရောင်းခြင်း ဝယ်ခြင်း ပြုနိုင်ရမည် ။ ဤသို့ဖြင့် နှစ် နိုင်ငံ၏ ရောင်းလိုအား နှင့် ဝယ်လိုအား တို့ အတိုး အလျော့ ဖြစ်နေပြီး ၊ ငွေတန်ဘိုးသည် တသမတ်တည်းရှိပေမည် ။

ရင်းနှီးမြှုပ်နှံသူတို့က ငွေကြေး (အေ) အပေါ် မယုံမကြည်ဖြစ်လာလျှင်(အကယ်၍ (အေ ) သုံးသော နိုင်ငံတွင် ငွေကြေး ဟန်ချက် ကို ထိန်းနိုင်ရန် လုံလောက်သော နိုင်ငံခြားငွေ မရှိ ဟု ထင်မြင်သောအခါ ) ငွေကြေး (အေ) ကို ရောင်းထုတ်ကြမည် ။ ငွေ (အေ) တန်ဘိုးကျမည် ၊ ထုတ်ရောင်းသူ ပိုများလာမည် ။ ဒေသခံ လူထုကလည်း နိုင်ငံခြားငွေ ဝယ်ရန် ကြိုးစားကြမည် ၊ အဘယ်ကြောင့်ဆိုသော်နိုင်ငံခြားငွေကြေးက မိမိတို့ ပြည်တွင်း ငွေထက် ခိုင်မာပြီး ပိုမို တန်ဖိုး ကြီး လာသောကြောင့်ဖြစ်သည် ။

## ၄။ စီးပွါးရေး အကြပ်အတည်း ပြန့်ပွါးခြင်း ။

ဆိုးကျိုးဖြစ်စေသော 'စုစုပေါင်း ပြည်တွင်းထုတ်ကုန်' (ဂျီဒီပီ) ကြီး ထွားမှု သည် ၆လ (သို့မဟုတ်) ၆ လထက်ပိုမို ကြာရှည်ပါကဌင်းကို ' စီးပွါးရေး ကျဆင်းမှု' ( ရီဆက်ရှင်း) ရသည်ဟုခေါ်သည် ။ ဆိုးကျိုးရှိစေသောကြီး ထွားမှု ကာလ အလွန် ကြာရှည်လာသော် ' စီးပွား ရေးပျက်ကပ်' (ဒီပရက်ရှင်း) ကျရောက်ပြီဟု ခေါ်သည် ။ ဤ အကြပ်အတည်းများ ဖြစ်စေသည့် အကြောင်းအချက် များမှာ ရှုပ်ထွေးမှုရှိပြီး ၊ ဘဏ်ပြေးမှုများ ၊ ပြိုကွဲမှုများ ၊ ငွေကြေး တန်ဘိုးကျဆင်းမှုများ အပါအဝင် အလုပ်လက်မဲ့ ပေါ်များခြင်း ၊ ကုန်စည် နှင့် ဝန်ဆောင်မှု ဝယ်လိုအား ကျဆင်းခြင်း တို့ ပတ်သက်နေတတ်သည် ။

**အတွဲလိုက်လေ့ကျင့်ခန်း**

**၁။** အောက်ရှိ ဘဏ္ဍာရေး အကြပ်အတည်း ဆိုင်ရာ မေးခွန်းများကို ဖြေကြားပါ ။

**က။** ဘဏ်ရှိ မိမိတို့ပိုင်သမျှ စုငွေများကို လူအစုအပြုံလိုက် အမြန်ဆုံး ထုတ်ယူလိုကြသည်မှာ အဘယ်ကြောင့် နည်း ။

**ခ။** ကုန်ပစ္စည်းများ တန်ဘိုးမဲ့ လာပြီဟု လူများက ထင်မြင်သောအခါ လေဘူဘောင်း (ဈေးဖေါင်းပွမှု) ဖြစ်ပေါ်သည် ။ မှန်သည် (သို့) မှားသည် ကိုဖြေပါ ။

**ဂ။** လူတို့က မိမိတို့၏ ပိုင်ဆိုင်ပစ္စည်းများအား ဈေးကျချိန်တွင် တပြိုင်ထည်း ထုတ်ရောင်းလို သောအခါ ဈေးပျက်မှု (ဈေးပြိုကွဲမှု) ဖြစ်ပေါ်သည် ။ မှန်သည် (သို့) မှားသည် ကိုဖြေပါ ။

**ဃ။** အစိုးရတို့အနေဖြင့် မိမိ၏ ဗဟိုဘဏ်တွင် နိုင်ငံခြားငွေကြေးကို အရန်ငွေအဖြစ် စုဆောင်းထား သည်မှာ အဘယ်ကြောင့်နည်း ။

**င။** ရင်းနှီးမြှုပ်နှံသူများက မိမိတို့၏ ပိုင်ဆိုင်ပစ္စည်းများကို တပြိုင်နက် ထုတ်ရောင်းကြလျှင် ငွေကြေး ၏ တန်ဘိုးကို မည်သို့ ဖြစ်စေသနည်း ။

**စ။** နိုင်ငံတချို့တွင် လူထုက မိမိနိုင်ငံသုံးငွေ အစား ဒေါ်လာကို ရလိုသည်မှာ အဘယ်ကြောင့်နည်း ။

**ဆ။** နိုင်ငံတခုတွင် မည်သည့် ဖြစ်ရပ် ၊ မည်သည့် ပြဿနာက စီးပွား ရေး အကြပ်အတည်း ပြန့် ပွားမှု လက္ခဏာ ဖြစ်သနည်း ။

အတွဲလိုက်လေ့ကျင့်ခန်း

၂။ အနီးကပ် ကမ္ဘာ့သမိုင်းရှိ ဘဏ္ဍာရေး အကြပ်အတည်းများဖြစ်သော အောက်ပါ ဖော်ပြချက် (၅)ရပ်ကို ကြည့်၍ အသီးသီးသည် မည်သည့် အကြပ်အတည်း အမျိုးအစားဖြစ်ကြောင်း သတ်မှတ်ပါ ။

**(က) ဝေါလမ်းမ စျေးပြိုကွဲမှု ၊ အမေရိကန် နိုင်ငံ ၊ ၁၉၂၉ ။**




၁၉၂၀ စုနှစ်များတွင် အမေရိကန်နိုင်ငံသည် ချမ်းသာကြွယ်ဝမှု၏ ဌာနေကြီး တခုဖြစ်သည် ။ စတော့ စျေးကွက် ကုမ္ပဏီများတွင် အစုရှယ်ယာ အရောင်းအဝယ်ကို ရင်းနှီးမြှုပ်နှံသူ အမြောက်အမြား ပါဝင် လုပ်ကိုင်ကြသည် ။ ၁၉၂၀ စုအတွင်း အစုရှယ်ရာ တန်ဘိုး တိုးတက်မှုသည် ၆ နှစ်တိုင်ရှိခဲ့သည် ။ အချို့ သူများသည် အစုရှယ်ယာများ ကို မိမိ၏ အသက်အာမခံစုငွေဖြင့်ပင် ဝယ်ကြသည် ။ ဘယ်သောအခါမျှ တန်ဘိုး ကျနိုင်မည် မဟုတ်ဟု အများက ထင်မှတ်ထားကြသည် ။


ထိုသို့ ထင်မှတ်ထားသော အစုရှယ်ယာ တန်ဘိုး သည် ၊ ၁၉၂၉ ခု အောက်တိုဘာ ၂၄ ကြာသပတေးနေ့ တွင် စပြီး ကျတော့ သည်။ တရက်ထည်း ၁၁ ရာနှုန်း ကျဆင်းသွားသည် ။ နောက်ရက် တနင်္လာနေ့တွင် ၁၃ ရာနှုန်း ကျသည် ။ နောက်နေ့တွင် နောက်ထပ် ၁၂ ရာနှုန်းကျ သွားပြန်သည် ။ဤ အတိုင်းဆက်သွားလိုက်သည်မှာ သုံးနှစ်တိုင်တိုင် ကြာသွားသည် ။ လူအမြောက်အမြားကား ချေးငွေဖြင့် အစုရှယ်ယာ ဝယ်ထားကြရာ အကြွေးများ ပြန်မဆပ်နိုင် ဖြစ်ခဲ့ရသည် ။

**(ခ) စီးပွါးရေးပျက်ကပ်ကြီး ၊ ၁၉၃၁–၁၉၃၉ ။ (ဒီပရက်ရှင်း) ။**

၁၉၂၉ ၊ အမေရိကန် ဝေါလမ်းမ စျေးပြိုကွဲမှု သည် ၊ နိုင်ငံ အများ အပြားရှိ သန်းချီသော လူထုကြီး အတွက် အလုပ်လက်မဲ့ နှင့် ဆင်းရဲမွဲတေမှု ကို နှစ်ရှည် လများ ဖြစ်ပွါးခံစားရန် စတင်ခဲ့သည် ။ ဝေါလမ်းမ စျေးပြိုကွဲမှု နှင့် စီးပွါးရေးပျက်ကပ်ကြီး အပေါ် စီးပွါးရေး ပညာရှင်များက ဝေဖန်စောကြောမှု အမျိုးမျိုးရှိကြသည် ။ တချို့က စီးပွါးရေးပျက်ကပ်သည် ဝေါလမ်းမ စျေးပြိုကွဲမှု ၏ ရလဒ်ဟု ဆိုကြသည် ။ တချို့ကမူ စီးပွါးရေးပျက်ကပ်သည် ဝေါလမ်းမ စျေးပြိုကွဲမှု မတိုင်မီ ကတည်းက စတင်နေခဲ့သည်ဟုဆိုသည် ။

အောက်ပါတို့သည် ၊ စီးပွါးရေး ပျက်ကပ်ကြီးကြောင့် ကမ္ဘာ တဝှမ်းလုံးကို ထိခိုက်စေခဲ့မှု များဖြစ်သည် ။

- ကမ္ဘာ့ စတော့စျေးကွက် ပြိုလဲခဲ့သည် ။
- လူထု၏ စုဆောင်းငွေများ ဆုံးရှုံးခဲ့ရသည် ။
- လူအများ အနေဖြင့် အလုပ်လက်မဲ့များ ဖြစ်ရပြီး ၊ ပေါင်နှံယူငွေများ နှင့် ငှါးရန်းခများ ကို ပေးဆပ်ခြင်း မပြုနိုင်ခဲ့ကြ ။
- လူထုမှာ ဆင်းရဲမွဲတေခဲ့ပြီး ဝန်ဆောင်မှု ၊ ကုန်ပစ္စည်း ဝယ်လိုအား ကမ္ဘာတဝှမ်း ကျဆင်းခဲ့သည် ။
- အလုပ်ရုံများ နှင့် စီးပွါးရေး လုပ်ငန်းများ တွင် သန်းချီသော အလုပ်သမားများကို ထုတ်ပြစ်ခြင်း ရှိခဲ့သည် ။



စီးပွားရေး ပျက်ကပ်ကြီး အတောအတွင်း အမေရိကန် မိသားစု

## (ဂ) အာရှ ၊ ၁၉၉၇ – ၁၉၉၈ ။

ကလေးများက ဘန်ကောက်မြို့ဆင်းရဲသော ရပ်ကွက် တွင် ကစားနေသည်



အာရှ အကြပ်အတည်း သည် ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံမှ စတင်ဖြစ်ပွါးသည် ။ ထိုအချိန်က ထိုင်း နိုင်ငံသည် ငွေလဲနှုန်းကို မိမိငွေ ၃၅ ဘတ်အား အမေရိကန်ငွေ တစ် ဒေါ်လာဖြင့် ပုံသေ သတ်မှတ်ထားသည် ။ ရင်းနှီးမြှုတ်နှံသူများက ဘတ်ငွေတန်ဘိုး အပေါ် မယုံမကြည်ဖြစ်ပြီး ရောင်းထုတ်ကြရာမှ စသည် ။ထိုင်း အစိုးရက ဘတ်ငွေတန်ဘိုးတက်စေရန် ဒေါ်လာများကို ရောင်းချသည် ။ ထိုင်းအစိုးရက မိမိပိုင် အရန်ငွေ ဒေါ်လာ အားလုံးကို ထုတ်သုံးလိုက်သည့်အခါ ဘတ်ငွေတန်ဘိုး တဝက်ကျော် ကျသွားသည် ။ ရင်းနှီးမြှုပ်နှံသူများက အာရှ ငွေကြေးများကို ရောင်းထုတ်ပြီး ဒေါ်လာများ ဝယ်ယူ နောက်ခံထားကြသဖြင့် ထိုအကြပ်အတည်း သည် အခြား နိုင်ငံများသို့ ပြန့်ပွါးသွားသည် ။

အချို့ ကုမ္ပဏီများ (အထူးသဖြင့် အင်ဒိုနီးရှား ) ကား မိမိတို့ ငွေကြေးသည် ဒေါ်လာနှင့် ယှဉ်နိုင်အောင် ခိုင်မာသဖြင့် ဒေါ်လာငွေများကို ချေးယူထားကြသည် ။ သို့ရာတွင် ငွေကြေး ပြိုလဲသောအခါ ကုမ္ပဏီများ အနေဖြင့် ဒေါ်လာ ပေးဆပ် ရာတွင် အခက်တွေ့ရတော့သည် ။ မိမိနိုင်ငံ၏ ငွေကြေး တန်ဘိုး ယခင်ထက် အလွန်တရာ နိမ့်ဆင်းနေသောကြောင့်ဖြစ်သည် ။ဤ အကြပ်အတည်း၏ ရိုက်ခတ်မှုမှာ အလွန်ကြီးမားသည်။ ထိုင်းနိုင်ငံ ဂျီဒီပီ (စုစုပေါင်း ပြည်တွင်း ထုတ်ကုန် ) ၁၀ ရာနှုန်း ကျဆင်းပြီး သန်းနှင့်ချီ၍ အလုပ်လက်မဲ့ ဖြစ်ကြရသည်။

## (ဃ) အသေးစား အပေါင် လုပ်ငန်း အကြပ်အတည်း ၊ အမေရိကန် ၊ ၂၀၀၈–၂၀၀၉




ဘဏ်မှ ပြန်လည် သိမ်းယူ သောအိမ်များ

၂၀၀၀ ကျော် နှစ်များအတွင်း အမေရိကန် ဘဏ်များက (အရဲစွန့်ရမည့်) ပြန်ဆပ်နိုင်ခြေ နည်းသော ဖေါက်သည် ( ဝင်ငွေနည်းသူ ၊ အခြားအကြွေးရှိသူ ၊ အကြွေး မဆပ်သော ရာဇဝင်ရှိသူ) များ ကို ငွေထုတ်ချေးပေးသည် ။ ဘဏ္ဍာရေးဆိုင်ရာ အသုံးအနှုန်း အားဖြင့် ဤ အပေါင်လုပ်ငန်းကို (SUBPRIME) ဟုခေါ်သည် ။ ထိုအခါ အိမ်အရောင်းဝယ် ဈေးကွက်အတွင်း လေဘူဘောင်း (အိမ်ဈေးမြင့်တက်ခြင်း) ဖြစ်သွားသည် ။ လူများက အိမ်ဝယ်ရန် ငွေ အလုံးအခဲအလိုက် ချေးယူကြသည် ။ အတိုးနှုန်း မြင့်တက်လာသောအခါ ပြန်ဆပ်ရမည့် အပေါင်ယူငွေ ပမာဏ ကြီးမားလာသည် ။ ၂၀၀၈ တွင် အာမခံပစ္စည်း သိမ်းယူရသည့်အမှု အရေအတွက် များစွာ မြင့်တက်သွားသည် ။ ( ချေးငွေများ ပြန်မဆပ်နိုင်တော့သဖြင့် ဘဏ်က အိမ်များကို သိမ်းယူခြင်းဖြစ်သည် ) ။

## (င) ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကြပ်အတည်း ၊ ၂၀၀၈ ။

၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကြပ်အတည်း သည် အမေရိကန်တွင် စတင်သည် ။ အမေရိကန်၏ အသေးစား အပေါင် လုပ်ငန်း အကြပ်အတည်းသည် အင်္ဂလန် ၊ အိုက်စလန် စသည့် အခြား နိုင်ငံများကိုလည်း ပြဿနာဖြစ်စေသည် ။ အမေရိကန် ဘဏ်များက ထိုအပေါင် လုပ်ငန်း (စာချုပ်များ) ကို နိုင်ငံခြား ဘဏ်များသို့ ဈေးချိုချိုဖြင့် အမြောက်အမြား ရောင်းချထားသော ကြောင့်ဖြစ်သည် ။ နိုင်ငံခြား ဘဏ်များ နှင့် ရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် ငွေချေးယူသူ များသည် ပြန်ဆပ်နိုင်ခြေနည်းသည့် သူများ ( အရဲစွန့် ချေးပေးရသည့်သူများ) ဖြစ်ကြောင်း မသိကြပေ။ အိမ်သိမ်းမှုများ အများအပြားဖြစ်ပေါ်ပြီး ကမ္ဘာ့အဝှမ်းရှိ အဖွဲ့အစည်း (အင်စတီကျူးရှင်း) များသည် ပြဿနာများကို ရင်ဆိုင်လာခဲ့ရသည် ။ ဘဏ်များ နှင့် ရင်းနှီး မြှုပ်နှံသူများသည် အခြားဘဏ် နှင့် အခြားရင်းနှီးမြှုပ်နှံသူတို့ထံမှ ငွေချေးယူ၍ အပေါင် လုပ်ငန်း(စာချုပ်များ) ကို ဝယ်ခြင်းဖြစ်ရာ ၊ ရုတ်တရက် ငွေပြန်မဆပ် နိုင်ကြပေ ။ အခြားနိုင်ငံ များတွင်လည်း ထို အသေးစား အပေါင် လုပ်ငန်း အကြပ်အတည်း ဖြစ်ခဲ့သည် ။ ကမ္ဘာ တဝှမ်းလုံး ဘဏ်ပြေးမှုများ ၊ဘဏ်ပြိုကွဲမှုများ ဖြစ်ပြီး စီးပွါးရေးကျဆင်းမှု (ရီဆက်ရှင်း) များ အစပြုခဲ့သည် ။

**အတွဲလိုက်လေ့ကျင့်ခန်း**

**၁။** အထက် အကြောင်းရာများနှင့် ပါတ်သက်၍ အောက်ပါ မေးခွန်းများကိုဖြေဆိုပါ ။

**က။** အထက်အပိုဒ် (က) တွင်၊အကြပ်အတည်း အတွင်း တန်ဘိုးကျသည်မှာ မည်သည့် ပိုင်ဆိုင်ပစ္စည်း (အက်ဆက်) အမျိုးအစား ဖြစ်သနည်း။

**ခ။** စီးပွါးရေးပျက်ကပ်ကြီး (ဒီပရက်ရှင်း) သည် အမေရိကန် နိုင်ငံ တခုထည်းကိုသာ ထိခိုက်သည် ။ အမှန် – အမှား ဖြေပါ ။

**ဂ။** အာရှ အကြပ်အတည်းအတွင်း ၊ ကုမ္ပဏီများသည် ထုတ်ယူထားသော ချေးငွေဒေါ်လာများ ပြန်ဆပ်ရန် ပြဿနာ ကြုံရသည်မှာ အဘယ်ကြောင့်နည်း ။

**ဃ။** အထက်အပိုဒ် (ဃ) တွင် ဖေါ်ပြထားသည့် (အိမ်အရောင်းဝယ် ဈေးကွက်အတွင်း လေဘူဘောင်း ) ဆိုသည်ကို သင်မည်သို့ ထင်မြင်ပါသနည်း ။

**ဃ။** အမေရိကန် ၏ အသေးစား အပေါင် လုပ်ငန်း အကြပ်အတည်း သည် အခြားနိုင်ငံများတွင်လည်း ပြဿနာဖြစ်စေသည်မှာ အဘယ်ကြောင့်နည်း ။

## ဘဏ္ဍာရေး အကြပ်အတည်း ၏ ရိုက်ခတ်မှုများ

လူ့အဖွဲ့အစည်း၏ အချမ်းသာဆုံး ပုဂ္ဂိုလ်တို့သည် ဘဏ္ဍာရေးအကြပ်အတည်း၏ ဆိုးကျိုးဒဏ် မှ ကင်းလွတ်စေသော အကာအကွယ်များ ရနေကြသည်။ ထိုသူတို့တွင် ဘဏ်စုဆောင်းငွေများ ၊ ပိုင်ဆိုင်ပစ္စည်းများ ၊ လုပ်ငန်းကိုင်ငန်းများ ရှိကြပြီး အခက်အခဲ ရှိချိန်တွင် ဤ အရင်းအနှီးများကို ထုတ်သုံးနိုင်ကြသည် ။ အလုပ်သမားများကို အလုပ်ထုတ်ခြင်းဖြင့် လုပ်ငန်းများက ကိုယ့်ကိုကိုယ် ကာကွယ်ထားနိုင်ပြီး ၊ ဘဏ်များကလည်း ချေးငွေများ တောင်းဆိုရယူ၍ ကျွေးရှင်များသို့ ပြန်ဆပ်နိုင်သည် ။ အစိုးရများ ၊ လုပ်ငန်းများ ၊ တဦးချင်းများ အားလုံးသည် ဘဏ်မှငွေချေးယူရန် ၊ ဘဏ်တွင်ငွေအပ်နှံရန် နှင့် ကမ္ဘာ့ကုန်သွယ်မှု တွင်ကူညီရန် ဘဏ်တည်ရှိမှုကို လိုလားကြသည် ။ မည်သော အစိုးရကမျှ မိမိ နိုင်ငံအတွင်း ဘဏ်ပြိုကွဲမှုကို လိုလားသည်မဟုတ် ၊ ထို့ကြောင့် လူထုဆောင်ထားသော အခွန်ငွေများဖြင့် ဘဏ်နှင့် ဘဏ်ပိုင်ရှင်များကို ငွေတလုံးတခဲ ထုတ်ချေး (အကြပ်တည်းမှကယ်တင်) တတ်ကြသည် ။

ဤသည်မှာ မကြေနပ်မှုများဖြစ်စေသည် ။ ဘဏ်များသာ အကူအညီရပြီး ဘာကြောင့် မိမိတို့ မရသနည်း ဟု အိမ်မဲ့ယာမဲ့သူများအနေဖြင့် မေးစရာဖြစ်သည် ။ အလုပ်လက်မဲ့များက အစိုးရထံမှ အစားအသောက် ၊ အိမ်ငှါး ၊ ပေါင်နှံချေးငှါးမှု အကူညီများရလိုသည် ။ ဘဏ္ဍာရေး ပြဿနာ နှင့်အတူ နိုင်ငံများတွင် ဆန္ဒပြခြင်းများ ၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်လေ့ရှိသည် ။

ထိုအပြင် ကြီးမားသော လူမှု ပြဿနာများ လည်းရှိသည် ။ နိုင်ငံတခု၏ အကြပ်အတည်းသည် အခြားနိုင်ငံများကို ပြဿနာများ ဖန်တည်းတတ်သည် ။ ကမ္ဘာလုံးဖြန့်ကျက်သော စီးပွါးရေး စနစ် အရ အမှီအခိုကင်းသောနိုင်ငံ ဟူ၍ မရှိပေ။ အားလုံးသော နိုင်ငံများသည် ကုန်သွယ်ရေး ၊ ဘဏ်လုပ်ငန်း ၊ ခရီးသွားလုပ်ငန်း ၊ ဘဏ္ဍာရေး အကူအညီ တို့ကို အချိန်အခါအလိုက် အသီးသီး အပြန်အလှန် လိုအပ်လျက်ရှိသည် ။ ဤကြောင့်လည်း ၁၉၃၀ ကျော် စီးပွါးပျက်ကပ်ကြီး တွင် ပြဿနာ တခုဖြစ်ခဲ့ပြီး ယခုတိုင်ပင်လျင် ပို၍ ပြဿနာရှိဆဲဖြစ်သည် ။ အောက်ပါတို့သည် နမူနာ အချို့ဖြစ်သည် ။

- ♦ အမေရိကန်သည် တရုတ်နိုင်ငံ ၏ အကြီးဆုံး ဖေါက်သည်ဖြစ်သည် ။ အမေရိကန်က တရုတ် ကုန်ပစ္စည်း ဝယ်ယူမှု ရပ်ဆိုင်းလျင် အလုပ်ရုံများတွင် အလုပ်သမား အနည်းငယ်သာ လိုအပ်တော့မည်ဖြစ်ပြီး ၊ လုပ်သမားများ ဖြုတ်ခံရမည်ဖြစ်သည် ။
- ♦ ထိုင်းနိုင်ငံတွင် ခရီးသွားလုပ်ငန်း ကြီးမားသည် ၊ နိုင်ငံခြားခရီးသွား တနှစ်တွင် ၁၃ သန်းရှိသည် ။အကယ်၍ လူတို့တွင် သုံးဖြုန်းရန် ငွေမတတ်နိုင်ကြပါက ရက်အနည်းငယ်သာ ထိုင်းကဲ့သို့ နိုင်ငံများတွင် အပန်းဖြေ နိုင်ပေမည် ။
- ♦ မြန်မာ ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ ၊ မလေးရှား နိုင်ငံ နှင့် စင်္ကာပူနိုင်ငံ တို့တွင် အမြောက်အမြားရှိသည် ။ ထိုအလုပ်သမားများသည် အလုပ်ရုံများမှ အလုပ်ထုတ်ခံရခြင်း နှင့် အစိုးရ၏ ဒေသခံ လူများကိုသာ အလုပ်ခန့်မည်ဆိုသည့် ပြဿနာများ ရင်ဆိုင်နေရသည် ။ အကယ်၍ မြန်မာငွေ (ကျပ်) တန်ဘိုး မြင့်တက်လာလျင် မြန်မာငွေနှင့် လဲသောအခါ အလုပ်သမားများ၏ လုပ်ခမှာ လျော့ နည်းသွားပေမည် ။ မြန်မာငွေ တန်ဘိုးခိုင်မာနေလျင် ဖေါက်သည်များက မြန်မာကုန်ပစ္စည်းကို ဈေးကြီး ပေးဝယ်ရမည် ၊ ထိုအခါ ဈေးချိုသော ကုန်ပစ္စည်းကို အခြားနိုင်ငံများတွင် ရှာဖွေပေတော့မည် ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၁။** အထက်အကြောင်းရာ နှင့် ပါတ်သက်၍ အောက်ပါမေးခွန်းများကိုဖြေပါ ။

**က။** ဘဏ္ဍာရေး အကြပ်အတည်းတွင် မည်သူတို့က ခံစားရဆုံး ဖြစ်သနည်း ။

**ခ။** ဘဏ်များကို အစိုးရက အလုံးအခဲလိုက် ငွေထုတ်ချေး (အကြပ်တည်းမှကယ်တင်) ခြင်း၏ ကောင်းကျိုး နှင့် ဆိုးကျိုးကိုဖေါ်ပြပါ ။

**ဂ။** အတိတ်ကာလ ထက် ယခုကာလတွင် ဘဏ္ဍာရေး အကြပ်အတည်း ပိုဆိုးဝါးလာသည်မှာ အဘယ်ကြောင့်နည်း ။

**အဖွဲ့လိုက်လေ့ကျင့်ခန်း**

**၂။** အောက်ပါစာကြောင်းများကိုဖတ်ပြီး ၊ မည်သည့် ဘဏ္ဍာရေး အကြပ်အတည်း အမျိုးအစားက ပါတ်သက်နေသော လူတို့ကို ထိခိုက်နိုင်သနည်း ။ မည်သို့ထိခိုက်သနည်း ။

**ဂ။** ‘ ဂီလီ ’ နှင့် ‘ကလိုက်’ တို့ အင်္ဂလန်တွင် ဖိနပ်ဆိုင် တခုကို ပိုင်သည် ။ အိမ်ငယ်တခုကိုလည်း ပိုင်သည် ။သူတို့သည် ထိုအိမ်ကို ရောင်း၍ စပိန်တွင် အိမ်တလုံး ဝယ်လိုကြသည် ။ ဆိုင်မှာ ဝင်ငွေ သိပ်မများသော်လည်း လစဉ် (ဘဏ်တွင်) ငွေစုကြသည် ။

**ခ။** မောင်မောင်အေးသည် လွန်ခဲ့သောတနှစ်က မန္တလေးတွင် ဟော်တယ် တခုဖွင့်ခဲ့သည် ။ ပထမနှစ်တွင် ရှုံးသည် ၊ သို့သော် ဒုတိယ နှစ်တွင် အမြတ်ငွေရနိုင်မည်ဟု မျှော်လင့်ထားသည် ။

**ဃ။** ဒေါ်ရီရီသည် ၄၈ နှစ်ရှိပြီ ။ သူသည် ရန်ကုန်မြို့လယ်တွင် ဒီဗွီဒီ ဆိုင်တခုဖွင့်ထားသည် ။ နေထိုင်ရေးတွက် ဝင်ငွေ လုံလောက်သည် ၊ အပိုအလျှံတော့ မရှိပါ ။ သူ့ သမီးက ထိုင်းနိုင်ငံ အထည်စက်ရုံ တခုတွင် အလုပ်လုပ်သည် ။ သမီးက အမေ့ထံ လစဉ် ငွေပို့ နိုင်သည် ။

# ပြန်လှန်သုံးသပ်ခြင်း

အောက်ပါ လေ့ကျင့်ခန်းများသည် ဤသင်ခန်းစာ ၏ အဓိကခေါင်းစဉ်များ ကိုပြန်လှန်သုံးသပ်ရာတွင် အကူညီရပါလိမ့်မည် ။စာအုပ်ကို ပြန်မကြည့်ပဲနှင့် မည်မျှ လုပ်ဆောင်နိုင်ပါသနည်း ။

**၁။** သင့်စိတ်ကြိုက်ပစ္စည်းများ၏ စီးပွားရေး မြေပုံတခုကို ဆွဲပါ ။ ထုတ်လုပ်မှု ၊ ဖြန့်ချိမှု ၊ စားသုံးမှု တို့ကိုဖေါ်ပြပါ ။

**၂။** အမှန် သို့မဟုတ် အမှား သတ်မှတ်ပါ။

**က။** စီးပွားရေးသည် လူတို့၏လိုအပ်မှုနှင့် အလိုရှိမှုအကြောင်းဖြစ်သည်။

**ခ။** လုံခြုံရေးဆိုသည်မှာ သင့်လျော်သော အရင်းအမြစ်၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု တို့များပြားလာသောအခါ ဖြစ်ပေါ်လာရသည်။

**ဂ။** ကုန်ထုတ်လုပ်မှုအပိုင်း (၃) ခုရှိသည်။ အရင်းအနှီး၊ အလုပ်သမား၊ စီးပွားရေးလုပ်ငန်း တို့ဖြစ်သည်။

**ဃ။** လူတစ်ဦးခြင်း၏ ဂျီဒီပီသည် တိုင်းပြည်တစ်ခုတွင် လူနေမှုအဆင့်အတန်းကို တိုင်းထွာသည့် အလွန်တိကျသော စီးပွားရေးစမ်းသပ်နည်းဖြစ်သည်။

**င။** အချိုးကျအခွန်စနစ်။ လူတိုင်းမိမိဝင်ငွေ၏ တူညီသော ရာနှုန်းကို အခွန်ပေးဆောင်ရခြင်း။

**စ။** ငွေတန်ဖိုးအလွန်အကျံဖောင်းပွခြင်းသည် ကုန်ဈေးနှုန်းအလျင်အမြန် လျော့ကျခြင်းတွင်ဖြစ်သည်။

**ဆ။** လွတ်လပ်စွာကုန်သွယ်ရေးတွင် နိုင်ငံများသည် သွင်းကုန်ပေါ် အခွန်စည်းကျပ်မှုနှင့် အမတော်ကြေးပေးမှုစနစ်ကို များစွာအသုံးပြုသည်။

**ဇ။** စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် ကမ္ဘာ့စီးပွားရေးကို ညီညွတ်စွာ ပေါင်းစည်းခြင်းဖြစ်သည်။

**၃။** ပေးထားသော စကားလုံးတို့ကို သုံး၍ အောက်တွင်ရှိ ကွက်လပ်များကို ဖြည့်ပါ။

Labour rights = အလုပ်သမားအခွင့်အရေး inflation = ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေတန်ဘိုးဖေါင်းပွခြင်း demand = သုံးစွဲလိုအား money = ငွေ globalisation = ဂလိုဘယ်လိုက်ဇေးရှင်း subsidy = အမတော်ကြေး trade deficit = ကုန်သွယ်မှုလျော့နည်းခြင်း barter = ကုန်ချင်းဖလှယ်စနစ် labour union = အလုပ်သမားသမဂ္ဂ tools = တန်ဆာပလာ consumption = စားသုံးမှု supply = ဖြည့်ဆည်းအား

**က။** --------------သည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုရယူလိုသည့် လူဦးရေအပြင်၊ ရယူလိုသည့် အရေအတွက်ဖြစ်သည်။ ---------------- သည် ရနိုင်သော ကုန်ပစ္စည်းအရေအတွက်ဖြစ်သည်။

**ခ။** ------------------------သည် အလုပ်သမားများအနေဖြင့် ------------------------------နှင့် လုပ်ငန်းခွင်သာယာရေးကို ရယူရန်၊ ကြီးထွားရန်၊ ကာကွယ်ရန် အတူလက်တွဲထားသည့် အုပ်စုဖြစ်သည်။

**ဂ။** -------------------ဆိုသည်မှာ တိုင်းပြည်တစ်ခုတွင် ပြည်ပသို့ ပို့ကုန်ထက် သွင်းကုန်က ပိုများခြင်းဖြစ်သည်။

**ဃ။** ------------------------တွင် ကုန်ပစ္စည်းများကို အပြန်အလှန် တိုက်ရိုက်ဖလှယ်ခြင်းဖြစ်သည်။ -------------ကို အသုံးပြုခြင်းမရှိ။

**င။** အရင်းအနှီးသည် ငွေဖြစ်ပြီး ကုန်ထုတ်လုပ်မှုအတွက် ------------- ဖြစ်သည်။

**၄။** စာလုံးရေ ၂၀၀ ခန့်ပါသော စာစီစာကုံး တစ်ပုဒ်ရေးပါ။

အောက်ပါခေါင်းစဉ်များမှ စိတ်ကြိုက်တစ်ခုရွေးနိုင်ပါသည်။

**က။** ရေနံသည် ကမ္ဘာ့အရေးကြီးဆုံး စားသုံးကုန်ဖြစ်သည်။

**ခ။** ငွေသည် ကုန်ဖလှယ်စနစ်ထက် သာလွန်သည်။

**ဂ။** ဂလိုဘယ်လိုက်ဇေးရှင်းသည် ဆင်းရဲသော တိုင်းပြည်များအတွက် ဆိုးဝါးသည်။

**ဃ။** လွတ်လပ်စွာကုန်သွယ်ရေး သို့မဟုတ် တရားမျှတသောကုန်သွယ်ရေး ။

**င။** ငွေကြေးအကြပ်အတည်းသည် အစိုးရက ပြုလုပ်သည်။